# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ ခုနှစ် ၊ နယုန်လဆန်း (၁၄) ရက် ၊ ကြာသပတေးနေ့ ၊ (20-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကျင်းပ



**နေပြည်တော် ဇွန် ၁၉**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာနၳ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။**

ဆန်သိုလှောင်ရုံများနှင့် ဆန်ဆိုင်များ၊ဆေးသိုလှောင်ရုံများနှင့်ဆေးဆိုင်များကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်းနှင့် ဖြန့်ဖြူးခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းများမရှိစေရေး ပူးပေါင်းအဖွဲ့များဖြင့် အပတ်စဉ်ကွင်းဆင်းစစ်ဆေးလျက်ရှိ စာမျက်နှာ - ၁၆

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ရရှိခဲ့ စာမျက်နှာ - ၃

ဧရာဝတီမြစ်အတွင်း ပထမမြစ်ကျဉ်းတွင် ဇွန်လ ဒုတိယပတ်မှစ၍ ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ သတိပြုသွားလာရန်လို စာမျက်နှာ - ၂




ရတနာပုံ
၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက်
အယ်ဒီတာ့အာဘော်

# စာဖတ်ခြင်းအလေ့အကျင့်ကောင်းကို မွေးမြူ

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတည်ဆောက်ရေးတွင် နိုင်ငံသူ၊ နိုင်ငံသားများ၏ အသိပညာနှင့်တွေးခေါ်မြော်မြင်နိုင်စွမ်းမြင့်မားစေရန် အလွန်အရေးကြီးလှပါသည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘက်စုံပညာရေးစနစ်နှင့် စာမတတ်သူပပျောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် ခေတ်စနစ်နှင့်အညီ တွေးခေါ်မြော်မြင်မှုများတိုးတက်လာစေရန် စာအုပ်စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းကို မွေးမြူကြရမည်ဖြစ်သည်။

ခေတ်အဆက်ဆက်တွင်လည်း စာတတ်သူနှင့်စာဖတ်သူများသာ ဘဝကိုအဆင့်အတန်းမြင့်မြင့်ဖြတ်သန်းကြရစမြဲဖြစ်သည်။ စာတတ်မြောက်မှုနှင့်စာပေဖတ်ရှုမှုအကျိုးသည် တစ်ဦးချင်းအကျိုးရှိရုံသာမက စာပေကိုတန်ဖိုးထားသော လူမျိုးများရှိရာ တိုင်းပြည်သည်လည်း ကမ္ဘာ့အလယ်တွင် တိုးတက်မှုအမြင့်ဆုံးရောက်ရှိမည်ဖြစ်သည်။ ထို့ကြောင့် စာအုပ်စာပေများသည် လူ့မိတ်ဆွေများအဖြစ် လူအများကအသိအမှတ်ပြုကြခြင်းဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူလူငယ်မောင်မယ်များသည် ကျောင်းစာကိုသင်ယူရုံသာမက အားလပ်သည့်အချိန်များတွင် ပြင်ပဗဟုသုတရရှိစေနိုင်သည့် စာအုပ်စာပေများကိုပါ အချိန်ပေး၍ဖတ်ရှုသင့်ပေသည်။ များသောအားဖြင့် ယနေ့ခေတ်လူငယ်မောင်မယ်များသည် လူမှုကွန်ရက်အသုံးပြုမှုများကာ စာဖတ်ခြင်းတွင်အားနည်းလာကြသည်။ ထို့ကြောင့် ဘဝတိုးတက်ရေးအတွက် စာဖတ်ခြင်းကို အလေ့အကျင့်ကောင်းတစ်ခုအဖြစ် မွေးမြူကြရမည်ဖြစ်သည်။ သို့မှသာ သုတ၊ ရသစာပေအထွေထွေတို့၏ကျေးဇူးကြောင့် လူငယ်မောင်မယ်များတွင် အတွေးအမြင်ဗဟုသုတကြွယ်ဝလာသကဲ့သို့ ကိုယ်ချင်းစာစိတ်ဖြင့် နှလုံးလှသူများလည်းဖြစ်ပေမည်။ ထိုမျှမက လူ့အဖွဲ့အစည်းကိုအကျိုးပြုသည့် ဉာဏဗလနှင့်ပြည့်စုံထူးချွန်သူ နိုင်ငံ့သည်းချာရတနာများဖြစ်လာပေမည်။

စာတတ်သူ၊ စာဖတ်သူများသည် မိမိဘဝနှင့်မိသားစု၊ မိမိလူမျိုးနှင့်နိုင်ငံတော်ကို ချမ်းသာကြွယ်ဝအဆင့်မြင့်မားစေရန်၊ တိုးတက်ကြီးပွားစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပေသည်။ အခြေခံပညာအဆင့် လူငယ်မောင်မယ်များက အစပြု၍ စာဖတ်ခြင်းအလေ့အကျင့်ကို အချိန်ရွှေ့လျားမှု၊ ခေတ်ပေါ်ဖျော်ဖြေမှုများနှင့် လူမှုကွန်ရက်များကြောင့် ပျောက်ကွယ်ခြင်းမရှိစေရန် စာဖတ်ဝါသနာထုံမွမ်းပြီး ရေရှည်တည်တံ့ရှင်သန်စေရန် မိဘအုပ်ထိန်းသူများက စံနမူနာပြထိန်းကျောင်းကြပ်မတ်ပေးသင့်ပါသည်။

စာပေဖတ်ရှုခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက် များစွာအထောက်အပံ့ဖြစ်စေနိုင်ပြီး မိမိ၏မိသားစုနှင့်ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့်လမ်းကြောင်းမှန်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့ကိုယ်တိုင် အသိပညာဗဟုသုတရရှိစေရေး စာပေဖတ်မှတ်ခြင်းကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ သားသမီးများကိုလည်း ပညာရေးကိုအားပေးရန်၊ စာပေဖတ်မှတ်သည့် အလေ့အကျင့်ကောင်းများကို မွေးမြူပေးရန်လိုသည်။ စာပေဖတ်ရှုရာတွင်လည်း စာကောင်းပေမွန်များကို ရွေးချယ်ဖတ်ရှုစေပြီး အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် ယဉ်ကျေးသိမ်မွေ့သောအနာဂတ်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ "ရေအသက်တစ်မနက်၊ ထမင်းအသက် ခုနစ်ရက်၊ ပညာအသက် ဘဝတစ်သက်"ဖြစ်ပြီး စာပေနှင့် အသိပညာမရှိပါက ဘဝတစ်လျှောက်လုံးတွင် အခက်အခဲများနှင့် ကြုံတွေ့နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိဘအုပ်ထိန်းသူများက မိမိတို့ကိုယ်တိုင် စာပေဖတ်ခြင်းအလေ့အကျင့်ကို ဆောင်ရွက်ရုံသာမက သားသမီးများကိုလည်း အသိပညာပြည့်ဝရင့်ကျက်သူများဖြစ်လာစေရန် စာပေဖတ်ခြင်းအလေ့အကျင့်ကောင်းများရရှိအောင် မွေးမြူဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဧရာဝတီမြစ်အတွင်း ပထမမြစ်ကျဉ်းတွင် ဇွန်လ ဒုတိယပတ်မှစ၍ ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များသတိပြုသွားလာရန်လို



**မန္တလေး ဇွန် ၁၉**

ဧရာဝတီမြစ်အတွင်း ပထမမြစ်ကျဉ်းတွင် ဇွန်လ ဒုတိယပတ်မှစ၍ ရေဝဲများဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များသတိပြုသွားလာရန်လိုကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

လက်ရှိတွင် ဧရာဝတီမြစ်အတွင်း ရေများချိန်ကာလဖြစ်သည့်အတွက် မန္တလေးဆိပ်ကမ်းများမှ ခရီးသည်တင် ရေယာဉ်များအပါအဝင် ကုန်တင်ရေယာဉ်များအနေဖြင့် မန္တလေးမှ ဗန်းမော်ဘက်သို့ သွားလာရာတွင် ပထမမြစ်ကျဉ်းဖြစ်သည့် ဆင်ဘိုမှ မြစ်ကြီးနားအတွင်း ဇွန်လဒုတိယပတ်မှစ၍ ရေဝဲများ ဖြစ်ပေါ်နေခြင်းကြောင့် ရေယာဉ်များ သတိပြုသွားလာရန် လိုအပ်ကြောင်း သိရသည်။

"ဧရာဝတီမြစ်ရေ များချိန်ကာလဖြစ်တာကြောင့် ပထမမြစ်ကျဉ်းမှာ ရေဝဲတွေဖြစ်ပေါ်နေတယ်။ ဒီရေဝဲနေရာမှာ ရေယာဉ်တွေဝင်မိရင် တော်တော်လေးအန္တရာယ်များနိုင်တယ်။ ရေဝဲက အရွယ်အစားကြီးနေရင် ရေယာဉ်တွေပါနစ်မြုပ်သွားတဲ့ထိ အန္တရာယ်ရှိနိုင်လို့ ရေယာဉ်တွေအားလုံး ဂရုစိုက်သွားလာကြဖို့လိုပါတယ်"ဟု ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းက ပြောပြသည်။

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက် မန္တလေးဆိပ်ကမ်းများမှ ဗန်းမော်ဘက်သို့သွားလာကြမည့် ရေယာဉ်များအနေဖြင့် အန္တရာယ်တစ်စုံတစ်ရာမရှိစေရေး လမ်းညွှန်ပြသပေးထားသည့် ရေလမ်းညွှန်အမှတ်အသားများကို ဂရုပြုသွားလာကြရန် လိုအပ်ကြောင်း သိရသည်။

"ရေများကာလမှာ ရေလမ်းကြောင်းတွေအတွင်း ရေစီးသန်တာနဲ့ ဝဲလှည့်တာတွေဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် ရေအနက်မလုံလောက်တဲ့ ရေမြွာပေါက်ဖြတ်လမ်းတွေကို အသုံးပြုခုတ်မောင်းတာတွေ မပြုလုပ်ကြဖို့လိုပါတယ်။ ပြီးတော့ မိမိတို့ရေယာဉ်ရဲ့စက်အားနဲ့ရေစီးနှုန်းကိုချင့်ချိန်ပြီး သတ်မှတ်ရေလမ်းအတိုင်း သတိပြုခုတ်မောင်းကြဖို့လိုပါတယ်"ဟု ဦးရဲထွန်းလင်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးမြို့ စည်ပင်နယ်နိမိတ်အတွင်း Mobile ယာဉ်ဖြင့် ထီလှည့်လည်ရောင်းချသည့်လုပ်ငန်းရှင်များ လာရောက်လျှောက်ထားနိုင်

**မန္တလေး ဇွန် ၁၉**

မန္တလေးမြို့ စည်ပင်နယ်နိမိတ်အတွင်း Mobile ယာဉ်ဖြင့် ထီလှည့်လည်ရောင်းချသည့်လုပ်ငန်းရှင်များအနေဖြင့် လာရောက်လျှောက်ထားနိုင်ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ ခြောက်မြို့နယ်ဖြစ်သည့် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်အတွင်း Mobile ယာဉ်များဖြင့် ထီလှည့်လည်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် ထီရောင်းချခွင့်ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနသို့ လာရောက်လျှောက်ထားနိုင်ကြောင်း သိရသည်။

"မန္တလေးမြို့စည်ပင်နယ်နိမိတ်ထဲမှာ Light Truck ကားတွေအပြင် အခြားခွေးဘီလူးကားတွေနဲ့ပါ ထီလှည့်လည်ရောင်းချတဲ့ လုပ်ငန်းရှင်တွေရှိရင် ခွင့်ပြုပေးသွားမှာပါ။ ထီလှည့်လည်ရောင်းချမဲ့ ကားတွေအနေနဲ့ လျှောက်လွှာလာတင်တဲ့အခါ မိမိတို့သွားရောက်ရောင်းချမဲ့ နေရာလေးနေရာလောက်ထိ တင်လို့ရပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့ စည်ပင်နယ်နိမိတ်အတွင်း ထီရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့ရောင်းချသည့်နေရာများထဲတွင် ယာဉ်ကြောပိတ်ဆို့ရှုပ်ထွေးမှုဖြစ်ပေါ်လာနိုင်သည့် နေရာများကို ခွင့်ပြုပေးသွားမည်မဟုတ်ကြောင်း၊ ထီရောင်းချရန် လျှောက်ထားသည့် လုပ်ငန်းရှင်များအနေဖြင့် ထီရောင်းချခွင့်ရရှိပါက သတ်မှတ်စည်းကမ်းချက်များအတိုင်းလိုက်နာကြရမည်ဖြစ်ကြောင်း သိရသည်။

"တကယ်လို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ထီရောင်းချဖို့ ခွင့်မပြုထားတဲ့နေရာတွေမှာ ထီလှည့်လည်ရောင်းချနေတာတွေကို တွေ့ရှိရင်လဲ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေလုပ်ဆောင်သွားမှာပါ။ ဒါ့ပြင် သတ်မှတ်စည်းကမ်းဖောက်ဖျက်တဲ့ ထီသည်တွေကိုလဲ ဒဏ်ရိုက်အရေးယူမှုတွေလုပ်ဆောင်သွားမှာပါ"ဟု ၎င်းက ဆက်လက်ပြောပြသည်။

(၁၈၄)

# မန္တလေးဈေးကွက်အတွင်း ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး ဇွန် ၁၉**

ပဲခွဲစက်များနှင့် ပြည်တွင်းသို့ လှောင်သူများက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်အတွင်း ကုလားပဲများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ဇွန်လ ဒုတိယပတ်တွင် ကုလားပဲဖြူလုံးကြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀ မှ ၂၅၀၀၀ ကျော်ထိ ရရှိကြောင်း သိရသည်။

"ကုလားပဲကို အဓိကကတော့ ပြည်တွင်းစားသုံးဖို့အတွက်ပဲ သုံးကြတာများတယ်။ ဒါပေမဲ့ နယ်တွေက ဒီနှစ်မှာ စိုက်ပျိုးမှုနည်းတဲ့အတွက် အဝင်နည်းပါတယ်။ အဲဒီအခါ ရောင်းချမှုထက် ဝယ်ယူမှုက များလာတဲ့အတွက် အရောင်းအဝယ်ကောင်းလာပါတယ်။ ဒီလိုကောင်းလာတဲ့အတွက် စိုက်ပျိုးသူတောင်သူတွေလဲ အဆင်ပြေပါတယ်"ဟု ပဲကုန်သည် ဦးထိန်လင်းက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် အတန်းလိုက်စနစ်နှင့် ကြဲပက်စနစ်ဖြင့်စိုက်ပျိုးကြပြီး နှစ်စဉ် အောက်တိုဘာလမှ နိုဝင်ဘာလထိ စိုက်ပျိုးကြကြောင်း သိရသည်။

"ကုလားပဲက ဒီနှစ်မှာ ကျွန်တော်တို့ဘက်က အစိုက်နည်းတယ်။ အခြားပြည်ပပို့ကုန်ပဲအမျိုးအစားတွေကိုပဲ စိုက်ကြတာများတယ်။ ဒါပြင့် ရာသီဥတုကြောင့်လဲ အထွက်နည်းတယ်"ဟု မြစ်သားမြို့နယ်ဒေသခံ ကုလားပဲစိုက်တောင်သူ ဦးကျန်ဝေက ပြောပြသည်။

ကုလားပဲစိုက်ပျိုးရာတွင် ရေဆင်း(၃)၊ (၆)၊ (၈)၊ (၁၁)၊ (၁၂) စသည့်မျိုးများကို မျိုးစေ့ထုတ်တောင်သူများထံမှ ဝယ်ယူစိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် အတန်းလိုက်စနစ်ဖြင့်အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ (၀၄၉)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ကျောက်တိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တံတားဦး ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန်ရည်ရွယ်၍ ကျောက်တိုင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်း၊ တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုနှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောက်တိုင်ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၄၀၀ ရှိ တွင်းနက်တူးဖော်ခြင်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်းနှင့် အရှည် ပေ ၁၅၀၀ ရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၁၈ ဒသမ ၉၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ ကျေးလက်နေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ချောယဉ်စုထံမှ သိရသည်။

**အောင်ရဲကျော်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဒေါ်ခင်ဆွေရီ(ရွှေသွေးပိုက်ဆိုင်)မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့် မေလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ရရှိခဲ့



**ရန်ကုန် ဇွန် ၁၉**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်း ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၈၀၀၀၀ ကျော် တင်ပို့ခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ရရှိခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၏ သတင်းများအရ သိရသည်။

မြန်မာနိုင်ငံမှ ဆန်နှင့် ဆန်ကွဲများကို ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ လစဉ်တင်ပို့ရောင်းချပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလနှင့်မေလအတွင်းတွင် ဆန်နှင့် ဆန်ကွဲ တန်ချိန် ၁၈၃၅၉၁ တန်ကျော် တင်ပို့ရောင်းချခဲ့ရသဖြင့် အမေရိကန်ဒေါ်လာ ၉၁ သန်းကျော် ရရှိခဲ့ကြောင်း သိရသည်။

ထိုသို့ တင်ပို့ရောင်းချရာတွင် ဧပြီလက အမေရိကန်ဒေါ်လာ ၅၅ သန်းကျော်တန်ဖိုးရှိ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၁၁၁၈၆၂ တန်နှင့် မေလက အမေရိကန်ဒေါ်လာ ၃၆ သန်းကျော်တန်ဖိုးရှိ ဆန်နှင့် ဆန်ကွဲ တန်ချိန် ၇၁၇၂၉ တန်ကျော် တင်ပို့ရောင်းချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကဏ္ဍ၌ ဆန်နှင့် ဆန်ကွဲသည် အားထားရသည့် ပြည်ပပို့ကုန်တစ်ခုဖြစ်ပြီး နိုင်ငံတကာဆန်ဈေးကွက်များတွင် မြန်မာ့ဆန်ဈေးနှုန်းများမှာလည်း တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ ခန့် ဈေးရရှိနေကြောင်း သိရသည်။

ထို့ကြောင့် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲများ ပိုမိုတင်ပို့နိုင်ရေးအတွက် ပြည်ပဈေးကွက်များမှ တောင်းဆိုထားသည့် ဆန်စပါးအမျိုးအစားများကို ပိုမိုထုတ်လုပ်ရန် ပြည်နယ်နှင့် တိုင်းဒေသကြီးသုံးခုတွင် ဆန်စပါး Export Zone များကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါ Export Zone များကို ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။ (၃၃၆)

# သာစည်မြို့နယ် သုံးပတ်လည်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက သုံးပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၂ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သုံးပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၉ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၁၁ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၁ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၁ ဦးကို ရန်ပုံငွေကျပ် ၅၂ ဒသမ ၂ သန်းထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၇၃၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ရမည်းသင်း ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၇၃၀၀ ကျော်ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၆၅၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလနောက်ဆုံးပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ နှမ်းဧက ၇၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ဧကများကိုလည်း ဆက်လက်စိုက်ပျိုးနေကြောင်း သိရသည်။

"ရမည်းသင်းမြို့နယ်မှာ ဒီနှစ် နှမ်းဧက ၁၆၅၅၀ စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ နှမ်းဧက ၇၃၀၀ ကျော်စိုက်ပျိုးပြီးနေပါပြီ။ နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့အတွက် ဆောင်ရွက်နေပါတယ်။ နှမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ အခုလိုမျိုး ဆီထွက်သီးနှံတွေ စိုက်ပျိုးနိုင်တာကြောင့် ပြည်တွင်းဆီစားသုံးမှုကိုလဲ တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်စေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည်ထိ အရည်အသွေးကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သော စပါး ၂၂၇၉၉၈ ဧက ရိတ်သိမ်းပြီးစီး



**ပုသိမ် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာက စိုက်ပျိုခဲ့သော စပါး ၂၂၇၉၉၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ပုသိမ်ခရိုင်၌ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီက စပါး ၂၂၇ ၉၉၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နွေစပါးစိုက်ခင်းများကို မတ်လ ဒုတိယပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စိုက်ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ ရိတ်သိမ်းခဲ့သည့် စပါးတစ်ဧကလျှင် ၁၀၇ ဒသမ ၀၅၉ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"နွေစပါးတွေကို ပုသိမ်ခရိုင်မှာ ဧက ၂၂၇၀၀၀ ကျော်ထိစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ နွေစပါးတွေ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ် နွေစပါးတွေ အခက်အခဲမရှိစိုက်ပျိုးနိုင်ဖို့အတွက် စပါးမစိုက်ခင်အချိန်ကနေ လက်ရှိအချိန်ထိ တောင်သူတွေနဲ့ ဌာနပေါင်းစပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် သီးနှံများအားလုံးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ သီးနှံများအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းသီးနှံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးအတွက် အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် ငွေသောင်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**စလင်း ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယခုဘဏ္ဍာနှစ်တွင် သနပ်ကုန်းကျေးရွာအုပ်စု ငွေသောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)သည် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရွေးချယ်ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ကျေးရွာလူထုကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ခြင်းများ ဆောင်ရွက်ရသော စီမံကိန်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံ ဒေါ်သင်းမြတ်ကြူက ကျေးရွာကော်မတီဝင်ရွေးချယ်ရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းရွေးချယ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသော ကျေးရွာသူ၊ ကျေးရွာသားများ၏သဘောဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ငွေသောင်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။ **သန်းသန်းစိုး**

# ညီညာတက်ကြွ ဖော်ဆောင်ကြစို့

- တိုင်းချစ်ပြည်ချစ်
  မျိုးဆက်သစ်
  ရင်းမြစ်ရင်သွေး
  ပေါ်ထွန်းရေး။

- ရည်သွေးနှံ့စပ်
  ပညာတတ်
  မပြတ်မွေးမြူ
  လှံ့လထူ။

- ကုန်ထုတ်ဇောင်းပေး
  ပညာရေး
  သက်မွေးပညာ
  ဖွံ့ဖြိုးရာ။

- ရည်သွေးစံပြ
  အာစရိယ
  ပြည့်ဝမြင့်တင်
  ထာဝစဉ်။

- ဆန်းသစ်တီထွင်
  လုပ်ငန်းခွင်
  အစဉ်လုံ့လ
  သုတေသန။

- ရည်သွေးစစ်မှန်
  အာမခံ
  ရှင်သန်အားမွေး
  ပညာရေး။

- ပညာညီလာ
  ရည်ရွယ်ရာ
  ညီညာတက်ကြွ
  ဖော်ဆောင်ကြစို့။ ။

**ကျော်စောဟန်**

(ပညာရေးညီလာခံကိုကြိုဆိုလျက် ရည်ရွယ်ချက်(၆)ရပ်ကို ဖော်ကျူးဖွဲ့ဆိုပါသည်)

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➢ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➢ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# တာဝေးပစ်လက်နက်များဖြန့်ကြက်ရန် မိတ်ဖက်နိုင်ငံများနှင့် ရုရှားဆွေးနွေးနေ

မော်စကို ဇွန် ၁၉

တာဝေးပစ် လက်နက်များ ဖြန့်ကြက်ရေးကိစ္စနှင့်ပတ်သက်၍ အရင်းနှီးဆုံးမိတ်ဖက်များနှင့် ရုရှားနိုင်ငံက ဆွေးနွေးနေပြီဖြစ်ကြောင်း ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တာဝေးပစ် လက်နက်များ ဖြန့်ကြက်ရေးအတွက် ရုရှားနိုင်ငံက အရင်းနှီးဆုံး မဟာမိတ်များနှင့် ဆွေးနွေးနေမှုကို ရုရှားနိုင်ငံဒုတိယ နိုင်ငံခြားရေးဝန်ကြီးဆာဂေးယက်ဘ်ကော့ဗ်က အတည်ပြုပြောကြားထားခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားနိုင်ငံအနေဖြင့် တာဝေးပစ်လက်နက်များဖြန့်ကြက်ရေးကိစ္စနှင့်ပတ်သက်ပြီး အာရှနှင့်လက်တင်အမေရိကနိုင်ငံများမှ အရင်းနှီးဆုံး မိတ်ဖက်များနှင့် ဆွေးနွေးနေကြောင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးယက်ဘ်ကော့ဗ်က ပြည်တွင်းမီဒီယာများနှင့် ပြုလုပ်ခဲ့သော တွေ့ဆုံမေးမြန်းခန်း တစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

သို့သော် တာဝေးပစ်လက်နက်များဖြန့်ကြက်ရေးအတွက် မည်သည့်နိုင်ငံများနှင့် ဆွေးနွေးနေသည်ကို ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ကြောင်း သိရသည်။

ရုရှားအတွင်းပိုင်း စစ်ရေးပစ်မှတ်များကို တိုက်ခိုက်ရာတွင် ယူကရိန်းကို အနောက်အုပ်စုလက်နက်များ အသုံးပြုခွင့်ပေးခဲ့ပါက ရုရှားနိုင်ငံအနေဖြင့်လည်း တာဝေးပစ်လက်နက်များဖြန့်ကြက်မည်ဖြစ်ကြောင်း ရုရှားအစိုးရက ပြောကြားထားသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် နိုင်ငံတကာစာချုပ်များအရ လိုက်နာရသည့် စည်းမျဉ်းများနှင့်အညီ တာဝေးပစ်လက်နက်များ ဖြန့်ကြက်ရေးကိစ္စကို ဆွေးနွေးနေသည်ဟု ရုရှားဒုတိယနိုင်ငံခြားရေး ဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ပြုံယမ်းမြို့သို့ရောက်ရှိလာသည့် ရုရှားသမ္မတပူတင်ကို မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန် ကြိုဆို



ပြုံယမ်း ဇွန် ၁၉

ပြုံယမ်းမြို့သို့ ယနေ့တွင် ရောက်ရှိလာသည့် ရုရှားသမ္မတပူတင်ကို မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်ကခမ်းနား သိုက်မြိုက်စွာကြိုဆိုခဲ့သည်။

ရုရှားသမ္မတ ပူတင်သည် ၂၄နှစ်တာကာလအတွင်း ပထမဆုံး အကြိမ်အဖြစ် မြောက်ကိုရီးယား နိုင်ငံသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ရုရှားနှင့် မြောက်ကိုရီးယား နှစ်နိုင်ငံစလုံး အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးဆိုးရွားနေချိန်တွင် သမ္မတပူတင်၏ အဆိုပါခရီးစဉ်သည် လက်ရှိ ရုရှား-မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးပုံစံကို ပြန်လည်ရုပ်လုံးဖော်ပေးနိုင်ဖွယ်ရှိကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

ရုရှားသမ္မတပူတင်သည် ပြုံယမ်းမြို့သို့ရောက်ရှိခဲ့ပြီးနောက် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ထိပ်သီးဆွေးနွေးပွဲကျင်းပခဲ့ပြီး ရုရှား-မြောက်ကိုရီးယား နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက်ဘက်စုံမိတ်ဖက်ဆက်ဆံရေးအဆင့်ကိုမြှင့်တင်ရေးအတွက် သဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးစဉ် ယူကရိန်းစစ်ရေး ပဋိပက္ခဆိုင်ရာ မူဝါဒအပါအဝင် ရုရှားနိုင်ငံ၏ မူဝါဒအားလုံးကို ထောက်ခံကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့၏ထိပ်သီးဆွေးနွေးပွဲမှာ နှစ်နာရီကြာမြင့်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# ဂျာမနီနိုင်ငံသို့ လျှပ်စစ်မော်တော်ယာဉ်များ တရုတ်နိုင်ငံတင်ပို့မှု ယခုနှစ်ပထမလေးလအတွင်း ကျဆင်းလာခဲ့

ဘာလင် ဇွန် ၁၉

ယခုနှစ် ပထမလေးလအတွင်း တရုတ်နိုင်ငံက ဂျာမနီနိုင်ငံသို့ လျှပ်စစ်မော်တော်ယာဉ်များ တင်သွင်းမှုပမာဏမှာကျဆင်းခဲ့ကြောင်း ဂျာမနီအစိုးရက ဇွန် ၁၈ ရက်တွင် ထုတ်ပြန်ထားသည့် စာရင်းဇယားများအရ သိရသည်။

သို့သော် တရုတ်နိုင်ငံသည် အဆိုပါကာလအပိုင်းအခြားအတွင်းမှာပင် ဂျာမနီနိုင်ငံ၏ လျှပ်စစ်မော်တော်ယာဉ်ဈေးကွက်ဝေစုရယူမှုကိုမြှင့်တင်နိုင်ခဲ့ကြောင်း ဂျာမနီအစိုးရစာရင်းဇယားများတွင်ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလမှ ဧပြီလကြားကာလအတွင်း တရုတ်နိုင်ငံသည် ဂျာမနီဈေးကွက်သို့ လျှပ်စစ်မော်တော်ယာဉ်အစင်းရေ ၃၁၅၀၀ တင်ပို့ခဲ့ရာ ယမန်နှစ်အလားတူကာလကထက် တင်ပို့မှုပမာဏအရ ၁၅ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ရကြောင်း သိရသည်။

သို့သော် ယခုနှစ် ပထမလေးလပတ်အတွင်းမှာပင် တရုတ်နိုင်ငံသည် ဂျာမနီလျှပ်စစ်မော်တော်ယာဉ်ဈေးကွက်၌ [illegible]င်းရယူထားနိုင်သောဈေးကွက်ဝေစုကို ၄၀ ဒသမ ၉ ရာခိုင်နှုန်းထိ မြှင့်တင်နိုင်ခဲ့သည်ဟု ဂျာမနီအစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ဂျာမနီနိုင်ငံသို့ လျှပ်စစ်မော်တော်ယာဉ် အများဆုံးတင်ပို့ရောင်းချနေသော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေနိုင်ဆဲဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံကဲ့သို့ပင် ယခုနှစ် ပထမလေးလအတွင်း ချက်သမ္မတနိုင်ငံနှင့် တောင်ကိုရီးယားတို့၏ ဂျာမနီသို့လျှပ်စစ်မော်တော်ယာဉ် တင်ပို့မှုပမာဏမှာလည်း ယမန်နှစ် အလားတူကာလကထက် သုံးပုံတစ်ပုံကျော် ကျဆင်းခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဖာဒီနန်မားကို့စ်အစိုးရအဖွဲ့ အဓိကရာထူးများမှ ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေး နုတ်ထွက်



မနီလာ ဇွန် ၁၉

ဖိလစ်ပိုင်ဒုတိယသမ္မတ ဆာရာဒူတာတေးသည် ယနေ့တွင် သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာ၏အစိုးရအဖွဲ့အဓိကရာထူးများမှ နုတ်ထွက်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်ဒုတိယသမ္မတဆာရာဒူတာတေးသည် ဖိလစ်ပိုင်အစိုးရအဖွဲ့၏ ပညာရေးဝန်ကြီးရာထူးနှင့် လက်နက်ကိုင်ပုန်ကန်မှုများရှင်းလင်းရေးအလုပ်အဖွဲ့ဒုတိယဥက္ကဋ္ဌရာထူးများမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ဒုတိယသမ္မတဆာရာဒူတာတေး၏ ရာထူးနုတ်ထွက်လွှာများကို သမ္မတဖာဒီနန်မားကို့စ်ဂျူနီယာက လက်ခံခဲ့ကြောင်း ဖိလစ်ပိုင်သမ္မတရုံးတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါရာထူးများမှ နုတ်ထွက်ခဲ့ရခြင်းအကြောင်းရင်းကို ဖိလစ်ပိုင်သမ္မတဟောင်း ဒူတာတေး၏ သမီး ဒုတိယသမ္မတ ဆာရာဒူတာတေးက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဖိလစ်ပိုင်ရွေးကောက်ပွဲတွင် ဒူတာတေးမိသားစုနှင့် မားကို့စ်မိသားစုတို့ ပူးပေါင်းယှဉ်ပြိုင်ခဲ့ပြီး ဖာဒီနန်မားကို့စ်ဂျူနီယာက သမ္မတရာထူးအတွက်၊ ဆာရာဒူတာတေးက ဒုတိယသမ္မတရာထူးအတွက် ယှဉ်ပြိုင်ခဲ့ကြသည်။

ဆာရာဒူတာတေးသည် ပညာရေးဝန်ကြီးရာထူးနှင့် လက်နက်ကိုင်ပုန်ကန်မှုရှင်းလင်းရေးအလုပ်အဖွဲ့ ဒုတိယအကြီးအကဲ ရာထူးများမှ နုတ်ထွက်ခဲ့သော်လည်း ဖိလစ်ပိုင် ဒုတိယသမ္မတအဖြစ် ဆက်ရှိနေဦးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# ဂရိပိုင်ကျူတာကျောက်မီးသွေးတင်သင်္ဘော ပင်လယ်နီ၌နစ်မြုပ်ခဲ့သည့် ဒုတိယသင်္ဘောဖြစ်လာ



လန်ဒန် ဇွန် ၁၉

ပြီးခဲ့သည့် ရက်သတ္တပတ်က ပင်လယ်နီရေပြင်အတွင်း ဟူသီသူပုန်အုပ်စု၏ တိုက်ခိုက်မှုခံခဲ့ရသော ဂရိနိုင်ငံပိုင် ကျူတာကျောက်မီးသွေးတင် သင်္ဘောမှာ နစ်မြုပ်ခဲ့ပြီဖြစ်ကြောင်း သင်္ဘောဆယ်ယူရေး ကျွမ်းကျင်သူများက ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကျူတာ ကျောက်မီးသွေးတင်သင်္ဘောသည် ဇွန် ၁၂ ရက်က ပင်လယ်နီရေပြင်အတွင်း မောင်းနှင်နေစဉ် ဒုံးကျည်များဖြင့် တိုက်ခိုက်ခံခဲ့ရသည့်အပြင် ဖောက်ခွဲရေးပစ္စည်းတပ်ဆင်ထားသည့် အဝေးထိန်းရေယာဉ်ငယ်တစ်စီး၏ တိုက်ခိုက်မှုကိုပါ ရင်ဆိုင်ခဲ့ရသည်။

ယင်းကဲ့သို့ တိုက်ခိုက်ခံခဲ့ရပြီးနောက်ပိုင်း ကျူတာကျောက်မီးသွေးတင်သင်္ဘောအတွင်းသို့ ရေများစတင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်္ဘောကို ဆယ်ယူရေးအတွက် ဆယ်ယူရေးသင်္ဘောနှစ်စီး သွားရောက်နေချိန်မှာပင် ကျူတာ ကျောက်မီးသွေးတင်သင်္ဘောမှာ နစ်မြုပ်ခဲ့ပြီဖြစ်ကြောင်း ဗြိတိန်အခြေစိုက် ပင်လယ်ရေကြောင်း လုံခြုံရေးအဖွဲ့အစည်းများက ယနေ့တွင် အတည်ပြုထားသည်။

ကျူတာ ကျောက်မီးသွေးတင်သင်္ဘောသည် ဟူသီအုပ်စု၏တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေပြင်အတွင်း နစ်မြုပ်ခဲ့ရသည့်ဒုတိယမြောက်သင်္ဘောဖြစ်သည်။

ဟူသီအုပ်စု၏ တိုက်ခိုက်မှုကြောင့် ပင်လယ်နီရေပြင်အတွင်း ပထမဆုံးနစ်မြုပ်ခဲ့သော သင်္ဘောမှာ ဗြိတိန်နိုင်ငံပိုင် ရူဘီမားအမည်ရှိ သင်္ဘောဖြစ်ပြီးယခုနှစ် မတ် ၂ ရက်တွင် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## GOES အုပ်စုဝင်ဂြိုဟ်တုတစ်စင်းကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ပထမဆုံးအကြိမ်အဖြစ်လွှတ်တင်ရန် နိုအာ စီစဉ်ထား



**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်အမျိုးသားသမုဒ္ဒရာနှင့် လေထုလွှာစူးစမ်းလေ့လာရေးအေဂျင်စီ(နိုအာ)သည် ၎င်း၏ GOES အုပ်စုဝင်ဂြိုဟ်တုတစ်စင်းကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ပထမဆုံးအကြိမ်အဖြစ် လွှတ်တင်ရန်စီစဉ်ထားကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

နိုအာသည် ယခင်လွှတ်တင်ခဲ့သော GOES ဂြိုဟ်တုသုံးစင်းကို United Launch Alliance ကုမ္ပဏီ၏ အက်တလပ်စ်-၅ ဒုံးပျံများဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် မိမိတို့အနေဖြင့် GOES-U ဂြိုဟ်တုကို Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် လွှတ်တင်မည်ဖြစ်ကြောင်း နိုအာတာဝန်ရှိသူများက ပြောကြားသည်။

ဖယ်လ်ကွန်ဟဲဗီးဒုံးပျံများသည် ကမ္ဘာပေါ်၌ စွမ်းဆောင်ရည်အမြင့်မားဆုံးဒုံးပျံများထဲတွင် ပါဝင်ပြီး တွန်းပင့်အား ကီလိုဂရမ် ၂ ဒသမ ၇ သန်းထိ ထုတ်ပေးနိုင်ကြောင်း သိရသည်။

နိုအာအဖွဲ့နှင့် Space-X ကုမ္ပဏီသည် GOES-U ဂြိုဟ်တုကို ဇွန် ၂၅ ရက်တွင် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

GOES-U ဂြိုဟ်တုသည် လွှတ်တင်ပြီးချိန်တွင် ကမ္ဘာမြေပြင်အထက် မိုင် ၂၂၀၀၀ ကျော်အကွာ ပတ်လမ်းပေါ်တွင် နေရာယူ၍ အာကာသရာသီဥတုအခြေအနေများကို လေ့လာမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ဇွန် ၁၈ ရက်က Space-X ကုမ္ပဏီလွှတ်တင်ခဲ့

**ဝါရှင်တန် ဇွန် ၁၉**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုသစ်များကို ဇွန် ၁၈ ရက်က လွှတ်တင်ခဲ့ကြောင်း သိရသည်။

အထက်ပါ စတားလင့်ခ်ဂြိုဟ်တုသစ် အစင်း ၂၀ ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး ၈ ဒသမ ၅ မိနစ်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်ကမူ လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။



Space-X ကုမ္ပဏီသည် လက်ရှိအချိန်တွင် ၎င်းတည်ဆောက်နေသော စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၆၀၀၀ ကျော် လွှတ်တင်ထားပြီးဖြစ်ကြောင်း သိရသည်။

ဇွန် ၁၈ ရက် စတားလင့်ခ် မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် ၆၁ ခုမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## ကြယ်စုတစ်ခု၏ဗဟိုချက်ရှိ မဟာအာကာသတွင်းနက်တစ်ခုနိုးထလာမှုကို သိပ္ပံပညာရှင်များ ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့

**ဘာလင် ဇွန် ၁၉**

ကြယ်စုတစ်ခု၏ ဗဟိုချက်ရှိ မဟာအာကာသ တွင်းနက်တစ်ခု နိုးထလာမှုကို သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့ကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

နိုးထလာသော မဟာအာကာသတွင်းနက်မှာ ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၃၆၀ အကွာတွင်ရှိသည့် SDSS 1335+1728 အမည်ရှိ ကြယ်စုတစ်ခု၏ ဗဟိုချက်၌တည်ရှိကြောင်း ဥရောပမြောက်ပိုင်းနက္ခတ်တာရာလေ့လာရေးစခန်းမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ပြန်လည်နိုးထလာသည့် အဆိုပါ မဟာအာကာသ တွင်းနက်သည် ၎င်း၏ဝန်းကျင်ရှိအရာရာကို ဖြုပ်ဆွဲအားဖြင့် ဝါးမျိုလျက်ရှိရာ SDSS 1335+1728 ကြယ်စု ဗဟိုချက် နယ်မြေ၏အလင်းအားမှာ ယခင်ကထက် မြင့်တက်လာသည်။

SDSS 1335+1728 မဟာအာကာသတွင်းနက်သည် ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆပေါင်း ၁၀၀၀၀၀ ကျော် ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက တွက်ချက်ထားသည်။

နဂါးငွေ့တန်းကြယ်စုဗဟိုချက်ရှိ ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်သည် လက်ရှိတွင် ငြိမ်သက်အိပ်စက်နေသော မဟာအာကာသတွင်းနက်တစ်ခုဖြစ်နေဆဲဖြစ်ကြောင်း၊ သို့ရာတွင် ဒြပ်ထုအားဖြင့် နေ၏ဒြပ်ထုထက် အဆပေါင်းလေးသန်းရှိသည့် ဆာဂျီတေးရီးယပ်စ်အေစတား အာကာသတွင်းနက်သည် တစ်ချိန်ချိန်တွင် ပြန်လည်နိုးထလာ၍ အနီးဝန်းကျင်ရှိ အရာရာကို ဝါးမျိုလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**

# H E A L T H

## မိခင်တွင် အယ်ဇိုင်းမားရောဂါရှိခဲ့ပါက သားသမီးများတွင်လည်း အယ်ဇိုင်းမားရောဂါဖြစ်နိုင်

**နယူးယောက် ဇွန် ၁၉**

မိခင်ဖြစ်သူတွင် အယ်ဇိုင်းမားရောဂါရှိခဲ့ပါက သားသမီးများတွင်လည်း အယ်ဇိုင်းမားရောဂါဖြစ်နိုင်ကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

ထိုနည်းတူ မိဘနှစ်ပါးအနက် ဖခင်များတွင်လည်း အသက် ၆၅ နှစ်နှင့်အထက်တွင် အယ်ဇိုင်းမားရောဂါစစ်ဆေးတွေ့ရှိပါက သားသမီးများတွင်လည်း အယ်ဇိုင်းမားရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက်ပြည်နယ် တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသက် ၇၀ အထက် လူဦးရေ ၄၄၀၀ တို့၏ ဦးနှောက်ဓာတ်မှန်များကိုလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မိခင်၌ အယ်ဇိုင်းမားရောဂါ ရှိခဲ့သူများတွင် ဘီတာအမိလွိုက် ခေါ် ပရိုတင်းတစ်မျိုး ဦးနှောက်အတွင်းစုစည်းနိုင်ခြေ ပိုမိုမြင့်မားကြောင်း သိရသည်။

ထို့ပြင် ဖခင်၌လည်း အယ်ဇိုင်းမားရောဂါစစ်ဆေးတွေ့ရှိခဲ့ရသူများတွင်လည်း ဦးနှောက်အတွင်း ဘီတာအမိလွိုက် ခေါ် ပရိုတင်းများ စုစည်းနိုင်ခြေ ပိုမိုမြင့်မားကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်အတွင်း ဘီတာအမိလွိုက်ပရိုတင်းများစုစည်းမှု ပိုမိုထက်လွန်ကဲမှုသည် အယ်ဇိုင်းမားရောဂါ၏ အဓိက ရောဂါနောက်ခံအကြောင်းတရား ဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## ပြင်ပသဘာဝနေရာများ၌ လေ့ကျင့်ခန်းပြုလုပ်မှုက အိမ်တွင်း၌ လေ့ကျင့်ခန်းပြုလုပ်မှုထက် ကျန်းမာရေးအရ ပို၍အကျိုးရှိနိုင်

**နယူးယောက် ဇွန် ၁၉**

ပြင်ပသဘာဝနေရာများ၌ လေ့ကျင့်ခန်းပြုလုပ်မှုသည် အိမ်တွင်း၌ လေ့ကျင့်ခန်းပြုလုပ်မှုထက် ကျန်းမာရေးအရ ပို၍အကျိုးရှိနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပြင်ပသဘာဝနေရာများ၌ လေ့ကျင့်ခန်းပြုလုပ်မှုသည် ကျန်းမာရေးကို ထိရောက်စွာမြှင့်တင်ပေးနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

နေအိမ်ပြင်ပ လေ့ကျင့်ခန်းပြုလုပ်မှုသည် စိတ်ခံစားချက်နှင့် ဦးနှောက်လုပ်ငန်းစဉ်များကို မြှင့်တင်ပေးနိုင်ခြင်း၊ လူမှုဆက်ဆံရေး ပိုမိုကောင်းမွန်လာခြင်း၊ လေ့ကျင့်ခန်းပြုလုပ်ရာတွင် ပို၍ပျော်ရွှင်မှုရှိလာခြင်း စသည့် အကျိုးကျေးဇူးများခံစားရနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ရာတွင် လူတိုင်းအတွက် နေအိမ်ပြင်ပ သဘာဝနယ်မြေများ၌ လေ့ကျင့်ခန်းပြုလုပ်ရန် အခွင့်အလမ်းမရှိသေးကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

သို့သော် မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သဘာဝဆန်သည့် နေအိမ်ပြင်ပ နယ်မြေများသည် လေ့ကျင့်ခန်းပြုလုပ်မှု အားပေးမြှင့်တင်ရေးအတွက် ထိရောက်သည့် နေရာများဖြစ်ကြကြောင်း သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

**Ref : Xinhua News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



**တောင်ကြီး ဇွန် ၁၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃နာရီကရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ပြည်နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်သိန်း၊ အားကစားနှင့် ကာယပညာသိပ္ပံ (တောင်ကြီး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးတင်မောင်မောင်စိုး၊ ရှမ်းပြည်နယ် ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးလင်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်နယ်ဘောလုံး ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများက အားကစားရုံအတွင်း၌နေရာယူခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီးပြိုင်ပွဲဝင်အသင်းများမှ အားကစားသစ္စာအဓိဋ္ဌာန်လေးချက်ကို သံပြိုင်ရွတ်ဆိုခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့သည့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ပြီးနောက် အဖွင့်ပွဲစဉ်အဖြစ် ပင်လောင်းမြို့နယ်အသင်းနှင့် ညောင်ရွှေမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**STA**

# မန်ယူအသင်းက ဂျီနိုအာဂိုးသမား ဂျို့စ်မာတီနက်ဇ်ကိုခေါ်ယူရန် တရားဝင်ကမ်းလှမ်း

**မန်ချက်စတာ ဇွန် ၁၉**

မန်ယူအသင်းသည် အင်တာမီလန်အသင်းနှင့် သဘောတူညီမှုရရှိထားသည့် ဂျီနိုအာအသင်းဂိုးသမား ဂျို့စ်မာတီနက်ဇ်ကို ခေါ်ယူရန် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဂိုးသမား ဂျို့စ်မာတီနက်ဇ်သည် အစောပိုင်းက အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၁၂ ဒသမ ၅ သန်းဖြင့် ပြောင်းရွှေ့ရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိထားသော်လည်း မန်ယူအသင်းက ကြားဖြတ်ခေါ်ယူရန် ပြင်ဆင်ခဲ့ပြီးနောက် တရားဝင်ကမ်းလှမ်းမှု ပြုလုပ်ခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဂိုးသမား အိုနာနာနှင့် ဂိုးသမားဘာရင်ဒီယာတို့ကို ခေါ်ယူခဲ့ပြီးနောက် အိုနာနာကို ပွဲထွက်ကစားသမားအဖြစ် အသုံးပြုခဲ့ရာ ၎င်းအနေဖြင့် ရာသီအစပိုင်းတွင် ပုံမှန်လက်စွမ်းရရှိရန် ရုန်းကန်ခဲ့ရသော်လည်း နည်းပြတန်ဟတ်အနေဖြင့် မန်ယူအသင်းနည်းပြအဖြစ် ဆက်လက်ရှိနေမည်ဖြစ်၍ အိုနာနာသည် ဦးစားပေးဂိုးသမားအဖြစ် ဆက်ရှိမည်ဖြစ်ပြီး ဂိုးသမား ဘာရင်ဒီယာမှာ ပွဲထွက်ခွင့်တစ်ပွဲသာ ရရှိထားသဖြင့် ယခုအပြောင်းအရွှေ့တွင် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသောကြောင့် အသင်းတာဝန်ရှိသူများက ဂိုးသမားတစ်ဦး ထပ်မံရှာဖွေခဲ့သည်။

ဂိုးသမား မာတီနက်ဇ်သည် အင်တာမီလန်အသင်းနှင့် သဘောတူညီမှုရရှိထားသော်လည်း ဂျီနိုအာအသင်းက ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ထိ အလိုရှိနေကာ အင်တာမီလန် အသင်းက ပြောင်းရွှေ့ကြေးနှင့် အပိုဆုကြေးအပါ ယူရို ၁၅ သန်းသာ ပေးချေနိုင်မည်ဖြစ်သောကြောင့် ကြန့်ကြာမှုဖြစ်ပေါ်နေချိန်တွင် မန်ယူအသင်းက ဂျီနိုအာအသင်းအလိုရှိနေသည့် ပြောင်းရွှေ့ကြေးကို ပေးချေရန်စီစဉ်ခဲ့ပြီး ကစားသမား၏ ကိုယ်စားလှယ်များနှင့် တရားဝင်ညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ဂျော်ဂျီယာအသင်းနှင့် တူကီယဲအသင်းတို့ကစားခဲ့သည့် အုပ်စုအဖွင့်ပွဲစဉ်တွင် အသင်းအတွက် ဒုတိယဦးဆောင်ဂိုး သွင်းယူခဲ့သည့် တိုက်စစ်မှူး အဒါဂူလာသည် ယူရိုသမိုင်းတွင် ပွဲဦးထွက်ပွဲစဉ်၌ ဂိုးသွင်းယူနိုင်သည့် အသက်အငယ်ဆုံး ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- လက်စတာအသင်းက အသင်းနည်းပြအဖြစ်ခန့်အပ်ရန် နော်တင်ဟမ်အသင်း နည်းပြဟောင်း စတိဗ်ကူးပါးနှင့် ဆွေးနွေးမှုပြုလုပ်လျက်ရှိသည်။
- အာဆင်နယ်အသင်းက တိုက်စစ်မှူး အိုစီမန်ကိုခေါ်ယူရန် ဆန္ဒရှိသော်လည်း ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၆၃ သန်းထက် ပိုပေးမည်မဟုတ်ကြောင်း ပြောကြားခဲ့ပြီး ကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ အနည်းဆုံး စတာလင်ပေါင် သန်း ၁၀၀ ရှိကြောင်း သိရသည်။ **ML**

# အိုမိုရိုဒီယွန်ကိုခေါ်ယူရန် ချဲလ်ဆီးအသင်းကမ်းလှမ်းမှု အေတီကိုအသင်းငြင်းဆို

**လန်ဒန် ဇွန် ၁၉**

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် အေတီကိုအသင်း လူငယ်တိုက်စစ်မှူး အိုမိုရိုဒီယွန်အား စတာလင်ပေါင် သန်း ၂၀ ကျော်ဖြင့် ကမ်းလှမ်းခဲ့ရာ အေတီကိုအသင်းက တရားဝင်ငြင်းဆိုခဲ့ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည် တိုက်စစ်ပိုင်းအတွက် နာပိုလီအသင်း တိုက်စစ်မှူး အိုစီမန်နှင့် လိုက်ပ်ဇစ် တိုက်စစ်မှူး ဆက်ကိုတို့ကိုခေါ်ယူရန် ပစ်မှတ်ထားကြိုးပမ်းခဲ့သော်လည်း ခေါ်ယူရန် အခက်တွေ့နေသဖြင့် လူငယ်ကစားသမားများဖြစ်သည့် အိုမိုရိုဒီယွန်နှင့် ဒူရန်တို့ကိုသာ အစားထိုးခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်။

လက်ရှိတွင် ချဲလ်ဆီးအသင်းသည် အေဗီလာတိုက်စစ်မှူး ဒူရန်ကိုခေါ်ယူရန် သဘောတူညီမှုရရှိထားပြီး ခေါ်ယူရန်နီးစပ်နေသော်လည်း အေတီကိုအသင်း တိုက်စစ်မှူး အိုမိုရိုဒီယွန်အား စတာလင်ပေါင် ၂၅ သန်းနှင့် သန်း ၃၀ ကြားပေးချေရန် ကမ်းလှမ်းခဲ့သော်လည်း အေတီကိုအသင်းက ပယ်ချခဲ့ကြောင်း သိရသည်။

အိုမိုရိုဒီယွန်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အလာဗက်အသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရာတွင် လာလီဂါပြိုင်ပွဲ ၃၄ ပွဲ ပါဝင်ခဲ့ရာ၌ သွင်းဂိုး ရှစ်ဂိုးထိ သွင်းယူခြေစွမ်းပြနိုင်ခဲ့သောကြောင့် ချဲလ်ဆီးအသင်းက အနာဂတ်စီမံကိန်းအတွက် ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ ငြင်းပယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ယူရိုပြိုင်ပွဲ ခြောက်ကြိမ်ထိ ပါဝင်ကစားခဲ့သည့် ပထမဆုံးကစားသမားအဖြစ် စီရော်နယ်ဒိုစံချိန်သစ်တင်

**လစ္စဘွန်း ဇွန် ၁၉**

ယူရိုပြိုင်ပွဲ အုပ်စု (F) အဖွင့်ပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ချက်အသင်းတို့ပွဲစဉ်တွင် ပေါ်တူဂီအသင်းအတွက် ပါဝင်ကစားခဲ့သည့် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပြိုင်ပွဲသမိုင်းတစ်လျှောက် ခြောက်ကြိမ်မြောက် ပါဝင်နိုင်ခဲ့သည့် ပထမဆုံး ကစားသမားအဖြစ် စံချိန်သစ်တင်ခဲ့သည်။

အသက် ၃၉ နှစ်ရှိ တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၀၄ ခုနှစ် ယူရိုပြိုင်ပွဲမှစတင်ကာ ပေါ်တူဂီအသင်းအတွက် ပါဝင်ခွင့်ရခဲ့ပြီး ၂၀၀၈၊ ၂၀၁၂၊ ၂၀၁၆၊ ၂၀၂၀ နှင့် ယခုပြိုင်ပွဲတို့တွင် ပါဝင်နိုင်ခဲ့ပြီးနောက် ခြောက်ကြိမ်မြောက်ပါဝင်ခဲ့သည့် ပထမဆုံး ကစားသမားဖြစ်လာခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ပေါ်တူဂီအသင်းအား ယူရိုချန်ပီယံဆုဖလားရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ယူရိုပြိုင်ပွဲသမိုင်းတွင် သွင်းဂိုး ၁၄ ဂိုးထိ သွင်းယူထားသည့် မှတ်တမ်းကောင်းကို ရရှိခဲ့သည့်အပြင် ၂၀၂၀ ယူရိုပြိုင်ပွဲတွင်လည်း သွင်းဂိုးငါးဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ပြိုင်ပွဲတစ်ခုအတွင်း ဂိုးအများဆုံး သွင်းယူနိုင်သည့် စံချိန်ကို ရရှိထားသည်။

ယခုပွဲစဉ်တွင် တိုက်စစ်မှူး စီရော်နယ်ဒိုသည် ပေါ်တူဂီအသင်း တိုက်စစ်ကို ဦးဆောင်လာခဲ့ပြီး ပြိုင်ဘက်ကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ချက်အသင်းဂိုးသမား စတန်းနက်ခ်၏ ကာကွယ်မှုများကြောင့် ဦးဆောင်ဂိုးရရှိရန် ခက်ခဲခဲ့ပြီး ဒုတိယပိုင်းတွင် ချက်အသင်းက လူစားလဲမှုများပြုလုပ်ကာ တန်ပြန်တိုက်စစ်မှတစ်ဆင့် ပွဲချိန်



၆၂ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့သဖြင့် ပေါ်တူဂီအသင်းအနေဖြင့် ချေပဂိုးရရှိရေး ကြိုးစားခဲ့ရာ ပွဲချိန် ၆၉ မိနစ်တွင် ချက်ကစားသမား ဟရန်နက်ခ်က ကိုယ့်ဂိုးကိုယ် သွင်းယူခဲ့သောကြောင့် သရေရလဒ် ရရှိခဲ့ပြီးနောက် ပေါ်တူဂီအသင်းက ပြိုင်ပွဲကို ဆက်လက် ထိန်းချုပ်နိုင်ခဲ့ရာ နာကျင်အချိန်ပိုတွင် ကွန်စီကာအိုက ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သဖြင့် ပေါ်တူဂီအသင်းက ချက်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# MNL League Cup 2024 ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဇွန် ၁၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပသည့် MNL League Cup 2024 ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီက ရန်ကုန်မြို့ သုဝဏ္ဏ အားကစားကွင်းတွင် ကျင်းပခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက ရန်ကုန်ယူနိုက်တက်အသင်းကို အနိုင်ရရှိပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။



အဆိုပါပွဲစဉ်တွင် နှစ်သင်းစလုံး အဓိကကစားသမား အစုံအလင်ဖြင့် ပွဲထွက်လာခဲ့ပြီး ပွဲစကတည်းက ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ် ရှိခဲ့သော်လည်း ရှမ်းယူနိုက်တက် အသင်းက ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ကာ ဂိုးသွင်းခွင့်များရရှိခဲ့ပြီး ပွဲချိန် ၃၇ မိနစ်တွင် ရဲရင့်အောင်က ရှမ်းယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပွဲချိန်ပထမပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်း၏ ချေပဂိုးအတွက် တိုက်စစ်မြှင့် ဖိအားပေးကစားခဲ့မှုများကြောင့် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ချေပဂိုးအတွက် ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း အားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ရှမ်းယူနိုက်တက်အသင်းကလည်း အနိုင်ရလဒ်ကို အမှားအယွင်းမရှိ ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ သွင်းဂိုးအများဆုံး ကစားသမားဆုရ ရှမ်းယူနိုက်တက်အသင်းမှ ကျော်ကိုကိုအား ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယဆုရ ရန်ကုန်ယူနိုက်တက်အသင်းအတွက် တစ်ဦးချင်းဆုတံဆိပ်ကို ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက လည်းကောင်း၊ ဆုကြေးငွေကို ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးကလည်းကောင်း၊ ချန်ပီယံဆုရ ရှမ်းယူနိုက်တက်အသင်းအတွက် တစ်ဦးချင်းဆုများကို လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်ကလည်းကောင်း၊ ဆုကြေးငွေကျပ်သိန်း ၃၅၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က လည်းကောင်း၊ ချန်ပီယံဆုဖလားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းကလည်းကောင်း အသီးသီးချီးမြှင့် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**STA**

# အာဆီယံ ယူ-၁၆ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၉**

အာဆီယံ ယူ-၁၆ ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အင်ဒိုနီးရှားနိုင်ငံသို့ ထိုင်းနိုင်ငံမှတစ်ဆင့် ယနေ့ညနေပိုင်းက ထွက်ခွာခဲ့ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့သည့် မြန်မာ ယူ-၁၆ အသင်းကို အသင်းအုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ အသင်းနည်းပြအဖြစ် မိတမိချိတာရှုက တာဝန်ယူသွားမည်ဖြစ်ပြီး ကစားသမား ၂၃ ဦး လိုက်ပါခဲ့သည်။

မြန်မာ့လက်ရွေးစင် အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူရာကာတာမြို့တွင် လာမည့် ဇွန် ၂၁ ရက်မှ ဇူလိုင် ၄ ရက်ထိ ကျင်းပသွားမည်ဖြစ်သည်။

အာဆီယံ ယူ-၁၆ ပြိုင်ပွဲကို အုပ်စုသုံးခု ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုတစ်ခုချင်းစီမှ အုပ်စုပထမနေရာတွင် ရပ်တည်နိုင်သည့် အသင်းသုံးသင်းနှင့် အကောင်းဆုံး အုပ်စု ဒုတိယနေရာရရှိသည့် အသင်းတစ်သင်း စုစုပေါင်း လေးသင်းမှာ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းသည် အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် အုပ်စု(B)၌ ဗီယက်နမ်အသင်း၊ ကမ္ဘောဒီးယားအသင်း၊ ဘရူနိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေကြောင်း သိရသည်။

**STA**

# Queen's Club Championships တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ အင်ဒီမာရေးတက်ရောက်

**လန်ဒန် ဇွန် ၁၉**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် Queen's Club Championships တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဗြိတိန်တင်းနစ်ကစားသမား အင်ဒီမာရေးနှင့် ဩစတြေးလျ တင်းနစ်ကစားသမား ပေါ့ပရင်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒီမာရေးက (၆-၃၊ ၃-၆၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အင်ဒီမာရေးသည် Queen's Club Championships တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားအား ငါးကြိမ်တိုင်တိုင် ဆွတ်ခူးထားသည့် ကစားသမားတစ်ဦးဖြစ်ပြီး ပထမအဆင့်တွင် ပေါ့ပရင်ကို အကောင်းဆုံးပုံစံဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အင်ဒီမာရေးသည် တင်ပါးဆုံရိုးဒဏ်ရာ ရရှိခဲ့ပြီးနောက် ပိုင်းပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် ကစားသမားဖြစ်ပြီး အောင်မြင်မှုများစွာ ရရှိထားသော ပြိုင်ပွဲတွင် ပုံစံကောင်းရရှိလာခဲ့ခြင်းဖြစ်ပြီး အင်္ဂလန်ပရိသတ်များ၏ အားပေးမှုကိုလည်း ရယူနိုင်ခဲ့သည်။

အင်ဒီမာရေးသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ သို့မဟုတ် အိုလံပစ်အားကစားပွဲတော် အပြီးတွင် ကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ထားသူဖြစ်သည်။

အင်ဒီမာရေးသည် Queen's Club Championships တင်းနစ်ပြိုင်ပွဲတွင် ခြောက်ကြိမ်မြောက် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ရန် ပစ်မှတ်ထားနေကြောင်းလည်း သိရသည်။

အင်ဒီမာရေးက "ပထမအဆင့်မှာ ရလဒ်ကောင်းရဖို့က အရမ်းအရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အကောင်းဆုံးကြိုးစားခဲ့တယ်။ ဒီပြိုင်ပွဲဟာ ကျွန်တော့်အတွက် အရမ်းကို အဓိပ္ပာယ်ရှိတဲ့ ပြိုင်ပွဲဖြစ်တယ်။ ဒါကြောင့်လဲ ရလဒ်ကောင်းဖို့အတွက် အကောင်းဆုံးကြိုးစားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Ref : AZL**



# WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် မာရီယိုအားသတ်မှတ်ကြောင်း WBC ထုတ်ပြန်ကြေညာ

**ဝါရှင်တန် ဇွန် ၁၉**

WBC ဝယ်သာဝိတ်တန်း ယာယီချန်ပီယံ အမေရိကန်လက်ဝှေ့သမား မာရီယိုအား WBC ဝယ်သာဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံအဖြစ် သတ်မှတ်လိုက်ကြောင်း WBC အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။




လက်ရှိချန်ပီယံ ခရောဖို့ဒ်သည် ဝိတ်တန်း မြှင့်လိုက်သည့်အတွက်ကြောင့် ယာယီချန်ပီယံအား လက်ရှိချန်ပီယံအဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်းလည်း WBC က ထုတ်ပြန်ခဲ့သည်။

ဖိလစ်ပိုင် ဂန္တဝင်လက်ဝှေ့သမား ပက်ကွီအိုသည် လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာရန် ပြင်ဆင်နေပြီး ပက်ကွီအိုသာ လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့ပါက မာရီယိုအနေဖြင့် ပက်ကွီအိုက စိန်ခေါ်မှုပြုလုပ်သွားပါက လက်ခံသွားရမည့် အခြေအနေဖြစ်သည်။

မာရီယိုသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန် လက်ဝှေ့သမား ယောဒန်နစ်အား အနိုင်ရရှိကာ WBC ဝယ်သာဝိတ်တန်း ယာယီချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

မာရီယိုအနေဖြင့် ဂါဗွန်တာနှင့် ကိတ်သာမန်းတို့အား ဆက်တိုက်ရှုံးနိမ့်ခဲ့ခြင်းဖြစ်သော်လည်း မာရီယိုအနေဖြင့် အကောင်းဆုံးပြန်လည်ပြင်ဆင်နိုင်ခဲ့ပြီးနောက် WBC ဝယ်သာဝိတ်တန်း ယာယီချန်ပီယံခါးပတ်အား ဆွတ်ခူးနိုင်ခဲ့သည်။

မာရီယိုက "WBC လက်ရှိချန်ပီယံဖြစ်ခွင့်ရလို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒါပေမဲ့လဲ ကျွန်တော့်အနေနဲ့ ဒီလိုပုံစံမျိုးနဲ့ ချန်ပီယံမဖြစ်ချင်ဘူး။ ကြိုးဝိုင်းထဲမှာ အကြိတ်အနယ် ထိုးသတ်ပြီးမှ ချန်ပီယံအဖြစ် ခံယူချင်တယ်။ ပက်ကွီအိုက ကျွန်တော့်ကိုစိန်ခေါ်ချင်တယ်လို့သိရတယ်။ ကျွန်တော့်အနေနဲ့ စိန်ခေါ်မှုအားလုံးကို လက်ခံသွားဖို့ အဆင်သင့်ပါပဲ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Ref : AZL**

# ပဲရစ်အိုလံပစ်ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းကို စကော့တီရှက်ဖလာနှင့် မိုရီကာဝါတို့ ဦးဆောင်သွားမည်

**ပဲရစ် ဇွန် ၁၉**

ပဲရစ်အိုလံပစ် အားကစားပွဲတော်၌ ပြိုင်ပွဲဝင်မည့် အမေရိကန်အသင်းကို စကော့တီရှက်ဖလာနှင့် မိုရီကာဝါတို့ကို ရွေးချယ်ထားကြောင်း အမေရိကန်ဂေါက်သီးရိုက်အဖွဲ့ချုပ်က ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

အမေရိကန် အသင်းအနေဖြင့် လူရွေးချယ်မှုအပိုင်းကို ဂရုစိုက်သလို ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် စကော့တီရှက်ဖလာနှင့် အဓိကဆုဖလားနှစ်ကြိမ် ဆွတ်ခူးရရှိထားသည့် မိုရီကာဝါတို့အား ဦးစားပေးရွေးချယ်ထားခြင်းဖြစ်သည်။

စကော့တီရှက်ဖလာနှင့် မိုရီကာဝါတို့သည် အမေရိကန်အသင်းအား ကိုယ်စားပြုပြီး Ryder Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးသူများဖြစ်ပြီး အမေရိကန်အသင်းကို အဓိကဦးဆောင်မည့် ကစားသမားများအဖြစ်လည်း သတ်မှတ်ခံထားရသည်။

ဝိုင်ဟမ်ကလက်ခ်သည်လည်း စကော့တီရှက်ဖလာ၊ မိုရီကာဝါတို့နှင့်အတူ အမေရိကန်အသင်းတွင် ရွေးချယ်ခံထားရသော်လည်း ပက်ထရစ်ကန်တလေနှင့် ၂၀၂၄ ခုနှစ် US Open ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဒီချမ်ဘူတို့ အမေရိကန်အသင်းတွင် ရွေးချယ်ခြင်းမခံခဲ့ရသောကြောင့် ဝေဖန်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# နယုန်လပြည့် မဟာသမယအခါတော်နေ့နှင့် စာတော်ပြန်ပွဲ

နုခန့်ယဉ်(ရစ်ကန်ကြီး)

နယုန်လသည် မြန်မာပြက္ခဒိန်တွင် တတိယမြောက်လဖြစ်သည်။ ရှေးစာဆိုပညာရှင်များက နွေနှောင်းလ၊ နွေစွန်လ စသည်ဖြင့် ဖွဲ့နွဲ့ခဲ့ကြသည်။ နွေနှောင်းလဖြစ်သကဲ့သို့ မိုးဦးလလည်းဖြစ်သည်။ ထို့ကြောင့် နေပူရှိန်လျော့နည်းကာ မိုးသားများ မည်းမှောင်အုံ့ဆိုင်းလျက်ရှိသည်။ ရှေးစာဆိုတော်ကြီး မဟာအတုလမင်းကြီးက "နတ်စည်ငယ်ရွှန်းပါလို့၊ ခြိမ့်မွှမ်းငယ်သံစုံ၊ ကမြူးငယ်ခုန်သည်၊ လနယုန်သည်ချိန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး" ဟု ရေးဖွဲ့ခဲ့သည်။ နွေနှောင်းကာလ နယုန်လရောက်သည်နှင့် မိုးချုန်းသံမျိုးစုံကို စတင်ကြားရသည်။ မိုးချုန်းသံကို ရှေးစာဆိုတို့က နတ်စည်ရွှန်းသည်ဟု ဆိုကြ၏။ မြေပြင်သည် နယုန်မိုးကြောင့် မြက်နုတို့ဖြင့် စိမ်းစို၏။ နယုန်လသည် မိုးကျသောကာလ၊ မိုးရွာသောလဖြစ်၍ မိုးအသင့်အတင့်ရွာသွန်းမှုကြောင့် သစ်ပင်သစ်တောတို့သည် ပုရစ်ဖူးသစ်တို့ဖြင့် စိမ်းစိုလျက်ရှိလှသည်။ ပတ်ဝန်းကျင်တစ်ခွင်လုံးကို ကြည့်လိုက်ပါက အပင်တိုင်း စိမ်းမြမြနှင့် လှပလျက်ရှိနေကြသည်။ အနောက်တောင်ဆီမှ မိုးသားတိမ်ရိပ်တို့ တလိမ့်လိမ့်ဆင်လျက် ငြိုးမာန်ဖွဲ့ရွာမလို ဟန်ပြင်နေကြ၏။ ကျေးငှက်တို့လည်း သံစာစာဖြင့် သံစုံဟစ်ကြွေးမြူးထူးပျော်ရွှင်နေကြ၏။ စိမ်းစိုသောညာတံမြရွက်တို့ဖြင့် စံပယ်၊ မြတ်လေးပန်းတို့လည်း ဖူးပွင့်ကြပြီး သင်းရနံ့များ မွှေးပျံ့၍ ကြိုင်သင်းနေသည်ကို "မိုးသားထစ်ကျူး၊ ကျေးငှက်မြူးသော်၊ ပွင့်ဖူးရိုးသွယ်၊ စံပယ်မြတ်လေး၊ သင်းပျံ့မွှေး၍" ဟု ရေးဖွဲ့ခဲ့သည်။

**နယုန်လ၏ အဓိပ္ပာယ်**

နယုန်လကို ပုဂံခေတ်၌ "နယုန်၊ နံမျုန်" ဟု သုံးနှုန်းခဲ့သည်။ အနက်အဓိပ္ပာယ်မှာ "နံ" သည် အချိန်ကာလ၊ "ယုန်" သည် မိုးစီးဆင်းခြင်းဖြစ်သောကြောင့် နယုန်လ၏အဓိပ္ပာယ်မှာ မိုးရွာသောလဟူ၍ ဖြစ်သည်။ နယုန်လ၏ရက်ရာဇာမှာ အင်္ဂါနှင့် ကြာသပတေးနေ့ဖြစ်သကဲ့သို့ တနင်္လာနှင့် တနင်္ဂနွေတို့မှာ ပြဿဒါးရက်များဖြစ်သည်။ နယုန်လတွင် နေမင်းသည် မေထုန်ရာသီကို နောက်ခံထားလျက် မျက်မြင်အားဖြင့် အရှေ့ဘက်မှ အနောက်ဘက်သို့ ယွန်းနေသောကြောင့် မေထုန်ရာသီဟု ခေါ်ခဲ့ကြသည်။ နယုန်လပြည့် ညသန်းခေါင်၌ လမင်းသည် ဇေဋ္ဌနက္ခတ်၊ တံငါတာရာတို့နှင့် တောင်-မြောက် ယှဉ်ပြိုင်ထွန်းလင်းပြီး မွန်းတည့်သည်။ ထို့ကြောင့် နယုန်လကို မွန်းတည့်နက္ခတ်၊ အမည်အားဖြင့် ဇေဋ္ဌဟု ခေါ်ဝေါ်ခဲ့သည်။ နယုန်လ၏ ရာသီပန်းမှာ မုလေး(မြတ်လေး)ပန်းနှင့် စံပယ်ပန်းတို့ဖြစ်၍ ရာသီပွဲတော်မှာ စာတော်ပြန်ပွဲဖြစ်သည်။

**စာတော်ပြန်ပွဲ**

ရှေးမြန်မာမင်းများလက်ထက်က နယုန်လတွင် ရတနာမျိုးစုံတို့ဖြင့် ခမ်းနားထည်ဝါတန်ဆာဆင်ထားသည့် သုဓမ္မာဇရပ်တို့၌ ရွှေမြို့တော်ရှိ သံဃာတော်များသည် စာတော်ပြန်ပွဲသဘင်၌ စာပြန်ကြရ၏။ ရှင်ဘုရင်ကိုယ်တိုင် ဦးစီးကျင်းပပေး၏။ "အာဂုံရမှ အာဂလူ" ဆိုသည့်အတိုင်း နှုတ်တက်အာဂုံ စာထောက် စာမဆရာတော်များ ရှေ့မှောက်တွင် အလွတ်ပြန်ဆိုကြရသည်။ စာပြန်ပွဲခေါ် စာတော်ပြန်ပွဲကို သမိုင်းစာမျက်နှာ၌ အစောဆုံးတွေ့ရသည်မှာ ဒုတိယအင်းဝခေတ် သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်ဖြစ်သည်။ မှန်နန်းရာဇဝင်ကြီး တတိယတွဲ ၂၃၅ ၌ "သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် ကျမ်းဂန်သင်ကြားသော သာမဏေတို့ကို သင်ကျမ်းကို ဆရာတို့က မေးရသည်။ အနက်အဓိပ္ပာယ်ကို ဆိုနိုင်သော သာမဏေတို့ကို ပဉ္စင်း တစ်ဆယ့်ရှစ်ပါး၊ သာမဏေခုနစ်ပါး၊ ထိုနှစ် ကဆုန်လဆန်း လေးရက် တနင်္ဂနွေနေ့ မွန်းတည့်ကျော် ခုနစ်နာရီ သုံးပါဒ်တွင် ပဉ္စင်းခံတော်မူသည်" ဟူ၍ ဖော်ပြထားသည်။ ထို့ကြောင့် ပညာရှင်များက သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်တွင် စာတော်ပြန်ပွဲကို စတင်ကျင်းပခဲ့ကြောင်း အတည်ပြုထားကြသည်။

အင်ရှုံစာတမ်းခေါ် လောကဗျူဟာကျမ်းတွင် အင်းဝမင်းများ နယုန်လ၌ စာတော်ပြန်ပွဲသဘင်ကျင်းပပုံကို အင်ရှုံဝန်ကြီးက စုံလင်စွာဖော်ပြထားခဲ့သည်။ မင်းစဉ်မင်းဆက်အားလုံး အဆက်မပြတ် ပထမစာတော်ပြန်ပွဲသဘင်ကို ကျင်းပခဲ့ကြသည်ဟု ကောက်ချက်ချနိုင်သည်။ ပထမစာပြန်ပွဲသဘင်ကို နယုန်လဆန်းမှစ၍ နယုန်လကုန်ထိ တစ်လကျင်းပခဲ့သည်။ ကုန်းဘောင်ခေတ်၌ နယုန်လဆန်း ၈ ရက်မှ ဝါဆိုလဆန်း ၈ ရက်ထိ တစ်လကျင်းပခဲ့သည်။ မြန်မာမင်းများ နယုန်လ၌ စာတော်ပြန်ပွဲသဘင်ကျင်းပကြခြင်းမှာ နယုန်လသည် သာသနာ့ဝန်ထမ်းရှင်ရဟန်းများအတွက် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သောကြောင့်ဖြစ်သည်။

စာသင်နှစ် ပထမလမှာ ဝါဆိုလဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးရှိ ဆရာတော်၊ သံဃာတော်များသည် ဝါဆိုလပြည့်ကျော် ၁ ရက်နေ့၌ ဝါဆိုတော်မူကြသည်။ ထို့နောက် စာဝါသစ်များကို စတင်ပို့ချသင်ယူကြသည်။ ဝါတွင်းကာလ၌ အရပ်တစ်ပါးသို့ ညအိပ်ခရီးမသွားရန်၊ အချိန်ရှိသမျှ စာပေပို့ချလေ့လာဆည်းပူးနိုင်သော အချိန်လည်းဖြစ်သည်။ ဆောင်းဥတု၊ နွေဥတုများ၌ လွတ်လပ်စွာခရီးသွားနိုင်ကြပြီး မိုးဥတုကဲ့သို့ စာချ စာတက်မှန်လေ့မရှိကြပေ။ ထို့ကြောင့် စာသင်နှစ်၏ နောက်ဆုံးလဖြစ်သည့် နယုန်လရာသီတွင် စာတော်ပြန်ပွဲကျင်းပခြင်းပင် ဖြစ်သည်။ အထူးသဖြင့် စာတော်ပြန်ပွဲကို ရှေးဘုရင်မင်းများက သာသနာ့အာဇာနည်များ ပေါ်ထွက်ရန် ရည်သန် ကျင်းပကြခြင်းပင် ဖြစ်သည်။ ယခုအခါမှာလည်း နိုင်ငံတော်အစိုးရက အစဉ်အလာမပျက် ဆောင်ရွက်ပေးလျက်ရှိပြီး နှစ်စဉ် ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယစာချတန်းများအပြင် ပိဋကတ်သုံးပုံ ရေး၊ ဖြေ၊ အာဂုံစာမေးပွဲများကို ကျင်းပပေးလျက်ရှိသည်။

**မဟာသမယအခါတော်နေ့**

နယုန်လပြည့်နေ့ကို "မဟာသမယအခါတော်နေ့" အဖြစ် သတ်မှတ်ကြသည်။ တစ်နည်းအားဖြင့် ဗုဒ္ဓမြတ်စွာဘုရားရှင်လက်ထက်တော်၌ ဖြစ်ပေါ်လာခဲ့သော ငြိမ်းချမ်းရေးဆောက်တည်ရာ နယုန်လပြည့် မဟာသမယအခါတော်နေ့ဟူ၍လည်း ဆိုနိုင်သည်။

> ❖ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါက ကပိလဝတ်ပြည်နှင့် ကောလိယပြည်မှ လယ်သမားများသည် နှစ်ပြည်ထောင်ကြားရှိ ရောဟဏီမြစ်ရေလုကြရာမှစ၍ အဆင့်ဆင့်ရန်ပွဲကြီးဖြစ်ရာ နှစ်ပြည်ထောင်တို့ စစ်ခင်းကြရမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ရောဟဏီမြစ်ဘေးတွင် နှစ်ဖက်စလုံးပင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ထားပြီး ထိုးခုတ်တော့မည့် အနေအထားဖြစ်နေစဉ်မှာပင် ဗုဒ္ဓမြတ်စွာဘုရားရှင် ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်က အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၏အပြစ်ကိုလည်းကောင်း၊ အချင်းချင်း စည်းလုံးညီညွတ်ခြင်း၏အကျိုးကိုလည်းကောင်း ငါးရာ့ငါးဆယ်လာဇာတ်တော်များဖြင့် ဟောကြားတော်မူခဲ့သည်။ ❖

ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တော်အခါက ကပိလဝတ်ပြည်နှင့် ကောလိယပြည်မှ လယ်သမားများသည် နှစ်ပြည်ထောင်ကြားရှိ ရောဟဏီမြစ်ရေလုကြရာမှစ၍ အဆင့်ဆင့်ရန်ပွဲကြီးဖြစ်ရာ နှစ်ပြည်ထောင်တို့ စစ်ခင်းကြရမည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ရောဟဏီမြစ်ဘေးတွင် နှစ်ဖက်စလုံးပင် တုတ်၊ ဓား၊ လက်နက်များ ကိုင်ဆောင်ထားပြီး ထိုးခုတ်တော့မည့် အနေအထားဖြစ်နေစဉ်မှာပင် ဗုဒ္ဓမြတ်စွာဘုရားရှင် ရောက်ရှိလာခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်က အချင်းချင်းခိုက်ရန်ဖြစ်ပွားခြင်း၏အပြစ်ကို လည်းကောင်း၊ အချင်းချင်းစည်းလုံးညီညွတ်ခြင်း၏အကျိုးကို လည်းကောင်း ငါးရာ့ငါးဆယ်လာဇာတ်တော်များဖြင့် ဟောကြားတော်မူခဲ့သည်။

ထိုကဲ့သို့ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ငါးရာ့ငါးဆယ်လာဇာတ်တော်များဖြင့် ဟောကြားခဲ့ရာ နှစ်ပြည်ထောင်မင်းတို့ စစ်ပြေငြိမ်းခဲ့ကြသည်။ ထို့ကြောင့် နှစ်ပြည်ထောင်တို့သည် သွေးချောင်းစီးမည့်အရေးမှ စစ်ပြေငြိမ်းစေခဲ့သော ဗုဒ္ဓမြတ်စွာဘုရားရှင်ကို ကျေးဇူးတင်လွန်း၍ တစ်ဖက်လျှင် မင်းသား ၂၅၀ စီဖြင့် မင်းသား ၅၀၀ တို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့သည်။ ထိုရဟန်းငယ် အပါး ၅၀၀ တို့သည် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ဝန်းရံလုပ်ကျွေးခဲ့သော်လည်း မိမိတို့၏ဇနီးမယားတို့ကို အောက်မေ့တမ်းတမိပြီး သာသနာ့ဘောင်၌ မပျော်မွေ့နိုင်ကြပေ။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဂါထာသုံးရာဖြင့် တန်ဆာဆင်အပ်သော အသီတိနိပါတ်ကုဏာလဇာတ်တော်ကို ဟောကြားဆုံးမခဲ့ရာ ရဟန်း အပါး ၅၀၀ လုံး သောတပန်တည်သွားကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ကုဏာလရေအိုင်မှ ကပိလဝတ်ပြည်အနီးရှိ မဟာဝုန်တောကြီးသို့ ပြန်လည်ကြွတော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ နောက်တော်မှ လိုက်ပါလာသည့် ရဟန်းအပါး ၅၀၀ တို့သည် မဟာဝုန်တောကြီးအတွင်း၌ ဆက်လက်တရားအားထုတ်ကြရာ အားလုံးရဟန္တာဖြစ်သွားခဲ့သည်။ ရဟန္တာ ၅၀၀ တို့သည် နယုန်လပြည့်နေ့ ညချမ်းအချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရှေ့မှောက်သို့ စုဝေးရောက်ရှိလာသည်။ ထိုသို့ စုဝေးရောက်ရှိလာကြကုန်သော ထူးကဲလှသည့်သံဃာ့အစည်းအဝေးကြီးကို ဖူးမြော်ကြည်ညိုလိုကြသော နတ်၊ ဗြဟ္မာ၊ အသူရာ၊ နဂါး၊ ဂဠုန်တို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိလာကြရာ မဟာဝုန်တောကြီးဝန်းကျင်၌ စကြဝဠာတိုက်တစ်သောင်းမှ စုဝေးရောက်ရှိလာကြသော နတ်ဗြဟ္မာတို့ဖြင့် ပြည့်ကျပ်သွားသည်။ ထိုသို့ ပြည့်ကျပ်လွန်းသဖြင့် ခန္ဓာကိုယ်ကို မှုန်မှုန်မွှားမွှားကလေးဖြစ်အောင် ဖန်ဆင်းနေကြရသည်။

ထိုကဲ့သို့ နယုန်လပြည့်နေ့တွင် နတ်ဗြဟ္မာများ စုရုံးစည်းဝေးကြသည့်အခါကို "မဟာသမယ" ဟု ခေါ်ခြင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် များစွာသော နတ်ဗြဟ္မာအပေါင်းတို့၏ အစည်းအဝေးကြီးဟု ဆိုလိုခြင်းဖြစ်သည်။ အဆိုပါနတ်သဘင်အစည်းအဝေးတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်က နတ်ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြားနှုတ်ဆက်သောစကားတော်များကို "မဟာသမယသုတ်" ဟု ခေါ်ဝေါ်ခြင်းပင် ဖြစ်သည်။ မဟာသမယသုတ္တန်ကို ဟောကြားတော်မူပြီး သုတ်တော်အဆုံး၌ နတ်ဗြဟ္မာကုဋေတစ်သိန်း အရဟတ္တဖိုလ်ပေါက်ရောက်ရှိကြ၏။ သောတာပန်၊ အရိယာ စသည့် အရေအတွက်ကား ရေတွက်၍မရနိုင်လောက်အောင် များပြားလှသည်။

**မဟာသမယသုတ်ရွတ်ဖတ်ရခြင်းအကျိုး**

မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းအားဖြင့် ဘေးဒဏ်အန္တရာယ် ရန်စွယ်ခပ်သိမ်း ကင်းငြိမ်းချမ်းသာခြင်း၊ နတ်ဗြဟ္မာအပေါင်း နှစ်ထောင်းအားရအလွန်ချစ်မြတ်နိုးမှုခံရခြင်း၊ ရုန့်ရင်းကြမ်းတမ်းသောနတ်တို့ကိုလည်း စိတ်နှလုံး နူးညံ့စေခြင်း၊ တစ္ဆေ၊ မြေဘုတ်ဘီလူးတို့ နှောင့်ယှက်မှုဘေးမှ ကင်းဝေးခြင်း၊ အချင်းချင်းမေတ္တာသက်ဝင်၍ စိတ်အေးချမ်းစေခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေသည်။ ထို့ကြောင့် မြန်မာပြည်တစ်ဝန်းမေတ္တာသက်ဝင်၍ ရန်စဟူသမျှ ကင်းစင်ပပြီး ငြိမ်းချမ်းသာယာစေရန်အလို့ငှာ နယုန်လပြည့်အခါသမယ၌ မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြပါရန်၊ ကုသိုလ်တရားများ ပွားများအားထုတ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **မဟာသမယသုတ်တော်သမိုင်း (မဟာစည်ဆရာတော်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# Uncharted နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးထုတ်လုပ်မှု လုပ်ဆောင်နေဆဲဖြစ်




**နယူးယောက် ဇွန် ၁၉**

Uncharted နောက်ဆက်တွဲ ဇာတ်ကားသစ် ရိုက်ကူးထုတ်လုပ်မှု လုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်ဟု ဆိုနီရုပ်ရှင်ကုမ္ပဏီက အတည်ပြုထားကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Uncharted(2022) စွန့်စားမှုအက်ရှင်ဇာတ်ကား အောင်မြင်မှုရရှိခဲ့ပြီးနောက် Uncharted နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ဆက်လက်ရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်သည်။ Uncharted နောက်ဆက်တွဲတွင် ဇာတ်ကားသစ်ကို Uncharted: Drake's Fortune အမည်ရှိ ဗီဒီယိုဂိမ်းကို အခြေခံရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Uncharted နောက်ဆက်တွဲ ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းမှာ ရေးသားပြီးစီးနေပြီဖြစ်သည်။

မူလ Uncharted (2022) ဇာတ်ကားကို ဒါရိုက်တာ ရူဘင်ဖလက်ချာက ရိုက်ကူးပေးထားပြီး မင်းသား တွမ်ဟော်လန်း၊ မာ့ဝေဘာ့နှင့် အန်တိုနီယိုဘန်ဒါရက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါဇာတ်ကားသည် အထူးအောင်မြင်ခဲ့ပြီး ကမ္ဘာ့တစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၇ သန်းထိရရှိခဲ့ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# ကတ်သရင်းဘီဂျီလော၏ ဇာတ်ကားသစ်တွင် မင်းသား ဂါဘရီယယ်ဘက်ဆို ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇွန် ၁၉**

အော်စကာဆုရ ဒါရိုက်တာ ကတ်သရင်းဘီဂျီလော၏ လျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား ဂါဘရီယယ်ဘက်ဆို ပါဝင်သရုပ်ဆောင်ဖွယ်ရှိကြောင်း ဇွန် ၁၈ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ဂါဘရီယယ်ဘက်ဆိုသည် အထက်ပါဇာတ်ကားသစ်၌ ပါဝင်သရုပ်ဆောင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

အပြီးသတ်သဘောတူညီချက်ရရှိခဲ့ပါက မင်းသား ဂါဘရီယယ်ဘက်ဆိုသည် မင်းသား အိုက်ဒရစ်အယ်ဘာ၊ မင်းသမီး ရီဘက်ကာဖာဂူဆန်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အထက်ပါ ရုပ်ရှင်ဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်အပါအဝင် အသေးစိတ်အချက်အလက်များကို မသိရသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားသည် အမေရိကန်နိုင်ငံရေးလောကကို နောက်ခံထားသည့် လျှို့ဝှက်သည်းဖိုဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ထုတ်ဖော်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# Tuition ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်သစ်များ ခေါ်ယူ

**ရန်ကုန် ဇွန် ၁၉**

လူငယ် ဒါရိုက်တာ မင်းသန့်မောင်မောင် တာဝန်ယူပုံဖော်ဖန်တီးမည့် Tuition ရုပ်သံဇာတ်လမ်းတွဲအတွက် သရုပ်ဆောင်သစ်များကို ဇွန် ၁၈ ရက်မှစ၍ ခေါ်ယူနေကြောင်း ၎င်းက ပြောပြ၍ သိရသည်။

Tuition ရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာလတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲအတွက် လိုအပ်သည့်သရုပ်ဆောင်သစ် ခုနစ်ဦးကို ခေါ်ယူနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က အနုပညာဝါသနာပါသူတွေကို လျှောက်လွှာခေါ်ယူတာပါ။ ရွေးချယ်ခံရသူရဲ့ Talents တွေကို ကျွန်တော်ရိုက်ကူးပုံဖော်မဲ့ Tuition ဆိုတဲ့ Series အသစ်လေးမှာ Casting ခေါ်နေပါတယ်။ ဒီဇာတ်လမ်းတွဲအတွက် Character Roles တွေအတွက် ခုနစ်ယောက်ကို ရွေးချယ်မှာပါ။ Character Roles တွေ တစ်ပုံချင်း ကြည့်ရှုပြီးတော့ ကိုယ်ပါဝင်သရုပ်ဆောင်လိုတဲ့ Character တစ်ခု သို့မဟုတ် တစ်ခုအထက်ကို လျှောက်လွှာ Form တွေ သေချာထည့်ရေးပေးလို့လဲရပါတယ်။ ခုလိုအနုပညာဖန်တီးမှု အသစ်တွေကို အတူတူဖန်တီးဖို့အတွက် စိတ်ဝင်စားရင် လာရောက်လျှောက်ထားနိုင်ပါတယ်"ဟု ဒါရိုက်တာ မင်းသန့်မောင်မောင်က ပြောပြသည်။




Tuition ရုပ်သံဇာတ်လမ်းတွဲကို AIM Treasure နှင့် Apexvision Entertainment တို့က ရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ ပါဝင်သရုပ်ဆောင်လိုသူများအနေဖြင့် ခြောက်လအတွင်း ရိုက်ကူးထားသည့် မျက်နှာတည့်တည့် ပုံတစ်ပုံ၊ မျက်နှာဘေးတိုက် ရိုက်ကူးထားသည့် ပုံတစ်ပုံ၊ ကိုယ်လုံးပေါ်ပုံတစ်ပုံဖြင့် လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသူများသည် Form ဖြည့်စွက်ပြီး https://www.facebook.com / 61561084526693 / posts/ 12209584 898636 9484/? link မှတစ်ဆင့် ဝင်ရောက်ကြည့်ရှုကာ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ AIM Treasure နှင့် Apexvision Entertainment တို့သို့ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ASH**

# တန့်ယန်းမြို့နယ် မန်ကျောင်းကျေးရွာ၌ စီမံကိန်းမိတ်ဆက်ခြင်းနှင့်ကော်မတီဖွဲ့စည်း

**တန့်ယန်း ဇွန် ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းကောင်ကျေးရွာအုပ်စု မန်ကျောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့်ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)အကြောင်း အရာများ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော မန်ကျောင်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ပေးခဲ့ကြသည်။

တန့်ယန်းမြို့နယ် မန်ကျောင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေများကို အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာမှ ရွေးချယ်ထားသောကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ပြောပြ၍ သိရသည်။

**မောင်နိုင်**

# တေးရေးတေးဆို ဂီတာဇော်မင်း၏ နှင်ဟာငါအချစ်ဆုံး သီချင်း Music Video ထွက်ရှိ

**ရန်ကုန် ဇွန် ၁၉**

တေးရေး တေးဆို ဂီတာဇော်မင်း၏ မွေးနေ့အထိမ်းအမှတ်အဖြစ် နှင်ဟာငါအချစ်ဆုံး သီချင်း Music Video (MV) ယနေ့တွင် ထွက်ရှိကြောင်း ၎င်းက ပြောပြ၍ သိရသည်။

နှင်ဟာငါ့အချစ်ဆုံး သီချင်း Music Video(MV) တွင် ဝါရင့်တေးသံရှင် ဂျေမောင်မောင်နှင့် တေးရေးတေးဆို ဂီတာ ဇော်မင်းတို့ကိုယ်တိုင် သီဆိုသရုပ်ဆောင်ထားကြောင်း သိရသည်။

"မွေးနေ့အထိမ်းအမှတ်အနေနဲ့ ကျွန်တော် ၁၉၈၇ ခုနှစ်က ရေးထားခဲ့တဲ့ နှင်ဟာငါအချစ်ဆုံး သီချင်းလေးကို ဗားရှင်းအသစ်နဲ့ ခုခေတ်လူငယ်ကြိုက်ပုံစံလေး ပြောင်းပြီးတော့ ကျွန်တော်နဲ့ ကိုဂျေမောင်မောင်တို့ သီဆိုထားပါတယ်။ ကိုယ်တိုင်လဲ သရုပ်ဆောင်ထားပါတယ်။ အဲဒါ သီချင်းလေးကို ဒီနေ့ထုတ်လွှင့်ပါမယ်။ နောက်လူငယ်တေးသံရှင်တွေဖြစ်တဲ့ မို့မို့ကျော်လွင်တို့ ခိုညားတို့ သီဆိုသရုပ်ဆောင်မဲ့ တေးသီချင်းတွေလဲ ဆက်တိုက်ထုတ်လွှင့်သွားဖို့လဲရှိပါတယ်။ အားလုံး တေးသီချင်း Music Video (MV) အနေနဲ့ ငါးပုဒ်လောက် ဆက်တိုက်ထုတ်လွှင့်သွားဖို့ရှိပါတယ်။ ပထမဆုံးကတော့ ကိုဂျေမောင်မောင်နဲ့ နှင်ဟာငါအချစ်ဆုံး သီချင်းဆိုတာပါ"ဟု တေးရေး တေးဆို ဂီတာ ဇော်မင်းက ပြောပြသည်။

နှင်ဟာငါအချစ်ဆုံး သီချင်း Music Video (MV) ကို တေးရေး တေးဆို ဂီတာ ဇော်မင်းက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးထားခြင်းဖြစ်ပြီး မွေးနေ့အထိမ်းအမှတ် သီချင်း Music Video (MV) များကို ဆက်တိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ASH**



# Retired member of SSMNC Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa dead and retired member of SSMNC Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa and driver wounded in attacks of PDF terrorists


Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa, who was wounded in the PDF terrorists' attack, seen receiving medical treatment.

**Nay Pyi Taw June 19**

Security forces taking security measures in the region between MyothaTown and Kamma Village at about 1.30 pm today were blown up by PDF terrorists under scrutiny for their number, and then both sides exchanged fire.

In the incident, at a time when the security forces were attacked by mines, a vehicle driving from Thakyin Village to Myotha Town arrived at the scene of attacks. Due to attacks of PDF terrorists, the vehicle plunged into the roadside and caused upside down at about 250 metres from the scene.

After the incident, security forces inspected the vehicle where they found a Sayadaw who was dead in mine attacks of PDF terrorists and rescued one more wounded Sayadaw and a wounded driver. In the incident, the preliminary investigation found that the Sayadaw who was dead with injury caused by small arm attacks at the occiput is Retired member of the State Sangha Maha Nayaka Committee Win Neinmitayon Monastery Sayadaw Bhaddanta Munindabhivamsa of Bago in Bago Region, and the Sayadaw injured with glass pieces is retired member of SSMNC Kanthonhsint Buddhism Learning Centre Sayadaw Bhaddanta Gunikabhivamsa from Mingaladon Township of Yangon Region. Driver U Kyaw Win was wounded at his right arm by small arm attack.

The remains of the dead Sayadaw and injured Sayadaw and injured driver have been sent to the military hospital in the Nanmyo from TadaU People's Hospital of Mandalay to receive medical treatment. Security measures are being taken at vicinity of the incident. With regard to the incident, driver U Kyaw Win explained as follows: -

I am driver Ko Kyaw Win. As two Sayadaws Bhaddanta Munindabhivamsa and Bhaddanta Gunikabhivamsa have some issues about Dhammayon in the village, they came along with me. At the exit of Kamma Village, PDF terrorists opened fire seven times, so Sayadaw Bhaddanta Munindabhivamsa was dead, and U Gunikabhivamsa was injured and I was wounded at my hand seriously. Now, Tatmadaw gives treatment to us.

The two SSMNC retired member Sayadaws arrived at TadaU Airport from Yangon at 10 am yesterday to attend the preliminary coordination meeting before the Shwegyin Nikaya Centre meeting to be held on 20 June 2024 at Maha Withokdayon Taikthit (Shwegyin Nikaya Centre) in Mandalay of Mandalay Region. While going to Kamma Village of Ngazun Township, the native of Kanthonhsint Sayadaw, along TadaU-Ngawun-Thakyin-Kamma road by car, they were attacked by PDF terrorists. 100

# Some 18 Irrawaddy dolphins move to Mandalay and Mingun

**Mandalay June 19**

About 18 Irrawaddy dolphins inhabit near Mandalay and Mingun as water level of Ayeyawady river is low, said U Maung Maung Lay, leader of Irrwaddy dolphin protection team of Mandalay Region Fisheries Department.

Flocks of the dolphins move in the river. In the past, they inhabited near Myaysun Village of Madaya Township. Starting from 17 June, they are seen near Mandalay and Mingun.

"Due to plentiful feeds, dolphins move to Mandalay and Mingun regions, and they are seen by fishermen on 16 June," he added.

At present, the river is filled with water, about 18 dolphins can be seen near Mandalay and Mingun. Travellers wishing to watch habitats of these dolphins can visit Mandalay and Mingun.

"At present, no death of dolphin is seen between Mandalay and Kyaukmyaung protection area. Likewise, no calf is also found there. If fishermen find see them, they have to contact our team," he continued. 184


Irrawaddy dolphins being spotted in the Ayeyawady River.

# More than 2,500 acres of pigeon pea planted in ChaungU Township

**ChaungU June 19**

According to the statistics of Chaungu Township Agriculture Department, a total of 2,560 acres of pigeon pea was cultivated in ChaungU Township of Sagaing Region this monsoon.

The township earmarked 20,300 acres of pigeon pea but local farmers planted 2,560 acres against the target.

"So far, local farmers have planted more than 2,000 acres of pigeon pea against the target of 20,000 acres this monsoon. Our department helps local farmers boost per-acre yield of crops. Local farmers grow pigeon pea as mixed crop," said Daw Khin Myat Myat Oo, Head of ChaungU Township Agriculture Department.

This year, agricultural staff raise farmer awareness for choosing quality of crops, agricultural technique, prevention of pests and high per-acre yield.

Moreover, township agriculture department distributes folio fertilizer and use of urea fertilizers to local farmers. 206

# 11 dead, over 60 missing in shipwrecks off Italian coast

**Rome June 19**

Two shipwrecks occurred Monday off the Italian coasts, killing at least 11 migrants, while another 66 remain missing, the Italian authorities said.

A search and rescue operation by Italy's coast guard is ongoing in the Mediterranean as of late on Monday, hours after two migrant boats encountered problems near the Italian coasts.

A merchant ship in the area conducted the initial rescue after launching an SOS call as it discovered a wooden sailboat in distress some 120 miles (193 km) off the coast of Calabria in southern Italy.

The merchant ship rescued 12 people and assisted them until an Italian oast guard vessel arrived. One woman died shortly after disembarkation due to severe medical conditions, according to the Coast Guard.

"Searches for possible survivors of the shipwreck of the sailing boat continue," the Coast Guard said in a statement.

The Coast Guard specified that two Italian patrol boats and an ATR42 aircraft were currently involved in the search, and another patrol ship with medical teams on board would soon join them in the area. As of Monday evening, no more survivors have been found.

Xinhua

# Mandalay Zaycho market sees high demand for goods and fruits



Fruit and vegetables for sale in Mandalay Zaycho market.

**Mandalay June 19**

There is a good trade of all kinds of goods and fruits in Zaycho market in Mandalay, according to U Aung Myint Thein, the chairman of the board of trustees of the market.

The market is a large market that sells many kinds of goods, including dry goods, clothes, consumer goods, and food products, as well as a variety of fruits with retail and wholesale prices.

It is reported that sales of all kinds of goods and fruits in the market have recovered since the second week of June.

"The sales of grocery items such as dried fish, pork sausage, chicken sausage, pickled tea leaves, packets of noodles, chilies, tomatoes, onions, garlic and chickpeas are good. In addition, fruit and vegetables have been sold in the market," he continued.

The current monsoon season has begun, but the fruit stalls in the market are selling papayas, watermelons, strawberries, and oranges as usual.

Similarly, the sales of cosmetics and consumer goods, including clothing items that entered from China are also recovering as usual. 184

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Homalin Township farmers cultivate 25,972 acres of rain-fed crops

**Homalin June 19**

A total of 25,972 acres of rain-fed crops have been planted in Homalin Township this year, according to Department of Agriculture for Homalin Township.

During the 2024-2025 rain crop planting season, 91,143 acres of rain-fed crops have been earmarked to be planted in Homalin Township and 25,972 acres have been planted since May this year.

In Homalin Township, there were 285 acres of millets, 10 acres of beans and pulses, 8,236 acres of industrial crops, 300 acres of areca palm, 92 acres of spices, 12,892 acres of other edible plants, 15 acres of medicinal plants, and 4,142 acres of other non-edible crops, planted this year.

During the 2024-2025 rain crop planting season, 64,475 acres of millets, 210 acres of beans and pulses, 23 acres of oil crops, 8,395 acres of industrial crops, 288 acres of areca palm, 210 acres of spices, 13,602 acres of other edible plants, 15 acres of medicinal plants, and 4,225 acres of other non-edible crops, have been earmarked to be planted in Homalin Township. 206



A vegetable plantation.

# Kanbalu Township farmers sow 11,472 acres of rain-fed beans and pulses

**Kanbalu June 19**

A total of 11,472 acres of beans and pulses have been planted in Kanbalu Township in this year rain crops planting season, according to statistics from the Department of Agriculture for Kanbalu Township.

In 2024-2025 rain crops planting season, 229,821 acres of beans and pulses have been earmarked to be planted in Kanbalu Township and since May, 7,848 acres of green beans and 3,624 acres of pigeon peas have been planted, totaling 11,472 acres.

"We are working to be able to plant the targeted acres. To increase the cultivation of pulses, we are working for the use of high-yielding varieties of beans and pulses, correct planting method and the proportional use of local manure," said U Myo Zaw, head of the Department of Agriculture for Kanbalu Township.

In the 2024-2025 rain crops planting season, 90,594 acres of green beans, 136,124 acres of pigeon peas, 2,300 acres of sultapya, 800 acres of butter beans, 3 acres of other beans, have been earmarked to be planted in Kanbalu Township. 206

# Pwintbyu Township farmers cultivate 1,361 acres of rain-fed oilseed crops

**Pwintbyu June 19**

A total of 1,361 acres of oilseed crops such as peanuts, sesame and sunflower have been planted in Pwintbyu Township, Magway Region this year's rain crop planting season, in order to ensure the region's self-sufficiency in oil consumption and the development of the oil crop production sector, said Daw Moe Moe Wai, head of the Department of Agriculture for Pwintbyu Township.

During the 2024-2025 rain crop planting season, local farmers planted 13,395 acres of sesame, 1,661 acres of peanuts and 930 acres of sunflower under the supervision of the Department of Agriculture for the township in order to ensure the region's self-sufficiency in edible oil and to further develop the oilseed production sector, totaling 15,986 acres of oilseed crops.

"The local farmers have started planting the oilseed crops with the rain that has fallen in July. To date, 1,323 acres of sesame, 21 acres of peanuts, and 17 acres of sunflowers, totaling 1,361 acres of oilseed crops, have been planted," she said.

Ye Win Naing (NyaungU)



Land preparations under way to grow an oil crop.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## Anduril ကုမ္ပဏီက အမေရိကန်ရေတပ်၏ SM-6 ဒုံးကျည်အတွက် Solid Rocket Motor ကို တီထွင်မည်



**Anduril Industries** ကုမ္ပဏီသည် အမေရိကန်ရေတပ်၏ **Standard Missile-6(SM-6)**ဒုံးကျည်အတွက် အစိုင်အခဲ ဒုံးပျံမော်တာ(**Solid Rocket Motor**)ကို တီထွင်ပေးမည်ဖြစ်ကြောင်း ဇွန် ၁၂ ရက်က ကြေညာခဲ့သည်ဟု **The Defense Post** သတင်းဌာနက ဇွန် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်ဒေါ်လာ ၁၉ သန်း တန်ဖိုးရှိ ဝယ်ယူရေးသဘောတူစာချုပ်တွင် စွမ်းဆောင်ရည်မြင့် အချင်း ၂၁ လက်မရှိသော နှစ်ဆင့်ကွဲဒုံးပျံမော်တာကို သရုပ်ပြသရန် လိုအပ်မည်ဖြစ်ပြီး အမေရိကန်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ **Anduril Industries** အနေဖြင့် သရုပ်ပြသမည့်ရက်စွဲကိုမူ သတ်မှတ်ဖော်ပြထားခြင်းမရှိသေးပေ။

မော်တာသည် **SM-6** ဒုံးကျည်ဗားရှင်းတစ်မျိုးကိုအဆင့်မြှင့်ပြီး လျင်မြန်စွာရွေ့လျားနေသော ခြိမ်းခြောက်မှုများကို တုံ့ပြန်ကာကွယ်ရန် ကူညီပေးနိုင်လိမ့်မည်ဖြစ်သည်။

ဘက်တူပြိုင်ဘက်များနှင့် နိုင်ငံမဟုတ်သောရန်ဘက်အဖွဲ့အစည်းများထံမှ ခြိမ်းခြောက်မှုများသည် ပိုမိုအဆင့်မြင့်ကျယ်ပြန့်လာသည်နှင့်အမျှ ခြိမ်းခြောက်မှုကို လိုက်လျောညီထွေဖြစ်စွာ တုံ့ပြန်နိုင်ရန်မှာ ဒုံးပျံမော်တာဖြည့်တင်းပံ့ပိုးရေးစခန်းကို တိုးချဲ့လုပ်ဆောင်သွားရန် လိုအပ်နေသည်ဟု **Anduril** ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ **Neil Thurgood** က ပြောကြားခဲ့သည်။

စာချုပ်အတွက် လုပ်ငန်းဆောင်ရွက်မှုများကို အလာဘားမားပြည်နယ်နှင့် မစ္စစ္စပီပြည်နယ်ရှိ **Anduril** ကုမ္ပဏီ၏စက်ရုံများတွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

ကုမ္ပဏီ၏အဆိုအရ မကြာသေးမီက အဆိုပါသဘောတူညီချက်သည် ဒုံးပျံမော်တာစနစ်များကို ပံ့ပိုးပေးရေးအတွက် အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ၎င်း၏ပထမဆုံးချုပ်ဆိုနိုင်ခဲ့ခြင်းလည်းဖြစ်သည်ဟု သိရသည်။

၎င်းသည် ကုန်ထုတ်လုပ်မှုစွမ်းရည်ကို မြှင့်တင်ရန် **Anduril** ကုမ္ပဏီ၏စဉ်ဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှုများနှင့် ကွက်တိကျနေပြီး ပထမဦးစွာ ၎င်း၏ ဒုံးပျံမော်တာစနစ်များထုတ်လုပ်ရေးတွင် လုပ်သားအင်အား သုံးဆတိုးမြှင့်ခန့်ထားခြင်းနှင့်လည်း တိုက်ဆိုင်နေသည်။

ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက်ကုမ္ပဏီ၏ ဧက ၄၅၀ ကျယ်ဝန်းသော စက်ရုံပရိဝုဏ်ကိုလည်း အချင်း ၄၂ လက်မထိမြင့်မားသော အစိုင်အခဲလောင်စာသုံး ဒုံးပျံမော်တာများ ထုတ်လုပ်နိုင်စေရန် အဆင့်မြှင့်တင်ထားသည်။

ကျွန်ုပ်တို့၏ အဆင့်မြင့်သောဒီဇိုင်း၊ ထုတ်လုပ်မှုနှင့်သိပ္ပံနည်းကျချဉ်းကပ်မှုများကို အမေရိကန်ရေတပ်၏ **SM-6** ဒုံးကျည် အစီအစဉ်နှင့်အတူ အကောင်အထည်ဖော်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ အဆိုပါအစီအစဉ်တွင် ကျွန်ုပ်တို့၏ ကြိုးပမ်းလုပ်ဆောင်မှုမှတစ်ဆင့် မျိုးဆက်သစ်စွမ်းဆောင်ရည်နှင့် အကြီးစားထုတ်လုပ်နိုင်စွမ်းကိုပေးအပ်ရန်မျှော်လင့်မိကြောင်း **Thurgood** က ထည့်သွင်းပြောကြားခဲ့သေးသည်။

အမေရိကန်နိုင်ငံ **Raytheon** (ယခု **RTX**) က တီထွင်ထုတ်လုပ်ထားသည့် **SM-6** ဒုံးကျည်သည် ဝေဟင်စစ်ဆင်ရေး၊ ပဲ့ထိန်းဒုံးကျည်ကာကွယ်ရေးနှင့် သင်္ဘောဖျက်တိုက်ခိုက်မှုများကို လုပ်ဆောင်နိုင်သည့် တာဝန်ပေါင်းများစွာကို ထမ်းဆောင်နိုင်သော ဘက်စုံသုံး ဒုံးကျည်ဖြစ်သည်။ ၎င်းဒုံးကျည်သည် နှစ်ဆင့်ကွဲ အစိုင်အခဲလောင်စာသုံးအမျိုးအစားဖြစ်ပြီး ဖောက်ခွဲဖျက်ဆီးတိုက်ခိုက်သည့်ယာဉ်သည် ပစ်မှတ်များကို တိကျမြန်ဆန်စွာတိုက်ခိုက်ဖျက်ဆီးနိုင်ရန် အားမြှင့်ကိရိယာ(**Booster**)မှ သပ်သပ်စီခွဲထွက်သွားရန် လိုအပ်မည်ဖြစ်သည်။ **SM-6** ဒုံးကျည်သည် မှတ်တမ်းတင်ထားသော စစ်ဆင်ရေးထိရောက်အကွာအဝေးမှာ ကီလိုမီတာ ၃၇၀ နှင့် တစ်စက္ကန့်လျှင် အမြန်နှုန်း ၁ ဒသမ ၀၃ ကီလိုမီတာထိ ပျံသန်းတိုက်ပွဲဝင်နိုင်သည်။ **SM-6** ဒုံးကျည်သည် တစ်မျိုးတည်းဖြင့် သုံးနေရာသုံးနိုင်သည့် **Three Missiles in One** ဒုံးကျည်မျိုးဖြစ်သည်။ ဆိုလိုသည်မှာ လေကြောင်းရန်၊ ရေကြောင်းရန်နှင့် ပဲ့ထိန်းဒုံးကျည်ရန်တို့ကို ပင်လယ်ပြင်အခြေပြု ကာကွယ်တိုက်ဖျက်နိုင်စွမ်းရှိသည်ကို ဆိုလိုခြင်းဖြစ်ကြောင်း **RTX** ကုမ္ပဏီက ၎င်း၏ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

**Anduril to Develop Solid Rocket Motor for US Navy's SM-6 Missile ကို ဘာသာပြန်ဆိုထားပါသည်။**

## ရိုမေးနီးယားနိုင်ငံက ယူကရိန်းကို Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်ပေးအပ်ရန် စဉ်းစားနေ

ရိုမေးနီးယားနိုင်ငံသည် **Riga** မြို့ရှိ အဆင့်မြင့်ဆုံး အမျိုးသားကာကွယ်ရေးကောင်စီ(**CSAT**)၏ **B9** ထိပ်သီးအစည်းအဝေးတွင် ယူကရိန်းကို **Patriot** လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်ပေးအပ်ရန် စဉ်းစားနေကြောင်းနှင့် လာမည့်အပတ်တွင် ထိုအကြောင်းအရာနှင့်ပတ်သက်၍ ဆက်လက်ဆွေးနွေးသွားရန်ရှိကြောင်း ရိုမေးနီးယားသမ္မတ **Klaus Iohannis** က ဇွန် ၁၁ ရက်တွင် ကြေညာခဲ့သည်ဟု **Army Recognition** သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားထံမှ လေကြောင်းခြိမ်းခြောက်မှုများ အားကောင်းလာချိန်တွင် ရိုမေးနီးယားနိုင်ငံသည် နိုင်ငံ၏ကာကွယ်ရေးစွမ်းအားအပေါ် ချိန်ထိုးသုံးသပ်နေချိန်၌ ယခုကဲ့သို့ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

သမ္မတ **Iohannis** ၏အဆိုအရ **Patriot** စနစ် ယူကရိန်းကိုပေးအပ်ရန် ကြန့်ကြာနေမှုနှင့်ပတ်သက်ပြီး **CSAT** အစည်းအဝေး၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရိုမေးနီးယားနိုင်ငံ၏ အမျိုးသားလုံခြုံရေးအတွက် လက်နက်စနစ်၏အရေးကြီးပုံကို မီးမောင်းထိုးပြပြီး အဆိုပါပြဿနာကိုဆွေးနွေးနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ယခုနှစ် မတ်လကုန်တွင် ယူကရိန်းသမ္မတ ဇီလန်စကီးက လက်နက်စနစ်တပ်ခွဲတစ်ခွဲလျှင် ဒုံးပစ်လောင်ချာ ခြောက်ခုမှ ရှစ်ခုထိ တပ်ဆင်ထားသော အနည်းဆုံး **Patriot** လေကြောင်းရန်ကာကွယ်ရေးစနစ် ၂၅ စုံ လိုအပ်မည်ဖြစ်ကြောင်း တောင်းဆိုခဲ့သည်။

ထိုတောင်းဆိုချက်အပေါ် ဂျာမနီနိုင်ငံက **Patriot** စနစ်များကို မဟာမိတ်နိုင်ငံများထံမှ အကူအညီရရန် အစပျိုးလုပ်ဆောင်ခဲ့ပြီး ဂျာမနီနိုင်ငံကလည်း တတိယမြောက် **Patriot** တပ်ခွဲကိုလွှဲပြောင်းပေးအပ်ခြင်းဖြင့် စံနမူနာပြသခဲ့သည်။

ထိုနည်းတူစွာ စပိန်နိုင်ငံသည် လက်နက်စနစ်တွင်အသုံးပြုသည့် ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များ ပံ့ပိုးပေးခြင်းဖြင့် ၎င်းကြိုးပမ်းမှုတွင် ပူးပေါင်းပါဝင်မည်ဟုလည်း ကတိပြုကြေညာခဲ့သည်။

ရိုမေးနီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက မကြာသေးမီက စိစစ်သုံးသပ်ချက်များအရ ရိုမေးနီးယားသည် ၎င်း၏ လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များကို လက်လွှတ်ရန်မဖြစ်နိုင်ဟု ကောက်ချက်ချခဲ့ကြောင်း **Antena 3 CNN** သတင်းဌာနက ထုတ်လွှင့်ပြောကြားခဲ့သည်။

လက်ရှိတွင် ရိုမေးနီးယားနိုင်ငံ၌ **Patriot** စနစ် ခုနစ်စုံ ပိုင်ဆိုင်ထားသည်ဟု ဆိုနိုင်သည်။ အမေရိကန်ထံမှ ၂၀၁၇ ခုနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃ ဒသမ ၉ ဘီလီယံဖြင့် ဝယ်ယူခဲ့ရာ ၎င်းတို့အနက် လေးစုံသာလက်ခံရရှိထားပြီး တပ်ခွဲတစ်ခွဲ တစ်နည်းအားဖြင့် တစ်စုံစာသာ အပြည့်အဝ လည်ပတ်နိုင်သေးသည်ဟု ၂၀၂၃ ခုနှစ် နိုဝင်ဘာလက ကြေညာခဲ့သည်။

အဆိုပါလက်နက်စနစ်များ၏ စုစုပေါင်းကုန်ကျစရိတ်မှာ ခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလီယံခန့်ရှိပြီး ရိုမေးနီးယားနိုင်ငံ၏ ကာကွယ်ရေးသမိုင်းတွင် အကြီးမားဆုံးဝယ်ယူရေးလုပ်ဆောင်ခဲ့မှုတစ်ရပ်လည်းဖြစ်သည်။

ဤအသုံးစရိတ်သည် ရိုမေးနီးယား၏ ကာကွယ်ရေးဆိုင်ရာ ကတိကဝတ်အဆင့်အတန်းနှင့် စစ်လက်နက်တိုက်ရှိ **Patriot** လက်နက်စနစ်များ၏ မဟာဗျူဟာမြောက်တန်ဖိုးကြီးမားမှုကို အလေးပေးဖော်ပြသည်။

သို့သော် သမ္မတ **Iohannis** သည် **Patriot** လက်နက်စနစ်ကို ပေးအပ်ရန် ဆုံးဖြတ်ချက်သည် စစ်ဘက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် **CSAT** အတွင်း၌ အကြောက်အကန်ညှိနှိုင်းပြီးနောက်မှသာ ဆုံးဖြတ်ချက်ကို ချမှတ်နိုင်လိမ့်မည်ဟု အလေးပေးပြောကြားခဲ့ပြီး သတိကြီးစွာထားရမည့်ကိစ္စဖြစ်ကြောင်း သိရသည်။

အမျိုးသားလုံခြုံရေး၏ ထိလွယ်ရှလွယ်ဖြစ်မှုနှင့် ဦးစားပေးရမည့်သဘောသဘာဝကို ထည့်သွင်းစဉ်းစားကာ ဤပြဿနာနှင့်ပတ်သက်၍ လူထုအငြင်းပွားမှုဖြစ်ပေါ်လာနိုင်မှုကို ပယ်ချခဲ့သည်။

ရိုမေးနီးယားနိုင်ငံ၏ ပေါင်းစည်းပြီး အပြန်အလှန်လုပ်ဆောင်နိုင်သော လေကြောင်းရန် ကာကွယ်ရေးစွမ်းရည်ကို ထိခိုက်စေနိုင်မည်ဖြစ်ပြီး ယူကရိန်းတွင် ရုရှား၏ လေကြောင်းတိုက်ခိုက်မှုများဖြင့် တိုက်ပွဲများပြင်းထန်နေသည့်ကြားမှ ရိုးမေးနီးယားနိုင်ငံ အရှေ့ဘက်ခြမ်းရှိ **NATO** မဟာမိတ်အဖွဲ့၏ စုပေါင်းကာကွယ်ရေးအတွက် ပံ့ပိုးကူညီနေမှုများကို အားနည်းသွားစေမည်ဖြစ်သည်။



ရိုမေးနီးယားနိုင်ငံသည် အလားအလာရှိသော ရန်လိုမှုမှန်သမျှကို လက်တုံ့ပြန်ရာတွင် ယုံကြည်စိတ်ချရလောက်သော အဟန့်အတားစွမ်းရည်ကို ထိန်းသိမ်းထားရမည်ဖြစ်ပြီး မိမိ၏ လက်နက်တိုက်မှ လက်နက်စနစ်ပိုင်ဆိုင်မှုများကို ထုတ်နုတ်ပေးမည်ဆိုပါက ၎င်းအဟန့်အတားကို အားနည်းသွားစေမည်ဖြစ်သည်။

အချုပ်ဆိုရလျှင် **Patriot** လက်နက်စနစ်များသည် ရိုမေးနီးယား၏ အလွှာပေါင်းစုံ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်တွင် အရေးပါသောအခန်းကဏ္ဍမှပါဝင်နေပြီး ၎င်းတို့ကင်းမဲ့သွားပါက ပြိုင်ဘက်ရန်သူများက အားနည်းချက်များအပေါ် အသုံးချသွားနိုင်ကာ နိုင်ငံ၏ အမျိုးသားလုံခြုံရေးနှင့် ဒေသတွင်းတည်ငြိမ်ရေးကို အန္တရာယ်ဖြစ်စေနိုင်ကြောင်း သိရသည်။

**Romania Considers Providing Patriot Air Defense System to Ukraine. ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးပြီးစီး



**ယင်းမာပင် ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ ငှက်ပျော ၂၈၇၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ အခုနောက်ပိုင်း လယ်ကန်သင်းတွေမှာ ငှက်ပျောစိုက်တာမျိုးလဲ တွေ့လာရတယ်။ ပိုးမွှားရောဂါ ကျရောက်မှုလဲ သက်သာတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ငှက်ပျောစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၃၄၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၂ ဧက၊ ပုလဲမြို့နယ်တွင် ၁၂၅ ဧက စုစုပေါင်း ၂၈၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် ငှက်ပျောစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၂၅၉ ဧက၊ ကနီမြို့နယ်တွင် ၂၃၄၁ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၅၂ ဧက၊ ပုလဲမြို့နယ်တွင် ၁၂၅ ဧက စုစုပေါင်း ၂၈၇၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ငှက်ပျော စိုက်တောင်သူများအနေဖြင့် မြေတစ်ဧကလျှင် ငှက်ပျောအပင် ၁၀၀၀ ခန့်ထိ စိုက်ပျိုးပြီး တစ်ဧကလျှင် အသီးသီးသည်ထိ စိုက်ပျိုးစရိတ်ငွေကျပ်သိန်း ၂၀ ထိ ကုန်ကျမှုရှိကြောင်း သိရသည်။

(၂၀၆)

# လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**လင်းခေး ဇွန် ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် လင်းခေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်နှင့် ဝန်ထမ်းများက လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က စီမံကိန်းရန်ပုံငွေများ ရေရှည်တည်တံ့စေရန်၊ ရန်ပုံငွေဆုံးရှုံးမှုများ မဖြစ်ပေါ်စေရန်နှင့် ကြွေးကျန်များ မပေါ်ပေါက်စေရေး အထူးအလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။



လင်းခေးမြို့နယ် နမ့်အွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၈ ခုနှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၅ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

# သနပ်ပင်မြို့နယ် အောင်ချမ်းသာကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သနပ်ပင် ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဖြေးဦးစွာ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကိုလျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကျေးရွာစိတ်ဓာတ်အကြောင်းကို ပြောကြားသည်။

ဆက်လက်၍ သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက အောင်ချမ်းသာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈၄ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ် မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ အောင်ချမ်းသာကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၄ ဦးကို ငွေကျပ် ၄၉၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၂ ဦးကို ငွေကျပ် ၈၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၉၆ ဦးကို ငွေကျပ် ၅၈၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၉-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဇေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွှေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဌသမရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား သွားရောက်ဖူးမြော်



**မန္တလေး ဇွန် ၁၉**

နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့ညနေပိုင်းတွင် သွားရောက်ဖူးမြော်သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများလိုက်ပါ၍ သီတဂူဝိပဿနာအကယ်ဒမီကျောင်း သီတဂူစန္ဒြကန္တိကျောင်းဆောင်သို့ ရောက်ရှိပြီး ဆရာတော်ကြီးအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော်ကြည်ညိုကာ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ တန်ခိုးကြီးဘုရားများနှင့် စေတီများရှိ သမိုင်းတန်ဖိုးကြီးမားသည့် ရှေးဟောင်းအမွေအနှစ်လက်ရာများ ဖော်ထုတ်ရေး၊ ရှေးမူမပျက် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး သီတဂူဆရာတော်ကြီးထံမှ ဩဝါဒများ ခံယူကာ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**




## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် ဇွန် ၁၉**

(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အထူးပြပွဲခင်းကျင်းပြသရန် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ဇွန် ၁၇ ရက်မှ ဇူလိုင် ၁၈ ရက်ထိ ခေတ္တပိတ်ထားမည်ဖြစ်သည်။ ဇူလိုင် ၁၉ ရက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ယခင်နှစ်များအတိုင်း အခမဲ့ဝင်ရောက်လေ့လာခွင့်ပြုမည်ဖြစ်ကြောင်း မေတ္တာရပ်ခံအသိပေးအပ်ပါသည်။

**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များကို မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

**ဒေါက်တာထွန်းတင့်**

## တို့၊ ပုတ်၊ ကက်၊ ကြ၊ ကျီ

(ယမန်နေ့မှအဆက်)

"ကက်"ဟူသော ဝေါဟာရကို ခရီးဆောင်မြန်မာအဘိဓာန်တွင် "စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုလှောင်ရာ ၆၄ တင်းဝင်ပုတ်ကြီး၊ ၆၄ တင်း ပမာဏ ချင့်ဝန်ဟူ၍ လည်းကောင်း၊ ဖဲချပ်သစ်သားဖြင့် ၆၄ ပြားရှိသော ဖဲ၊ ယင်းဖဲချပ်ပြားတို့ဖြင့် ကစားရသော ဖဲကစားနည်းဟူ၍ လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

'ကက်'သည် စပါး၊ ပဲ၊ ပြောင်း ၆၄ တင်း ပေါင်းစည်းရုံးစုသိုမှီးရာ အဆောက်အဦဖြစ်သည်ဟုဆိုသည်။ ဤတွင် "ကက်" ဆိုသည်မှာ ပေါ်လွင်သည်။ တစ်ဖန် "ကက်" ဆိုသည်မှာ ဖဲချပ်ပြား ၆၄ ပြားရှိသော ဖဲဟုဆိုပြန်ရာ ၆၄ တင်း ပေါင်းစုရာ အဆောက်အဦကို "ကက်"ဟုခေါ်သည်ကို လိုက်တုရ၍ ဖဲချပ်ပြား ၆၄ ပြားရှိသောဖဲတစ်ဖုံကို "ကက်" ဟုခေါ်လေသလောဟုလည်း တွေးတောဖွယ်ဖြစ်သည်။ သို့တည်းမဟုတ် ဖဲချပ်ပြား ၆၄ ပြားကို ပေါင်းစည်းဆက်စပ်၍ ကစားရသော ဖဲအဖုံဖြစ်၍ "ကက်"ဟု ခေါ်လေသလောဟုလည်း ဆင်ခြင်ရန်ဖြစ်ပေသည်။

စပါး၊ ပဲ၊ ပြောင်း သိုမှီးရာ "ကက်" ဆိုသည်မှာ အခိုင်အခံ့ဆောက်လုပ်ထားသော အဆောက်အအုံမဟုတ်ပါ။ ရှည်လျားသော ရိုင်၊ သို့မဟုတ် ရိုင်ပတ်ကို ပတ်ခွေထားသော အောက်ခံဖင်ပိတ်မပါသည့် အဆောက်အဦဖြစ်သည်။

### ကြ

"ကြ" ဟူသည် အဘယ်နည်း။ "ကြ" ဟူသည် စပါး၊ ပဲ၊ ပြောင်း ပေါင်းစည်းရုံးစုသိုမှီးရာ အဆောက်အအုံ ဖြစ်သည်။ စပါး၊ ပဲ၊ ပြောင်း ၂၅၆ တင်း ထည့်သွင်းသိုလှောင်နိုင်သည်။ စပါး၊ ပဲ၊ ပြောင်း၊ ၂၅၆ တင်းကိုလည်း တစ်ကြဟု ပင်ဆိုကြသည်။ "ကြ" ကို စပါး၊ ပဲ၊ ပြောင်း သိုလှောင်ရာအဆောက်အအုံဟု ခေါ်ဆိုသည်မှာ "ကြ" ၏ အဖွင့်အဓိပ္ပာယ်ဖြစ်သည်။ "ကြ"၏အနက်မှာ "ပေါင်းစည်း၊ ဆက်စပ်"ပင်ဖြစ်သည်။ ရှေ့တွင် ဖော်ပြခဲ့သော "တို့၊ ပုတ်၊ ကက်" တို့ကဲ့သို့ပင် "ပေါင်းစည်း၊ ဆက်စပ်" အနက်ရှိသည်။ ဤသို့လျှင် "တို့"လည်း စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုမှီးရာ အဆောက်အဦ၊ "ပုတ်"လည်း စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုမှီးရာအဆောက်အဦ၊ "ကက်" လည်း စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုမှီးရာ အဆောက်အအုံဖြစ်သည်။ (အဆောက်အဦနှင့် အဆောက်အအုံကိုခွဲ၍ သုံးနှုန်းထားပါသည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် အဆောက်အဦကို "အသုံးအဆောင်ပစ္စည်း၊ ကိရိယာ၊ တန်ဆာပလာ"ဟု အဓိပ္ပာယ်ဖွင့်ပါသည်။ အဆောက်အအုံကို "သစ်၊ ဝါး၊ အုတ် စသည်တို့ဖြင့် တည်ဆောက်ထားသောအိမ်စသည်"ဟု အဓိပ္ပာယ်ဖွင့်ပါသည်။)

"ကြ"သည် "ပေါင်းစည်း၊ ဆက်စပ် အနက်ရှိကြောင်းကို ပစ္စည်း ဝါစင်္ဂအဖြစ်သုံးသော "ကြ" ၏ အသုံးနှင့်လည်း နှိုင်းချင့်သိရှိနိုင်ပါသည်။

သွားကြ လာကြသည်၊ စားကြ သောက်ကြသည် စသည်တို့တွင် "ကြ" ကို "အများပြကြိယာပစ္စည်း" ဟုဆိုသည်။ အမှန်စင်စစ် "ကြ" ၏အနက်မှာ အများကို အဓိကဟောသည်မဟုတ်။ ပေါင်းစည်းခြင်းကိုသာ ဟောသည်။ သွားကြသည်ဆိုလျှင် တပေါင်းတစည်းတည်းသွားသည်။ လာကြသည်ဆိုသည်မှာ တပေါင်းတစည်းတည်းလာသည် စသည်ဆိုလိုသည်။ တစ်နည်းအားဖြင့်ကား သွားကြသည်၊ လာကြသည်ဟုဆိုလျှင် တပေါင်းတစည်းတည်း အတူတွဲလျက်သွားကြ၊ လာကြခြင်း ဟုတ်ကောင်းမှ ဟုတ်ပေမည်။ သို့ရာတွင် သွားခြင်းအမှု၊ လာခြင်းအမှုကား အတူဖြစ်သည်။ တပေါင်းတစည်း တစ်သဘောတည်းဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

### ကျီ

"ကျီ" ဆိုသည်မှာ စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုမှီးရာ အဆောက်အအုံဖြစ်သည်။ စပါး၊ ပဲ၊ ပြောင်း တင်းပေါင်း ၁၀၂၄ တင်း ဝင်ဆံ့သော အဆောက်အအုံဖြစ်သည်။ တို့၊ ပုတ်၊ ကက်၊ ကြ တို့ထက်ကြီးသော စပါး၊ ပဲ၊ ပြောင်းအများဆုံး ဝင်ဆံ့သော အဆောက်အအုံဖြစ်သည်။

တို့သည် ၄ တင်းဝင်၊ ပုတ်သည် ၁၆ တင်းဝင်၊ ကက်သည် ၆၄ တင်းဝင်၊ ကြသည် ၂၅၆ တင်းဝင်ဖြစ်သည်။ "တို့ ပုတ် ကက် ကြ ကျီဝယ်၊ ယင်းငါးသွယ်ဇယနှင့်၊ စဉ်ကမပွားတုံပါ"ဟု ဆိုသည့်အတိုင်း **ပုတ်**သည် **တို့**၏ ၄ ဆ (၁၆ တင်း)၊ **ကက်**သည် **ပုတ်**၏ ၄ ဆ (၆၄) တင်း၊ **ကြ**သည် **ကက်**၏ ၄ ဆ (၂၅၆ တင်း)၊ **ကျီ**သည် **ကြ**၏ ၄ ဆ (၁၀၂၄ တင်း) ဟူသည့် ချင့်ဝန်ပမာဏကို မှတ်သားရပေသည်။

ဤတွင် "ကျီ" ၏ အနက်လည်း "ပေါင်းစည်း၊ ဆက်စပ်" ဖြစ်ကြောင်း အထူးရှင်းရန်လိုတော့မည်မဟုတ်ပါ။ "ကျီ" ၏ အနက်ကို သိလိုက "ကျီ၊ ကျီ၊ ကျီး"ဟူသော တက်ကျသံဝေါဟာရ သုံးမျိုး၏ အနက်ဖြင့် ချိန်ဆသိသာနိုင်သည်။ "ကျီ" ၏ အနက်လည်း "ပေါင်းစည်း၊ ဆက်စပ်" ဖြစ်သည်။ ထို့ကြောင့် "ကျီ" ကို ချွဲသော၊ ပျစ်သော၊ များသောဟု အဓိပ္ပာယ်ဖွင့်ကြသည်။ ပေါင်းစည်း၊ ဆက်စပ်ခြင်းဖြင့် ချွဲသော၊ ပျစ်သော၊ များသောအဖြစ်သို့ ရောက်သည် မဟုတ်ပါလော။ "ကျီ" ၏ အနက်လည်း "ပေါင်းစည်း၊ ဆက်စပ်" ပင်ဖြစ်သည်။ ထို့ကြောင့် "ရွှေ၊ ငွေ၊ ဖန်" တို့ကို ကျို၍ အတုံးအခဲဖြစ်အောင်လုပ်သည်ကို **ကျို**သည်ဟု ဆိုသည်။ "ကျီး" ၏အနက်လည်း "ပေါင်းစည်း၊ ဆက်စပ်" ပင်ဖြစ်သည်။ "ကျီး" သည် "ပေါင်းစည်း၊ ဆက်စပ်" မှုအား အကြီးဆုံးဖြစ်သဖြင့် သာမန်ပေါင်းစည်းရုံးမှုမကဘဲ အတုံးအခဲ၊ အတွေအခဲ အဓိပ္ပာယ်ဆောင်ပေသည်။ မီးကျီး၊ ကျီးပေါင်းဟူသော ဝေါဟာရများမှ "ကျီး" ၏အနက်ဖြင့် ချင့်တွက်ဆင်ခြင်နိုင်ပေသည်။

အချုပ်အားဖြင့်ဆိုသော် **တို့၊ ပုတ်၊ ကက်၊ ကြ၊ ကျီ** တို့သည် စပါး၊ ပဲ၊ ပြောင်း ပေါင်းစုသိုမှီးရာချည်းဖြစ်ကြပြီး အနက်ရင်းများမှာလည်း "ပေါင်းစည်း၊ ဆက်စပ်" ဟူသော အနက်ချည်းဖြစ်သည်ဟူသော အချက်၊ မြန်မာတို့သည် အမည်ပေးမှည့်ခေါ်ရာတွင် အနွတ္ထအမည်ကို ပေးလေ့ရှိကြသည်ဟူသော အချက်၊ မြန်မာတို့သည် ချင့်ဝန်ကို စံချိန်စံညွှန်းဖြင့် စနစ်တကျသတ်မှတ်၍ သုံးကြသော အဆင့်မြင့်သော လူမျိုးဖြစ်သည်ဟူသော အချက်တို့ကို ဂုဏ်ယူဝင့်ကြွား မှတ်သားကြရာသတည်း။

**မြန်မာစာကို ချစ်မြတ်နိုးတတ်ပါစေ**

# ကျိုင်းတုံမြို့ ဇေတဝန်ပရိယတ္တိကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဇေတဝန်ပရိယတ္တိ ကမ္မဋ္ဌာန်းကျောင်းတိုက်ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများကို ယနေ့ နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၉ ပါး၊ ဒေသခံပြည်သူဦးရေ ၃၀ နှင့် ကျောင်းသား၊ ကျောင်းသူများ ၁၀၄ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်ပေးခြင်းစသည့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများကို ကျိုင်းတုံမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**(သတင်းစဉ်)**

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာနီလာမြင့်ထူးအား မုံရွာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟန(ငြိမ်း) ပျံလွန်တော်မူခဲ့ရပြီး ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟန(ငြိမ်း)နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့

**နေပြည်တော် ဇွန် ၁၉**

ယနေ့မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြို့သာမြို့နှင့် ကမ္ဘရွာအကြားတွင် နယ်မြေလုံခြုံရေး ချိတက်ရှင်းလင်းစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အင်အားစိစစ်ဆဲ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စတင်မိုင်းဆွဲတိုက်ခိုက်ချိန်၌ သကျင်ရွာဘက်မှ မြို့သာမြို့ဘက်သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးသည် ပစ်ခတ်မှုဖြစ်ပွားနေသည့်နေရာအတွင်းသို့ မောင်းနှင်ဝင်ရောက်လာခဲ့ရာ အဆိုပါယာဉ်မှာ PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ဖြစ်စဉ်နေရာမှ မီတာ ၂၅၀ ခန့်တွင် လမ်းဘေးသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါယာဉ်ကို သွားရောက်စစ်ဆေးခဲ့ရာ PDF အမည်ခံအကြမ်းဖက်သမားများ၏ မိုင်းဆွဲတိုက်ခိုက်ပစ်ခတ်မှုများကြောင့် ယာဉ်ပေါ်၌ ပျံလွန်တော်မူနေသည့် ဆရာတော်တစ်ပါးအပါအဝင် ဒဏ်ရာရရှိနေသည့် ဆရာတော်တစ်ပါးနှင့် ယာဉ်မောင်းတို့ကို တွေ့ရှိကယ်ထုတ်နိုင်ခဲ့သည်။ ဖြစ်စဉ်တွင် ဦးခေါင်းနောက်စေ့၌ လက်နက်ငယ်ထိမှန်ဒဏ်ရာရရှိပြီး ပျံလွန်တော်မူခဲ့သည့် ဆရာတော်မှာ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟန(ငြိမ်း)ဟု သိရှိရပြီး မှန်ကွဲစဒဏ်ရာရရှိတော်မူခဲ့သည့် ဆရာတော်မှာ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟန (ငြိမ်း)ဖြစ်ကြောင်းသိရှိရကာ ယာဉ်မောင်း ဦးကျော်ဝင်းမှာ ဝဲဘက်လက်၌ လက်နက်ငယ်ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း ပဏာမစစ်ဆေးတွေ့ရှိရသည်။



PDF အမည်ခံအကြမ်းဖက်သမားများ၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသအား ဆေးဝါးကုသမှုများဆောင်ရွက်နေစဉ်။


ဖြစ်စဉ်တွင် ပျံလွန်တော်မူခဲ့သည့် ဆရာတော်၏ရုပ်ကလာပ်တော်နှင့် ဒဏ်ရာရရှိထားသော ဆရာတော်၊ ယာဉ်မောင်းတို့ကို တံတားဦးပြည်သူ့ဆေးရုံမှ တစ်ဆင့် မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖြစ်စဉ်ပတ်ဝန်းကျင်တစ်ဝိုက် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပြီး ဖြစ်စဉ်ဖြစ်ပွားခဲ့မှုနှင့်ပတ်သက်၍ ယာဉ်မောင်းဖြစ်သူ ဦးကျော်ဝင်း၏ ပြောကြားချက်ကိုလည်း ယခုလိုပဲသိရှိရပါတယ်-

“ ကျွန်တော်ကတော့ ယာဉ်မောင်း ကိုကျော်ဝင်းဖြစ်ပါတယ်။ဒီနေ့ ဆရာတော်နှစ်ပါး ဘဒ္ဒန္တမုနိန္ဒာဘိဝံသနဲ့ ဘဒ္ဒန္တဂုဏိကာဘိဝံသရွာမှာ ဓမ္မာရုံကိစ္စအကြောင်းအကျိုးလေးတွေရှိတဲ့အတွက် ကျွန်တော်နဲ့အတူ ဆရာတော်နှစ်ပါးကြွလာပါတယ်။ ကမ္ဘရွာအထွက်မှာ PDF အကြမ်းဖက်သမားက သေနတ်နဲ့ ခုနစ်ချက်ပစ်တဲ့အတွက်ကြောင့် ဆရာတော် ဦးမုနိန္ဒာဘိဝံသပျံလွန်တော်မူပြီး ဦးဂုဏိကာဘိဝံသနဲ့ကျွန်တော်ကတော့ လက်အကြီးအကျယ်ဒဏ်ရာရပြီး တပ်မတော်က ကုသဆောင်ရွက်ပေးနေပါတယ်”ဟု ပြောသည်။



အဆိုပါ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟန (ငြိမ်း)နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်း ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟန(ငြိမ်း) ဆရာတော်နှစ်ပါးတို့သည် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ရွှေကျင်နိကာယဗဟိုဌာန၌ ၂၀၂၄ ခုနှစ် ယနေ့၌ ကျင်းပပြုလုပ်မည့် ရွှေကျင်နိကာယဗဟိုဌာန၏ အစည်းအဝေးတွင် အကြိုညှိနှိုင်းဆောင်ရွက်ရန် ရန်ကုန်မြို့မှ လေယာဉ်ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ယနေ့ နံနက် ၁၀ နာရီတွင် ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် ကန်သုံးဆင့်ဆရာတော်၏ဇာတိဖြစ်သော ငါန်းဇွန်မြို့နယ် ကမ္ဘရွာသို့ တံတားဦး-ငါန်းဇွန်-သကျင်-ကမ္ဘလမ်းကြောင်းအတိုင်း မော်တော်ယာဉ်ဖြင့်သွားရောက်စဉ် အဆိုပါ PDF အမည်ခံအကြမ်းဖက်သမားများ၏ ပစ်ခတ်တိုက်ခိုက်မှုကိုခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

ငါန်းဇွန်မြို့နယ်အတွင်း မဟန(ငြိမ်း) ဆရာတော်များ စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ် တစ်စီးအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့သည့်ဖြစ်စဉ်ပြပုံ




# နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊တံတားနှင့်အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီအစည်းအဝေး(၁/၂၀၂၄) ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လမ်း၊ တံတားနှင့် အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)ကို ယမန်နေ့နံနက်ပိုင်းက နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးသို့ လမ်း၊ တံတားနှင့် အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ လုပ်ငန်းဆပ်ကော်မတီဝင်များဖြစ်ကြသည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ် လမ်း၊တံတားနှင့် အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက မိမိတို့ဆပ်ကော်မတီက တာဝန်ယူဆောင်ရွက်ရသည့် နယ်စပ်ဒေသများ၏ လမ်း၊ တံတားနှင့်အဆောက်အအုံဖွံ့ဖြိုးရေး ကိစ္စရပ်များသည် နယ်စပ်ဒေသများလူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကျသည့် အရေးကြီးဆုံး အခန်းကဏ္ဍဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် ရေးဆွဲထားသည့် နှစ်တို၊ နှစ်ရှည် စီမံကိန်းများကို လိုအပ်သလို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ဆပ်ကော်မတီဝင်ဌာနများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်လမ်း၊ တံတားနှင့် အဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်ထိ ဌာနအလိုက် လမ်း၊ တံတားနှင့် အဆောက်အအုံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေ၊၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် လုပ်ငန်းများနှင့် ဘဏ္ဍာငွေလျာထား ဆောင်ရွက်မှုနှင့် နှစ်ဆက်လုပ်ငန်းများ အတွက် သက်ဆိုင်ရာဘဏ္ဍာနှစ်များတွင် ဆက်လက်လျာထားအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်း အကြံပြုဆွေးနွေးကြသည်။

တင်ပြချက်နှင့် အကြံပြုချက်များအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆွေးနွေးပေါင်းစပ်ညှိနှိုင်းပေးပြီး နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သတ်မှတ်အချိန်ကာလအတွင်း ပြီးစီးရေးကြပ်မတ်ဆောင်ရွက်ရန်နှင့် စီမံကိန်းများလျာထားခြင်း၊ အကောင်အထည်ဖော်ခြင်းများဆောင်ရွက်ရာတွင် ထိရောက်သည့် ငွေကြေးသုံးစွဲမှုဖြစ်စေရေးနှင့် လုပ်ငန်းများ၏ အရည်အသွေးပြည့်ဝစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်တွင် ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူကို အကြမ်းဖက်ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများလုယက်ယူဆောင်ရာတွင်ပါဝင်ခဲ့သည့် တရားခံတစ်ဦးကို သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

ဇွန် ၁၃ ရက် ညနေ ၅ နာရီ မိနစ် ၂၀ ခန့်တွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော် အနောက်ရပ်ကွက်နေ ရွှေပန်းထိမ်လုပ်ငန်းလုပ်ကိုင်သူ ဦးဝင်းအောင်သည် ၎င်း၏ရွှေပန်းထိမ်ဆိုင်ရှိရာ အောင်မြေသာစံမြို့နယ်မှ နေအိမ်သို့ ၁၂ လမ်းအတိုင်း ဆိုင်ကယ်ဖြင့် တစ်ဦးတည်းမောင်းနှင်ထွက်ခွာလာစဉ် အမျိုးသားနှစ်ဦး(စိစစ်ဆဲ)က CZIအမျိုးအစား အနက်ရောင်ဆိုင်ကယ်ဖြင့် အနောက်မှကပ်၍ လိုက်ပါလာပြီး သေနတ်အမျိုးအစား(စိစစ်ဆဲ)ဖြင့် ပစ်ခတ်ကာ ဦးဝင်းအောင်တွင်ပါရှိလာသည့် ရွှေထည်ပစ္စည်းများကို လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် ဦးဝင်းအောင်တွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ပြီး မန္တလေးပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူနေစဉ် ရရှိထားသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သောကြောင့် အမှတ်(၄)နယ်မြေရဲစခန်းတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ၅၄ဖြင့်အမှုဖွင့်၍ တရားခံများဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။



**အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်ပြီး ရွှေထည်ပစ္စည်းများ လုယက်ယူဆောင်ရာတွင် ပါဝင်သူ တရားခံ ကံပိုင် (ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင်အား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူတွေ့ရစဉ်။**

အထက်ပါဖြစ်စဉ်မှ အကြမ်းဖက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံများကို ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် သတင်းရယူစုံစမ်းထောက်လှမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ၏ အကူအညီများ ရယူဆောင်ရွက်ခြင်းနှင့် အေးချမ်းတည်ငြိမ်စွာ နေထိုင်လိုသော တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်မှုကြောင့် ပြစ်မှုကျူးလွန်သူ တရားခံနှစ်ဦးအနက် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် နန်းတော်ကျွန်းအုပ်စု ဥဒေါင်းကျေးရွာနေ ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင် ၃၈နှစ် (ဘ)ဦးမြင့်အောင်အား ဇွန် ၁၈ ရက် ည ၆ နာရီ ၁၅ မိနစ်တွင် အကြမ်းဖက်သတ်ဖြတ် လုယက်ယူဆောင်သွားသည့် သက်သေခံ ရွှေထည်ပစ္စည်းများနှင့်အတူ ၎င်း၏နေအိမ်၌ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ကံပိုင်(ခ)ကိုဖြိုး(ခ) ပြည့်ဖြိုးအောင်၏ ထွက်ဆိုချက်အရ ၎င်းသည် တစ်ရွာတည်းနေ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ ကိုမောင်း(စိစစ်ဆဲ)နှင့်ချိတ်ဆက်ပြီး ငွေကြေးလိုအပ်ချက်အရ ပန်းထိမ်ဆရာ ဦးဝင်းအောင် လုပ်ငန်းသိမ်းပြီး ရွှေထည်ပစ္စည်းများနှင့်အတူ နေအိမ်သို့အပြန်တွင် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ကာ ရွှေထည်ပစ္စည်းများကို လုယူရန်ညှိနှိုင်းခဲ့ရာ သဘောတူညီမှုရရှိခဲ့ပြီး ကိုမောင်း၏အဆက်အသွယ်ဖြင့် မတ္တရာ PDF အမည်ခံအကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါ(အမည်လွှဲ)နှင့် ဇွန် ၁၀ရက် ညနေ ၄ နာရီခွဲတွင် ၁၂ လမ်းနှင့် ၈၉ လမ်းထောင့်တွင်တွေ့ဆုံ၍ ပစ်ခတ်လုယက်မည့် အစီအစဉ်ကို တိုင်ပင်ခဲ့ပြီး ဇွန် ၁၃ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါနှင့်အတူ ၁၂ လမ်းရှိ ရွှေပုဇွန်ဆီဆိုင်အနီးတွင် အသင့်စောင့်ဆိုင်းနေကာ ဦးဝင်းအောင် ထွက်လာချိန်တွင် ကံပိုင်(ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင်က ဆိုင်ကယ်ကိုမောင်းနှင်ပြီး ဖမ်းဆီးရန်ကျန်တရားခံ မင်္ဂလာပါက နောက်မှ စီးနင်းလိုက်ပါကာ ဦးဝင်းအောင်၏ ဆိုင်ကယ်နောက်မှ ကပ်၍မောင်းနှင်လိုက်ပါသွားပြီး Golden Star ဘီယာဆိုင်ရှေ့အရောက်တွင် မင်္ဂလာပါမှ ၎င်းအသင့်ယူဆောင်လာသည့် တစ်ထောင့်ထိုးလက်လုပ်သေနတ်ဖြင့် ဦးဝင်းအောင်အား ပစ်ခတ်ခဲ့ပြီး လဲကျသွားချိန်တွင် ကံပိုင်(ခ)ကိုဖြိုး(ခ)ပြည့်ဖြိုးအောင်က ဆိုင်ကယ်ကိုရပ်၍ ဦးဝင်းအောင်လွယ်ထားသည့် ရွှေထည်ပစ္စည်းများ ထည့်ထားသောအိတ်ကိုဖြုတ်ယူကာ အချင်းဖြစ်နေရာမှ မောင်းနှင်ထွက်ပြေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၏ နေ့ညမပြတ် ကြိုးပမ်းဆောင်ရွက်မှုနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလိုလားသည့် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် အကြမ်းဖက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံ ကံပိုင် (ခ) ကိုဖြိုး (ခ) ပြည့်ဖြိုးအောင်အား ပြစ်မှုဖြစ်ပွားပြီး ငါးရက်အတွင်း သက်သေခံ ရွှေထည်ပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်နိုင်ရေးနှင့် ဖမ်းဆီးရန်ကျန်တရားခံ PDFအမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များဖြစ်ကြသည့် ကိုမောင်းနှင့် မင်္ဂလာပါ တို့နှစ်ဦးကို ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများလိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ် စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Moe Moe Khaing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြက်သာနေ မိုးမိုးခိုင်(ခ)မိုးမိုးအား မွန်းတည့် ၁၂ နာရီတွင် ပုသိမ်ကြီးမြို့မရဲစခန်း၌တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

☆ **ကျောဖုံးမှအဆက်**

၎င်းတို့ခါးပြတိုက်ယူဆောင်ထားသည့် ငွေကျပ် ၃၀၃၁ သိန်း၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် လုယက်ခါးပြတိုက်ရာတွင် အသုံးပြုသည့် လက်လုပ်ပစ္စတိုတစ်လက်၊ ၉ မမကျည်ကိုးတောင့်၊ ဗုံးသီး (စိစစ်ဆဲ) တစ်လုံး၊ အခြေပြု စစ်ကိုင်းခရိုင် PDF တပ်ရင်း(၂) ဆင်ရိုင်း(ခ)ခိုင်ဇော်လင်း ဦးဆောင်သော ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စိစစ်ချက်အရ ဘဏ်ကိုဝင်ရောက်လုယက်ခါးပြတိုက်သူများမှာ ပေါင်းလှရွာ အဖွဲ့ဖြစ်ကြောင်းနှင့် အသေဖမ်းဆီးရမိသည့် အကြမ်းဖက်သမားမှာ ၎င်းအဖွဲ့မှ ကိုနောင် ဖြစ်ကြောင်း သိရသည်။

လုယက်ခါးပြတိုက်မှုမှ ထွက်ပြေးလွတ်မြောက်လျက်ရှိသည့် ဖမ်းဆီးရန်ကျန်ရှိသည့် တရားခံများကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့ဝင်၊ မြို့ထွက်နေရာများကိုပိတ်ဆို့၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)ကို ဝင်ရောက်လုယက် ခါးပြတိုက်ခဲ့သည့်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်း ဖမ်းဆီးခဲ့ရာမှ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။**

## အသိပေးကြေညာချက်

၁။ Online Social Media Platform များဖြစ်သည့် Facebook၊ Viber၊ Telegram အစရှိသည်တို့ပေါ်တွင် ID အစစ်အမှန်မဟုတ်သည့် အကောင့်(Fake Account) များအသုံးပြု၍ ဘဏ်များမှ ငွေလဲလှယ်နှုန်းများ တိုးမြှင့်ကောက်ခံနေကြောင်းအပါအဝင် မမှန်ကန်သည့် သတင်းများကို ထုတ်ပြန်ဖော်ပြပြီး ငွေကြေးမတည်မငြိမ်ဖြစ်အောင် ဆောင်ရွက်နေသည်ကို စိစစ်တွေ့ရှိနေရပါသည်။

၂။ အဆိုပါ Website များကိုလိုအပ်သည့် အရေးယူဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။ AD လိုင်စင်ရဘဏ်များအနေဖြင့် ဘဏ်၏တရားဝင် Website များတွင် Exchange Counter ၏ အရောင်းအဝယ် ငွေလဲလှယ်နှုန်းများကို ကြေညာပေးလျက်ရှိပြီး အောက်ဖော်ပြပါ Website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်-

၃။ သို့ဖြစ်ပါ၍ ပြည်သူလူထုများအနေဖြင့် မမှန်ကန်သည့် Website ကြေညာချက်

| စဉ် | ဘဏ်အမည် | Webpage Link |
|---|---|---|
| က | KBZ | https://www.kbzbank.com/en/ |
| ခ | AYA | https://ayabank.com/personal-banking/other-services/foreign-currency-exchange-service#foreign_currency__exchange_rate |
| ဂ | MAB | https://www.mabbank.com/gtb |
| ဃ | uab | https://www.uab.com.mm/ |
| င | A Bank | https://www.abank.com.mm/en_US/ |
| စ | CB | https://www.cbbank.com.mm/en |
| ဆ | Yoma | https://www.yomabank.com/ |
| ဇ | MCB | https://mcb.com.mm/ |
| ဈ | MOB | https://www.mobmyanmar.com/ |

များကို ယုံကြည်မှုမရှိဘဲ သက်ဆိုင်ရာဘဏ်များ၏ Webiste တွင် ငွေလဲလှယ်နှုန်းများကို ကြည့်ရှုလေ့လာနိုင်ကြောင်း အသိပေးအပ်ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၃၉၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၃၃၉၄၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံဧက ၈၂၄၂၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၃၉၄၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ ပဲမျိုးစုံဧက ၈၂၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံအလိုက်စိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၁၈၁၇၉ ဧက၊ ပဲစင်းငုံ ၁၃၈၇၂ ဧက၊ ပဲလွမ်း ၁၆၈ ဧက၊ အခြားပဲ ၁၇၂၂ ဧက စုစုပေါင်း ၃၃၉၄၁ ဧက ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံ စိုက်ပျိုးရန်အတွက် သီးနှံအလိုက် လျာထားမှုအနေဖြင့် ပဲတီစိမ်း ၄၅၅၄၈ ဧက၊ ထောပတ်ပဲ ၉၁၈ ဧက၊ စွန်တာပြာ ဧက ၁၁၅၀၊ ပဲစင်းငုံ ၁၉၇၈၉ ဧက၊ ပဲလွမ်း ၄၅၇ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက စုစုပေါင်း ဧက ၈၂၄၂၀ ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ပဲမျိုးစုံသီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မင်းလှမြို့နယ် ကိုင်းငယ်လေးကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်နေမှု စစ်ဆေး

**မင်းလှ ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းငယ်ကျေးရွာအုပ်စု ကိုင်းငယ်လေးကျေးရွာ၌ ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေ ဖူလုံစွာ ရရှိစေရန် ရည်ရွယ်၍ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ စင်မြင့်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ကိုင်းငယ်လေးကျေးရွာတွင် သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်တွင် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၁၂ ဒသမ ၉ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်းကာ ယခုနှစ် မေလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၁၀၀၊ လူဦးရေ ၄၇၃ ဦးအပြင် ကျွဲ၊ နွားတိရစ္ဆာန်များအတွက်ပါ ရာသီမရွေးသောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ပြောပြ၍ သိရသည်။

**ငြိမ်းသူ(စလင်း)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၆-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၁၅ | ၂၅၉၀ | ၂၅၇၀ | ၂၅၂၅ | ၂၅၉၅ | ၂၆၀၅ | ၂၆၁၅ | ၂၅၇၅ | ၂၇၀၅ | ၂၇၃၅ | ၂၅၈၀ | ၂၅၉၅ | ၂၆၃၀ | ၂၆၂၀ | ၂၆၃၀ | ၃၀၄၀ | ၃၇၀၀ |
| 95 Ron | ၂၆၄၅ | ၂၇၂၅ | ၂၇၀၀ | ၂၆၅၅ | ၂၇၂၅ | ၂၇၄၀ | ၂၇၅၀ | ၂၇၀၅ | ၂၈၃၅ | ၂၈၆၅ | ၂၇၁၅ | ၂၇၃၀ | ၂၇၆၀ | ၂၇၅၀ | ၂၇၆၀ | ၃၁၇၀ | ၃၈၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၈၅ | ၂၃၆၀ | ၂၃၁၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၁၀ | ၂၃၆၅ | ၂၄၉၅ | ၂၅၂၅ | ၂၃၇၅ | ၂၃၉၀ | ၂၄၂၀ | ၂၄၁၀ | ၂၄၂၀ | ၂၈၃၀ | ၃၈၀၀ |
| HSD (50 ppm) | ၂၇၀၅ | ၂၇၈၅ | ၂၇၆၀ | ၂၇၁၅ | ၂၇၈၅ | ၂၈၀၀ | ၂၈၁၀ | ၂၇၆၅ | ၂၈၉၅ | ၂၉၂၅ | ၂၇၇၅ | ၂၇၉၀ | ၂၈၂၀ | ၂၈၁၀ | ၂၈၂၀ | ၃၂၃၀ | ၃၈၀၀ |
| HSD (10 ppm) | ၂၇၀၅ | ၂၇၈၅ | ၂၇၆၀ | ၂၇၁၅ | ၂၇၈၅ | ၂၈၀၀ | ၂၈၁၀ | ၂၇၆၅ | ၂၈၉၅ | ၂၉၂၅ | ၂၇၇၅ | ၂၇၉၀ | ၂၈၂၀ | ၂၈၁၀ | ၂၈၂၀ | ၃၂၃၀ | ၃၈၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၇၄ | ၂၄၅၅ |
| 95 Ron | ၂၅၀၂ | ၂၅၈၆ |
| HSD (500 ppm) | ၂၁၇၃ | ၂၂၄၆ |
| HSD (50 ppm) | ၂၅၆၀ | ၂၆၄၁ |
| HSD (10 ppm) | ၂၅၆၀ | ၂၆၄၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မနက်ဖြန်မနက် ကျောင်းတက်မယ်

ဒေါက်တာမိုးအိမ်(ရှောဂါပေဒ)



(၁)

အဘိုးကို အားကိုးမိလိုက်မှ "ရှင်ကြီး ကျားထက်ဆိုး"သည့် အဖြစ်။

အဲသည်နေ့မနက်ခင်းတုန်းက အဘိုးဆီ ကျွန်မ သွားခဲ့သည်။ အဘိုးသည် တဖျစ်ဖျစ်မြည်၊ တရဲရဲတောက်လောင်နေသော ထင်းမီးဖိုဘေးနားရှိ ပက်လက်ဝါးကုလားထိုင်လေးပေါ်တွင် ထိုင်ရင်း အရီး တည်ထားသည့် ပဲပြုတ်အိုးကို ကြည့်ပေးနေသည်။ အဘိုးသည် ကျွန်မသူငယ်တန်းတက်ကတည်းက ကျောင်းမှာသင်အံခဲ့ရသည့်စာများကို သူ့ဆီရောက်တိုင်း မေးတတ်သည်။

"ကျောင်းမှာ ငါ့မြေး ဘာတွေ သင်ခဲ့ရတာလဲ။ ပြန်ရွတ်ပြပါအုံး"

အဘိုးက မေးသည့်အခါ ကျွန်မရသည့် စာတွေ၊ ကဗျာတွေကို မမောနိုင်မပန်းနိုင် စာပြန်လေ့ရှိသည်။ ထို့ကြောင့် ယခုလို အခြေအနေမျိုး ကျွန်မကြုံလာရတော့ အဘိုးကို ဦးစွာအားကိုးမိခဲ့တာ ဖြစ်သည်။

(၂)

ကျောင်းအပ်ရန် ရက်သတ္တတစ်ပတ်သာလိုတော့သည်။ ကျောင်းအပ်နှံရန် ရက်တွေ နီးသထက်နီးလာလေ ကျွန်မရင်ထဲ ဗလောင်ဆူကာ ပူပင်သောကများ ပိုမိုကြီးမားလာလေဖြစ်သည်။ အကြောင်းကို ဆိုရသော် သည်နှစ် စာသင်နှစ်ကစပြီး ကျွန်မကို ကျောင်းဆက်ထားတော့မည်မဟုတ်ကြောင်း အိမ်ခြေ၂၀၀ ခန့်ရှိသည့် ကျွန်မတို့ရွာထဲတွင် သတင်းများ၊ စကားများ ပျံ့လို့နေသည်။ ထိုသတင်းစကားများကြောင့် စာလိုချင်သော ကျွန်မ၊ ကျောင်းဆက်တက်ချင်သောကျွန်မ၊ ပညာရေးလိုလားသော ကျွန်မ၊ ပညာတတ်ကြီးဖြစ်ချင်သောကျွန်မ ရင်တွေတအားပူနေသည်။ ကျောင်းအပ်ရမည့်ရက်တွေ တဖြည်းဖြည်း နီးသထက်နီးလာလေလေ ကျွန်မစိုးရိမ်ပူပန်မှု ဒီဂရီကမြင့်တက်လာလေဖြစ်သည်။

"နေမြင့်လေ အရှူးရင့်လေ"ဟု ပြောရမည်ထင်သည်။ ကျွန်မမှာ သွားလည်း သည်စိတ်၊ စားလည်း သည်စိတ်နှင့် အိပ်မက်ထဲထိတောင် ထိုကိစ္စက ခဏခဏ ဝင်နှောင့်နေသည်။ အဖေနှင့်အမေကလည်း ကျွန်မကို ကျောင်းဆက်ထားဖို့၊ မထားဖို့အရေး ကျွန်မရှေ့မှာ တစ်ခါမှ မဆွေးနွေးကြချေ။ တိတ်ဆိတ်နေနိုင်လွန်းသည်ဟုပင်ကျွန်မထင်မိသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သူတို့က ရေငုံနှုတ်ပိတ်နေကြရာ ကျွန်မမှာ အမေ့ကိုလည်း ဖွင့်မပြောရဲ၊ အဖေ့ကိုလည်း မပူဆာရဲဖြစ်နေသည်။ တစ်ခုတော့ ရှိသည်။ အဘိုးသည် အမေနှင့်အဖေ့အပေါ် ဩဇာညောင်းသည်။ အဘိုးကို တစ်ဆင့်ပြောခိုင်းလို့ ရမည်ထင်သည်။ ဒါဆို ကျွန်မပူဆာသည့်ပုံစံလို မဖြစ်တော့ပေ။ သို့ဖြစ်၍ အဘိုးကို ကျွန်မ အကူအညီတောင်းရခြင်းဖြစ်သည်။

"ကျုပ် ကျောင်းဆက်တက်ချင်လို့၊ ကျောင်းအပ်ရမဲ့ရက်က နီးနေပြီ။ အမေနဲ့အဖေက ဘာမှလဲ မပြောကြဘူး။ အဲဒါ ပြောပေးပါအုံး အဘိုး"

ကျွန်မက အဘိုးကို အကူအညီတောင်းသည်။ အဘိုးက ကျွန်မကို တောင်ဝှေးဖြင့် ရိုက်ရန် ရွယ်ပြီး။

"တယ် ငါ ရိုက်လိုက်ရလို့ နာတော့မယ်။ ကိုယ့်မိဘ စားဖို့တောင် အနိုင်နိုင် ရုန်းနေရတာကို မသိဘူး။ သူက ကျောင်းနေချင်သလေး ဘာလေးနဲ့။ ဟင်း. . .။ ဝမရှိဘဲ ဝိလုပ်ချင်သေးတယ်။ သွား ရှေ့ကနေ ထွက်သွား"ဟု အော်ငေါက်ဆူပူပြီး ပြစ်တင်ကြိမ်းမောင်းသည်။

ကျွန်မလည်း ကြောက်စိတ်ဖြင့် ရုတ်တရက် ထိတ်လန့်သွားသည်။ အဘိုး၏ တောင်ဝှေးက ကျွန်မပါးစပ်ထဲ အာစေးထည့်ပေးလိုက်သလို ဖြစ်သွားကာ အဘိုးကို ဘာစကားမှ ကျွန်မပြန်မပြောနိုင်။ ဆိုရက်လေခြင်း၊ ပြောရက်လေခြင်းဟု စိတ်ထဲ ဝမ်းနည်းသွားကာ မျက်ရည်များ ချက်ချင်းလည်လာသည်။

ထိုနေ့တစ်ညလုံး ကျွန်မ အိပ်မပျော်ပါ။ ကျွန်မကို ကျောင်းဆက်မထားရန် အမေ့ကို ဝိုင်းပြောကြသည့် အမေ့ဘက်ကဆွေမျိုးများ၏ စကားများကို ထပ်ဖန်တလဲလဲ ကြားယောင်ပြီး အိပ်ရာထဲတွင် ဟိုလူးသည်လှိမ့်ဖြစ်နေခဲ့သည်။

"ညည်းနှယ်အေ။ ကိုယ်မှ မပြေလည်ပါဘူးဆို၊ သူ့ကို ကျောင်းဆက်ထားဖို့ မိုက်မိုက်ကန်းကန်း စဉ်းစားနေတာများ အံ့သြပါ့"

အရီးပြောသလို အရီး၏သမီးများကလည်း အရီး၏လေအတိုင်း အမေ့ကို ပြစ်တင်ပြောဆိုကြသေးသည်။

"မမိုးရီရယ်။ ဘာလို့ သူ့ကို ကျောင်းဆက်ထားတော့မလဲ။ ကိုယ့်မှာလဲ သောင်သာတာလဲ မဟုတ်ဘဲနဲ့။ ရှည်ရှည်ဝေးဝေး ဘာမှစဉ်းစားမနေနဲ့။ ထုတ်သာ ပစ်လိုက်တော့"

"ကျောင်းသားတစ်ယောက် ကျောင်းထားရတာ လွယ်မှတ်လို့။ ကျောင်းစရိတ်ကုန်တယ်။ လုပ်အားခ ဆုံးရှုံးတယ်။ နောက်ပြီး ဘာအလုပ်မှမရှိတဲ့သူကို အလကားကျွေးနေရသလိုပဲ။ မထားနဲ့တော့ မမိုးရီ"

အမေ့မောင်အငယ်ကလည်း အားကျမခံ ဝင်ပြောသေးသည်။

"အပိုတွေ လုပ်မနေနဲ့။ ခေါင်းနဲ့ စဉ်းစား။ ကျောင်းတက်လို့ ထမင်းမစားရဘူး။ အလုပ်လုပ်မှ ထမင်းစားရမှာ။ သူ့ကို ကျောင်းထွက်ခိုင်း။ အလုပ်လုပ်ခိုင်း။ အလုပ်လုပ်နိုင်တဲ့သားသမီးတွေကို မခိုင်းလို့ ညည်းတို့ ဒီလိုကျပ်တည်းနေတာ"

သူတို့စကားများက ကြမ်းတမ်းသည်ဟု ကျွန်မထင်သည်။ သူတို့သားသမီးများအတွက်ဆို သူတို့ အဲသည်လို ပြောပါ့မလားဟု ကျွန်မ သံသယဝင်မိသည်။ ပြန်စဉ်းစားကြည့်တော့ သူတို့စကားများက ကရုဏာဒေါသော ဖြစ်နေသည်။ မိသားစု မပြေလည်လို့ ကျွန်မကို ကျောင်းဆက်မထားခိုင်းခြင်းသာ ဖြစ်မည်။ အမှန်စကားဆိုသော်လည်း မဆိုတတ်မပြောတတ်သဖြင့် "တုတ်ထိုးအိုးပေါက်" ပုံစံဖြစ်သွားတာ နေမည်။ ထိုစကားများကို အမေနားထောင်ခဲ့ရတုန်းက ဘယ်လိုများနေခဲ့လိမ့်မလဲဟု ကျွန်မ ဆက်တွေးမိသည်။

ဆွေမျိုးများစကားကြောင့် အမေယိုင်သွားလေမလား။ အမေက ဘာသားနဲ့ ထုထားတာမို့လဲ။ သစ်ငုတ်တောင်နဲ့ပါများရင် နဲ့သေးတာပဲဥစ္စာ။ သို့တည်းမဟုတ် သူတို့ပြောစကား အမေနားမထောင်လျှင် အမေ့ဆွေမျိုးများက အမေ့ကို ပဲလေးတစ်ဆုပ်၊ ဆန်လေးတစ်စလယ်၊ ဆီလေးတစ်ဆယ်သား၊ ဆားလေးတစ်ဇွန်း၊ နနွင်းလေးတစ်တို့ ချေးတာ၊ ပေးတာမျိုး မလုပ်တော့မှာကို အမေစိုးရိမ်နေခဲ့မည်လား။ သို့သော် အမေသည် ထိုစကားများနှင့်ပတ်သက်ပြီး ကျွန်မကို တစ်စွန်းတစ်စမျှ ဖွင့်ဟမပြောခဲ့ပါ။

(၃)

နောက်တစ်နေ့မှာတော့ ကျွန်မကိုယ်ကျွန်မ အားပေးကာ ရဲဆေးတင်သည်။ အဖေ့ကို ပြောတော့မည်။ မပြောလို့လည်း မဖြစ်တော့ပေ။ အဖေ ဆူချင်ဆူ၊ ရိုက်ချင်ရိုက်။ ပြောရမှာ ကျွန်မတာဝန်ဟု သဘောထားကာ ရွံ့ကြောက်စိတ်ကို ဖျောက်ပြီး အဖေ့ကို ဖွင့်ဟ ပြောခဲ့သည်။

"အဖေနဲ့ စကားလေးပြောချင်လို့"

တန်းလျားပေါ်မှာ ထိုင်နေသည့်အဖေက ကျွန်မကို သူ့အနား လာထိုင်ခိုင်းသည်။

"ဘာပြောချင်လို့လဲ"

"ဟိုလေ အဝှါ"

"ပြောပါ သမီးလေး။ အဖေ နားထောင်နေတယ်"

"ဟို. . . ကျုပ်ကို ကျောင်းဆက်မထားတော့ဘူးလား။ ဒီ သုံး၊ လေးမိုင်လောက်ကို ကျုပ် ခြေကျင်လျှောက်ပြီး ကျောင်းတက်နိုင်ပါတယ်။ စက်ဘီး ဝယ်ပေးစရာလဲ မလိုပါဘူး။ မုန့်ဖိုးလဲ မတောင်းဘူး။ ကျောင်းဝတ်စုံနဲ့ စာရေးကိရိယာပဲ ဖြည့်ဆည်းပေးရင်ကို ရပါတယ်။ ကျောင်းတော့ထားပါ။ ကျုပ် ကျောင်းဆက်တက်ပါရစေ အဖေ"

စကားအရှည်ကြီးကို ထစ်တီးထစ်ငေါ့ဖြင့် ကျွန်မ ပြောသည်။ ကျွန်မစကားဆုံးတော့ အဖေ့ကို ကြည့်မိသည်။ အဖေ့ဆီက ဘာစကားမှ ချက်ချင်း ထွက်မလာ။ အဖေသေသေချာချာ အလေးအနက် စဉ်းစားနေဟန်တူသည်။ ကျွန်မမူလက ထင်ထားခဲ့သလို အဖေ ကျွန်မကို ဆူလည်းမဆူပါ၊ ရိုက်လည်းမရိုက်ပါ။ အဖေ ဘာပြန်ပြောမလဲ ငံ့လင့်ရင်း ကျွန်မရင်တွေ တဒုတ်ဒုတ် မြည်နေခဲ့သည်။ ခဏကြာတော့ အဖေက အမေ့ကို လှမ်းပြောသည်။

"မိုးရီရေ။ ဒီကလေးမလေးကိုတို့ ကျောင်းဆက်ထားပေးလိုက်ကြရအောင်"

"သဘောပါတော်။ တော့် ဆုံးဖြတ်ချက်က ကျုပ်ဆုံးဖြတ်ချက်ပဲပေါ့"

ကျွန်မတော်တော် ပျော်သွားသည်။ အဖေက ကျွန်မကိုကြည့်ရင်း ပြောသည်။

"ကဲ အခုကစပြီး စိတ်စနိုးစနောင့် မဖြစ်နဲ့တော့။ သမီးလေးနေချင်တဲ့ကျောင်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရအောင် အဖေတို့ထားမယ်"

"ကဲ ဒါဆို အဖြူ၊ အစိမ်းဝတ်စုံလေးတော့ မနက်ဖြန်မှ ရမယ်။ မနက်ဖြန် သိန်းမြင့်ဌေး မုံရွာဘက် သွားမယ်တဲ့။ သူနဲ့ မှာလိုက်မယ်။ လွယ်အိတ်ကတော့ သူ့အစ်ကိုအကျ တစ်လုံးရှိတယ်။ လျှော်လိုက်ရင် သုံးလို့ ရသေးတယ်ရယ်"

"ကျေးဇူးတင်ပါတယ် အဖေနဲ့အမေ" ဟု ကျွန်မ စိတ်ထဲကနေ ပြောမိသည်။

(၄)

သည်ကနေ့တော့ ကျွန်မတော်တော် ပျော်နေသည်။ ရာသီဥတုက သာယာသည်။ မိုးကောင်းကင် တစ်ခုလုံးလည်းပြာလဲ့ကြည်လင်နေသည်။ ကောင်းကင် တစ်ခွင်တွင် တိမ်မျှင်တိမ်စ တစ်ခုတလေပင် မတွေ့ရ။ ရှင်လိုင်ပြန်သောနေ့၊ အိမ်ထောင်ပြုသောနေ့၊ ထောင်မှလွတ်သောနေ့ စသည်တို့သည် ယောကျ်ားကလေးများအတွက် လူ့ဘဝတွင် အပျော်ဆုံးနေ့များဖြစ်သည်ဟု ကျွန်မ ကြားဖူးသည်။ ကျွန်မအတွက်မူ ကျောင်းဆက်တက်ရတော့မည်ကို အမှန်တကယ် သေချာသွားသည့် ယခုလိုနေ့မျိုးကို အပျော်ဆုံးနေ့အဖြစ် သတ်မှတ်လိုက်ချင်ပါ၏။ တစ်ပတ်နွမ်းသော်လည်း အမေလျှော်ပေးထားလို့ သန့်ရှင်းစင်ကြယ်နေသည့် အစ်ကို့အကျ ကြံတိုင်းအောင် လွယ်အိတ်ကလေးရယ်၊ မမသန်းဌေး အမြန်ချုပ်ပေးသည့် ကျောင်းစိမ်းဝတ်စုံအသစ်ကလေးရယ်၊ ကိုဌေးဝင်းလာပေးထားသည့် ပဉ္စမတန်းဖတ်စာ ပြဋ္ဌာန်းစာအုပ်ကလေးတွေရယ်ကို ခဏခဏထုတ်ပြီး တစိမ့်စိမ့်ကြည့်ကာ တသိမ့်သိမ့်လှိုက်ဖိုကြည်နူးနေမိပါသည်။ တကယ်တော့ ကျွန်မမှာ ကျောင်းသို့သွားရန် စက်ဘီးမရှိပါ။ ကျွန်မအိတ်ကပ်ထဲ မုန့်ဖိုးလည်း တစ်ပြားမှပါလိမ့်မည်မဟုတ်ပါ။ သို့သော် မနက်ဖြန်မနက်ရောက်လျှင် ကျွန်မကျောင်းတက်ပါတော့မည်။

# ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခန္တီး ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၅၀၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၈၃၅၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၀၄ ကေစိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

" ခန္တီးမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါးကေ ၈၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၂၀၀၀ကျော် စိုက်ပျိုးပြီးပါပြီ။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့မိုးစပါးတွေအချိန်မီ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် ဆင်းကေရီ ၃၊ ရောမင်း၊ မှော်ဘီ၂ ဒေသစပါးမျိုးများကို စိုက်ပျိုးကြကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးနည်းစနစ်များ၊ မျိုးကောင်းမျိုးသန့်စိုက်ပျိုးရန်၊ပိုးမွှားကျရောက်မှုမှ ကာကွယ်နိုင်ရန်၊ အထွက်နှုန်းကောင်းမျိုးများ စိုက်ပျိုးရန်နှင့် သဘာဝမြေဩဇာများ သုံးစွဲတတ်လာရေး ပညာပေးလုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ခရမ်းမြို့နယ် ပျဉ်းမကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ခရမ်း ဇွန် ၁၉**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ပျဉ်းမကုန်းကျေးရွာ၌ အရှည်ပေ၇၇၀၊အကျယ်ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပျဉ်းမကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် သိန်း ၁၂၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်မေလတတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်သောကြောင့် ပျဉ်းမကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေလွယ်ကူစေပြီး ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **မောင်နိုင်**



# ဘားအံမြို့နယ် ကော့ဂွန်း(ဘားကပ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကော့ဂွန်း(ဘားကပ်) ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေး မှာကြားသည်။

ထို့နောက် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်နှင့် ဝန်ထမ်းများက ကော့ဂွန်း (ဘားကပ်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတုတ္ထအကြိမ်အဖြစ် စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံ ငွေကျပ် ၃၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်ထံမှ သိရသည်။

**ကိုသက်**

# ရိုးသားကြိုးစား တောင်သူများ

\- အညာမြေ တို့ယာတော
သာမောဘိ ရှုခင်းသာ၊
ထန်းပင်တွေ ပတ်လည်ဝိုင်း
တံတိုင်းပမာ၊
မြေပဲ နှမ်း နေကြာ
ဆီထွက်ရာ သီးနှံများ၊
ဘိုးဘေးအစဉ် စိုက်ကာပျိုး
တိုးတက်စီးပွား။

\- တောင်သူတွေ မနေမနား
အလေးထား ဒီရာသီ၊
အရပ်ရှစ်ခွင် အုံ့ကာဆိုင်း
မိုးမုန်တိုင်းချီ၊
ထွန်ရေးညက် သွက်လက်ညီ
စက်သံသည် မိုးယံလွှင့်၊
တက်ခေါက်လို့ နွားငေါက်သံ
ကြားရပြန် တောင်သူများ
လုပ်အားဂုဏ်တင့်။

\- ယာထွက်ကုန် အစွမ်းကုန်မြှင့်ဖို့
အားမာန်ဝင့် လုံ့လထူ၊
ခေတ်မီစွာ ဆေးဝါးသုံး
နည်းထုံးစံယူ၊
ယာနီးချင်း ရိုင်းပင်းကူ
ဝိုင်းဝန်းမှု ရင်မှာနွေး၊
ဘိုးဘွားအစဉ်အလာ
ရိုးသားခင်မင်စွာနဲ့
အကြင်နာ မေတ္တာလွှမ်းတော့
အေးချမ်းတယ်လေး။ ။

**စန်းထက်(ဖန်ခါးမြေ)**

# ပျော်ဘွယ်မြို့နယ် ဆည်ဒိတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပျော်ဘွယ် ဇွန် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ဒိတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးမင်းနိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ဆည်ဒိတ်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

ဆည်ဒိတ်ကျေးရွာ၌ ရေရရှိရေးအတွက် အကျယ် လေးပေ၊ အနက်ပေ ၃၀၀ စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနခွင့်ပြုရန်ပုံ ငွေကျပ် ၁၅ ဒသမ ၂၆ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့၍ ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးပါက ဆည်ဒိတ်ကျေးရွာရှိ ကျေးလက်နေပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဝန်ကြီးချုပ်နာရင်ဒရာမိုဒီလက်ထက် အားကောင်းလာသည့်သံတမန်ဆက်ဆံရေး

အိန္ဒိယနိုင်ငံသည် ဒေသတွင်းအင်အားကြီး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိရာမှ ကမ္ဘာ့အင်အားကြီး နိုင်ငံဖြစ်ရန်ကြိုးပမ်းလျက်ရှိသည်။ ပါလီမန်ဒီမိုကရေစီ စနစ်ကို နှစ်ပေါင်းများစွာကြာ အသုံးပြုလျက်ရှိပြီး နိုင်ငံရေးတည်ဆောက်မှုကို တည်ငြိမ်စွာဆောင်ရွက် လျက်ရှိသည်။ အာရှတိုက်ရှိ တရုတ်နိုင်ငံနှင့်အိန္ဒိယ နိုင်ငံတို့ အင်အားကြီးထွားလာမှုသည် အာရှတိုက်ကို ကမ္ဘာ့စီးပွားရေး၊ စစ်ရေးနှင့် နိုင်ငံတကာဆက်ဆံရေး တို့၌ အရေးပါသည့် ဒေသကြီးတစ်ခုအဖြစ်သို့ ရောက် ရှိလာစေသည်။ အိန္ဒိယနိုင်ငံ၏ အင်အားကြီးထွား လာမှုသည် မျက်မှောက်ကာလတွင် အရှိန်အဟုန် ကောင်းရရန် စတင်နေပြီဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေတွင် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ သည် အိန္ဒိယနိုင်ငံကို ကမ္ဘာလုံးဆိုင်ရာအင်အားကြီး နိုင်ငံဖြစ်ရေးနှင့် အိန္ဒိယသမုဒ္ဒရာအတွင်း လွှမ်းမိုးနိုင် ရေးရည်မှန်းလာသောကြောင့် ဒေသတွင်းနိုင်ငံများ သာမက ကမ္ဘာ့အင်အားကြီးနိုင်ငံများကပါ အိန္ဒိယ နိုင်ငံအပေါ် အာရုံစိုက်မှုများ ပိုမိုလုပ်ဆောင်လာ ကြပါသည်။

အိန္ဒိယနိုင်ငံသည် တောင်အာရှဒေသတွင်တည် ရှိပြီး ကမ္ဘာပေါ်တွင်မဟာဗျူဟာအရ အလွန်အရေး ပါသည့် အိန္ဒိယသမုဒ္ဒရာကို ဗဟိုကျနစွာစိုးမိုးလျက် ရှိသည်။ ကမ္ဘာ့လူဦးရေစာရင်းများအရ ၂၀၂၃ခုနှစ် တွင် အိန္ဒိယနိုင်ငံသည် လူဦးရေ ၁ ဒသမ ၄၂ ဘီလီယံ ကျော်ရှိလာကာ တရုတ်နိုင်ငံထက် ကျော်လွန်လာပြီး ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးနိုင်ငံတစ်နိုင်ငံဖြစ် သကဲ့သို့ ကမ္ဘာ့အကြီးဆုံးသော ဒီမိုကရေစီနိုင်ငံကြီး တစ်နိုင်ငံဖြစ်သည်။ ထို့ပြင် အဏုမြူလက်နက် ပိုင်ဆိုင်သော စစ်အင်အားကြီးနိုင်ငံတစ်နိုင်ငံဖြစ် သည့်နည်းတူ တစ်ဖက်တွင်လည်း စီးပွားရေးဖွံ့ဖြိုး တိုးတက်လာမှုတို့ကြောင့် ၂၁ ရာစုတွင် ဒေသတွင်း အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်လာလျက် ရှိသည်။ ဤသို့ဖြင့် အိန္ဒိယသည် ကမ္ဘာ့နိုင်ငံများ နှင့် ဆက်ဆံရေးကို တိုးမြှင့်တည်ဆောက် လာခဲ့သည်။

လွတ်လပ်သောအချုပ်အခြာအာဏာပိုင်နိုင်ငံမှန် သမျှသည် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ရေရှည်အကျိုးရှိစေမည့် နိုင်ငံခြားရေးမူဝါဒကို ချမှတ် ပြဋ္ဌာန်းကာ အဆိုပါ ရည်မှန်းချက်၊ ဦးတည်ချက်များ နှင့်အညီ နိုင်ငံတကာဆက်ဆံရေးကို အကောင် အထည်ဖော် ဆောင်ရွက်ကြသည်။ အိန္ဒိယနိုင်ငံ သည်လည်း နိုင်ငံ၏အမျိုးသားအကျိုးစီးပွားအတွက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်နှင့် အတူ ဘက်မလိုက်ဝါဒ၊ ကြားနေရေးဝါဒ၊ လွတ်လပ် မှုဟူသော အခြေခံကျင့်ထုံးများကို လိုက်နာကျင့် သုံးသည့် နိုင်ငံခြားရေးမူဝါဒကိုချမှတ်ခဲ့ပြီး နိုင်ငံကို ဒေသတွင်းဩဇာကြီးမားသည့် အင်အားကြီးနိုင်ငံ တစ်နိုင်ငံဖြစ်စေရန် တည်ဆောက်လာခဲ့သည်။ နိုင်ငံ တကာဆက်ဆံရေး၌ အရေးကြီးသောကမ္ဘာ့အင်အား ကြီးနိုင်ငံများ အိမ်နီးချင်းနိုင်ငံများ၊ အာရှအလယ်ပိုင်း နိုင်ငံများနှင့်လည်း ရင်းနှီးသောဆက်ဆံရေးကို တည် ဆောက်ပြီး ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်ပြုလုပ်လာသည်။

**ပါတီကြီးနှစ်ခု၏အားပြိုင်မှု**

အိန္ဒိယနိုင်ငံတွင် အဓိက အင်အားကြီးပါတီကြီး နှစ်ခုဖြစ်သည့် ကွန်ဂရက်ပါတီနှင့် ဘီဂျေပီပါတီတို့၏ အပြန်အလှန် အားပြိုင်မှုများဖြင့် နိုင်ငံ၏ဖွံ့ဖြိုး တိုးတက်ရေးကို လုပ်ဆောင်လျက်ရှိသည်။ တတိယ အကြိမ်မြောက် ဆက်တိုက်အနိုင်ရရှိခဲ့သည့် လက်ရှိ အာဏာရဘီဂျေပီပါတီသည် နိုင်ငံအတွက် ရလဒ် ကောင်းများဖြင့် ကျော်စောသူတစ်ဦးဖြစ်သည့် နာရင်ဒရာမိုဒီကို ဝန်ကြီးချုပ်ဦးဆောင်မှုဖြင့် ရွေးကောက်ပွဲယှဉ်ပြိုင်ခဲ့သောကြောင့် ရွေးကောက် ပွဲတွင် တတိယအကြိမ်မြောက် ထပ်မံအနိုင်ရရှိခဲ့သည်။ ထို့ကြောင့် နိုင်ငံတကာ ဆက်ဆံရေးကို တိုးမြှင့်ပုံဖော် ဆောင်ရွက်သည့် အနိုင်ရဘီဂျေပီပါတီလက်ထက် တွင် သံတမန်ဆက်ဆံရေးများ တိုးမြှင့်ဖော်ဆောင် လာမည်မှာ အသေအချာပင်ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယ၏ ခိုင်မာအားကောင်းသည့် နိုင်ငံရေးအခင်း အကျင်းတည်ဆောက်မှုနှင့်အတူ နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊ စွမ်းအင်ရရှိရန်နှင့် လုံခြုံရေးကို အထောက်အကူပြုစေရန်အတွက် သံတမန်ဆက်ဆံ ရေးကို ကျယ်ပြန့်စွာ တိုးမြှင့်ဆောင်ရွက်လာသည်။

အိန္ဒိယနိုင်ငံသည် ၂၁ရာစုသို့ချင်းနင်းဝင်ရောက် လာသည့်အချိန်တွင် နျူကလီးယားလက်နက်ပိုင်ဆိုင်မှု ခိုင်မာအားကောင်းလာခဲ့ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက် ရေး အခြေခံအုတ်မြစ်ကိုချနိုင်ခဲ့သည်။ အိန္ဒိယ၏ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှုကို ၁၉၉၈ ခုနှစ်က အနိုင်ရရှိခဲ့သည့် ဘီဂျေပီပါတီမှ ဝန်ကြီးချုပ် အတားလ်ဟီဘာ့ဂျ်ပါယီဦးဆောင်သော အစိုးရ လက်ထက်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းဆို ရပါက ဘီဂျေပီပါတီသည် အိန္ဒိယနိုင်ငံကို နိုင်ငံရေး၊ စီးပွားရေးနှင့် စစ်ရေးအင်အားကြီးနိုင်ငံအဖြစ် တစိုက်မတ်မတ် လုပ်ဆောင်လာသည်ကို တွေ့ရှိ ရပါသည်။



ဝန်ကြီးချုပ်မိုဒီလက်ထက်တွင် စီးပွားရေးတိုးတက် မှုနှုန်းသည် နှစ်စဉ် ၆ ဒသမ ၅ အထက် ရာခိုင်နှုန်းမှ တစ်ဆင့် ဂဏန်းနှစ်လုံးထိ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ခဲ့မှုကြောင့် ၂၀၁၅ခုနှစ်တွင် အိန္ဒိယသည် တောင်အာရှဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက် မှုအမြန်ဆုံးနိုင်ငံဖြစ်လာရုံသာမက ကမ္ဘာ့အလျင်မြန် ဆုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ပါဝင်ခဲ့သည်။ ထိုသို့ ဖွံ့ဖြိုးတိုးတက်မှုများသည် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုရှိစေရန် လိုအပ်သကဲ့ သို့ မှန်ကန်သည့်မူဝါဒဖြင့် ချမှတ်ဆောင်ရွက်ရေး သည်လည်း အရေးပါလျက်ရှိသည်။ အိန္ဒိယနိုင်ငံတွင် လူအများစုသည် လယ်သမားများဖြစ်သော်လည်း ယခုအခါ အဆင့်မြင့်နည်းပညာသုံးကုန်ပစ္စည်းများ ကိုပိုမို၍ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်စွမ်းရှိ လာခဲ့သည်ကိုတွေ့ရှိရသည်။ထို့ကြောင့် အိန္ဒိယနိုင်ငံက ယခင်ကထက် ပိုမိုအံဝင်ခွင်ကျဖြစ်လာပြီး ကမ္ဘာ့ဈေး ကွက်များအတွင်း ပိုမိုနက်ရှိုင်းထိရောက်စွာထိုးဖောက် ကုန်သွယ်လာနိုင်ခဲ့ခြင်းဖြစ်သည်။

**သံတမန်ဆက်ဆံရေးခိုင်မာအားကောင်းစေမှု**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီအစိုးရသည် ပြည်ပနိုင်ငံများနှင့် ဆက်ဆံရေးကို ဦးစားပေး တည် ဆောက်သကဲ့သို့ နိုင်ငံတကာရေးရာများတွင်လည်း အိန္ဒိယ၏ အခန်းကဏ္ဍကို မြှင့်တင်ရန် ကြိုးပမ်း လျက်ရှိသည်။ အဓိကအားဖြင့် အကြမ်းဖက်မှုတိုက် ဖျက်ရေး၊ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေး၊ ရေကြောင်းလုံခြုံမှုဆိုင်ရာများတွင် ကျယ်ပြန့်စွာ ပါဝင်ရေးကို အလေးထားလုပ်ဆောင်ခဲ့သည်။ ဝန်ကြီး ချုပ်မိုဒီလက်ထက် အထင်ကရ ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားရေးမူဝါဒများမှာ အိမ်နီးချင်းဦးစားပေးမူဝါဒ၊ **Act East Policy** နှင့် နောက်ဆုံးချမှတ်ထားသည့် ဒေသတွင်းရှိနိုင်ငံအားလုံးအတွက် လုံခြုံရေးနှင့်ဖွံ့ဖြိုး ရေး (SAGAR) ဖြစ်သည်။

အိမ်နီးချင်းဦးစားပေးမူဝါဒသည် အိမ်နီးချင်း အာဖဂန်နစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ မော်လ်ဒိုက်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာတို့နှင့် ရုပ်ပိုင်း ဆိုင်ရာဆက်ဆံရေး၊ ဒေသတွင်းဒစ်ဂျစ်တယ်နှင့်ပြည်သူ ချင်းဆက်ဆံရေး၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်း ဝယ်ရေးတို့ကိုအလေးထားရန်ဖြစ်သည်။ အဓိကအား ဖြင့် ကမ္ဘာတစ်ဝန်းသံတမန် အင်အား ၈၀၀ ကျော် ရှိရာမှ ၂၀၀ ကျော် ထပ်မံတိုးမြှင့်ရေးကိုလည်း လုပ်ဆောင်လျက်ရှိသည်။

**Act East Policy** သည် အိမ်နီးချင်းဦးစား ပေးမူဝါဒမှ အင်ဒို-ပစိဖိတ်ဒေသထိချဲ့ထွင်မှုဖြစ်သည်။ ဤမူဝါဒ ဦးတည်ချက်သည် အင်ဒို-ပစိဖိတ်ဒေသ အတွင်းရှိနိုင်ငံများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက် မှု၊ ယဉ်ကျေးမှုဆိုင်ရာဆက်နွှယ်မှုကို မြှင့်တင်ရန်နှင့် မဟာဗျူဟာမြောက်ဆက်ဆံရေးကို ဖွံ့ဖြိုးတိုးတက်စေ ရန်ဖြစ်သည်။ ဤ **Act East Policy** ၏ အဓိက အချက်သည် အာဆီယံနိုင်ငံများနှင့် ဆက်ဆံရေးကို အဓိကအလေးပေးထားသည်။ ဤမူဝါဒကို ဖော် ဆောင်မှုအဖြစ် အာဆီယံ၊ အရှေ့အာရှထိပ်သီးဆွေး နွေးပွဲ၊ အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်း အဝေး၊ အာဆီယံဒေသတွင်းဖိုရမ်၊ ချဲ့ထွင်ထားသည့် အာဆီယံရေကြောင်းဆိုင်ရာဖိုရမ်၊ အိန္ဒိယသမုဒ္ဒရာ အနားသတ်နိုင်ငံများအသင်း၊ အိန္ဒိယသမုဒ္ဒရာ ကော်မရှင်၊ အိန္ဒိယသမုဒ္ဒရာရေတပ်များ စာတမ်းဖတ် ပွဲနှင့် **Quad** တို့တွင် တက်ကြွစွာ ပါဝင်လျက်ရှိသည်။

ဒေသတွင်းရှိနိုင်ငံအားလုံးအတွက် လုံခြုံရေးနှင့် ဖွံ့ဖြိုးရေး (SAGAR) မူဝါဒကို ဝန်ကြီးချုပ် မိုဒီက ၂၀၁၅ ခုနှစ်တွင် မောရိသျှနိုင်ငံ၌ စတင်ပြောကြား ခဲ့ခြင်းဖြစ်သည်။ ဤအယူအဆအရ လွတ်လပ်မှု၊ ပွင့်လင်းမှု၊ အားလုံးပါဝင်မှု၊ ငြိမ်းချမ်းမှုနှင့် သာယာဝ ပြောမှုရှိသော အင်ဒို-ပစိဖိတ်ဒေသဖြစ်ရန်နှင့် ဤအယူအဆသည် စည်းမျဉ်းအခြေပြုသည့် နိုင်ငံ တကာ အခင်းအကျင်း၊ ရေလမ်းကြောင်းနှင့် လေ ကြောင်းလမ်း လွတ်လပ်မှု၊ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုအတွက် အပြန်အလှန်လေးစားမှုဖြစ်သည် ဟုဆိုသည်။

**အင်အားကြီးနိုင်ငံများနှင့်ဆက်ဆံမှု**

အိန္ဒိယနှင့် အမေရိကန်ဆက်ဆံရေးသည် တဖြည်း ဖြည်းချင်းတိုးတက်လာမှုကြောင့် ယခင်ကာလများ ထက် များစွာတိုးတက်ကောင်းမွန်ခဲ့သည်။ နျူကလီး ယားလက်နက် ဖောက်ခွဲစမ်းသပ်မှုကြောင့် အမေရိကန် ၏ ပိတ်ဆို့အရေးယူခံရမှုများကို ပြန်လည်ဖယ်ရှား စေရန် ဘီဂျေပီပါတီသည်အောင်မြင်စွာကြိုးပမ်းခဲ့ သည်။ ဝန်ကြီးချုပ်မိုဒီလက်ထက်တွင် အမေရိကန်နှင့် အပြန်အလှန် အထောက်အကူပေးရေး သဘော တူညီချက်ကို လုပ်ဆောင်ခဲ့ရုံမက ဂျက်အင်ဂျင်များကို အိန္ဒိယတွင်ထုတ်လုပ်ရေးထိ လုပ်ဆောင်ခဲ့သည်။ ရုရှားနိုင်ငံအပေါ် ပြုလုပ်သည့် ပိတ်ဆို့အရေးယူမှု ကြောင့် ၄င်းဝယ်ယူသည့် **S-400** စနစ်များအပေါ် မထိခိုက်စေရန် လုပ်ဆောင်ခဲ့သည်။ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားသည့်တိုင် ဘက်လိုက်ခြင်းမရှိဘဲ ကြားနေရပ်တည်မှုဖြင့် သံတမန်ဆက်ဆံရေးကို ထိန်းညှိနိုင်ခဲ့သည်။

အိန္ဒိယနှင့်ရုရှားဆက်ဆံရေးသည် တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ နှစ်နိုင်ငံ အကျိုးစီးပွား များအပြန်အလှန်ချိတ်ဆက်မှုများက ဆက်ဆံရေးကို ပိုမိုခိုင်မာစေသည်။ အိန္ဒိယနှင့်ရုရှားတို့၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးကော်မရှင်မှတစ်ဆင့် ဆက်ဆံ ရေးကို မြှင့်တင်သကဲ့သို့ ဝန်ကြီးချုပ်မိုဒီလက်ထက်တွင် ရုရှား-အိန္ဒိယထိပ်သီးဆွေးနွေးပွဲကို ပိုမိုအရှိန်မြှင့် တင်ခဲ့သည်။ အဓိကအားဖြင့် ရုရှားနှင့်တရုတ်တို့ ဦးဆောင်သည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့တွင် ၂၀၁၇ ခုနှစ်က တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့သကဲ့သို့ **BRICS** တွင်လည်း ရုရှားနှင့် အတူ တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရုရှား-ယူကရိန်းပဋိပက္ခတွင် မျှတစွာထိန်းညှိဆက်ဆံမှု ကြောင့် ရုရှားထံမှရေနံများကိုသက်သာသည့်ဈေးနှုန်း ဖြင့် ဝယ်ယူခွင့်ရရှိခဲ့သည်။ ထို့ကြောင့် နှစ်နိုင်ငံ ငွေကြေးဖြင့် တိုက်ရိုက်ရောင်းဝယ်နိုင်သည့် ကုန်သွယ် မှုကိုလည်း ပြုလုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရသည်။

အိန္ဒိယနှင့်တရုတ်ဆက်ဆံရေးသည် တည်ငြိမ် လျက်ရှိသည်။ ဒေသတွင်း၌ နှစ်နိုင်ငံစလုံးက အင်အားကြီးနိုင်ငံများအဖြစ် လျှောက်လှမ်းနေသည့် အားလျော်စွာ ထိပ်တိုက်ရင်ဆိုင်မှုကို ဖြစ်နိုင်သမျှ လျှော့လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်က ဖြစ်ပွားခဲ့သည့် နယ်စပ်ဒေသအရေး၌ပင် ငြိမ်းချမ်း သောနည်းဖြင့် ဖြေရှင်းရေးကို ဆွေးနွေးလုပ်ဆောင် လျက်ရှိသည်။ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့် အပြန်အလှန်လည်ပတ်မှုများရှိသကဲ့သို့ **BRICS** နှင့် **SCO** ကဲ့သို့သော ထိပ်သီးဆွေးနွေးပွဲများတွင် တွေ့ဆုံလျက်ရှိသည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၅ ရက်က ဝန်ကြီးချုပ်မိုဒီ၏ ရွေးကောက်ပွဲအနိုင်ရရှိမှုကို တရုတ်သမ္မတရှီကျင့်ဖျင်မှ ဝမ်းမြောက်ကြောင်း တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့ကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ ဝန်ကြီးချုပ်မိုဒီသည် အိန္ဒိယနိုင်ငံကို အင်အားကြီးနိုင်ငံအဖြစ် ပေါ်ထွန်းရေးကို အလေး ထားရုံမက ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းတွင်လည်း တက်ကြွစွာပါဝင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အိမ်နီးချင်းဦးစားပေးမူဝါဒကို ကျင့်သုံးသကဲ့သို့ တစ်ခါတစ်ရံတွင် ပြတ်သားသည့် ရပ်တည်မှုဖြင့်လည်း ရပ်တည်လျက်ရှိသည်။ မျက်မှောက်ကာလဖြစ်ပွား လျက်ရှိသည့် နိုင်ငံတကာအခင်းအကျင်းများတွင် ကြားနေရပ်တည်မှုများရှိသကဲ့သို့ တစ်ဖက်တည်း၌ ပြတ်သားစွာ ရပ်တည်မှုများလည်း ရှိနေသည်။ သို့ဖြစ်၍ ဝန်ကြီးချုပ်မိုဒီ၏ တတိယအကြိမ်မြောက် ဝန်ကြီးချုပ်သက်တမ်းတွင် အိန္ဒိယနိုင်ငံကို နိုင်ငံတကာ ရေးရာများတွင် ပိုမိုအရေးပါစေရေး လုပ်ဆောင်လာ ဖွယ်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။

**ကိုးကား**

- timesofindia.indiatimes.com/india/rising-middle-power-india-rapidly-expanding-diplomatic-network-in-more-multipolar-world-says-report/articleshow/107988643.cms

မောင်ဝေလွမ်း(သုတေသီ)

# ကရင်ပြည်နယ်အတွင်း ယခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၇၂၀၀၀၀ ကျော် ငါးမျိုးစိုက်ထည့်ပေးသွားမည်




**ကရင် ဇွန် ၁၉**

ကရင်ပြည်နယ်အတွင်း ယခုနှစ်တွင် ငါးသားပေါက်ကောင်ရေ ၇၂၀၀၀၀ ကျော် ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ဘားအံ ငါးလုပ်ငန်းစခန်းနှင့် ကျုံဒိုး ငါးလုပ်ငန်းစခန်းတို့မှ နှစ်လက်မအရွယ် ငါးသားပေါက်ငယ်များကို ပြည်နယ်အတွင်းရှိ သဘာဝ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်များအတွင်းသို့ နှစ်စဉ်ငါးမျိုးစိုက်ထည့်ပေးလျက်ရှိသည်။

ယခု ၂၀၂၄ ခုနှစ် မိုးရာသီတွင်လည်း အဆိုပါ ငါးလုပ်ငန်းစခန်းများမှ ထုတ်လုပ်သည့် နှစ်လက်မအရွယ် ငါးသားပေါက်ကောင်ရေ ၇၂၀၀၀၀ ကျော်ကို ပြည်နယ်အတွင်းရှိ သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းဆောင်ရွက်ပေးနေမှု များအရ ယခု ဇွန်လအတွင်းတွင် ရှင်သန်ကြီးထွားရန် အကောင်းဆုံးအရွယ်ရှိသည့် နှစ်လက်မအရွယ် ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၈၀၀၀၀ နှင့် ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၃၀၀၀၀ ကို သံလွင်မြစ်အတွင်း ငါးမျိုး စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

ယခုနှစ် မိုးရာသီကာလအတွင်းတွင် ငါးသားပေါက်များကို လျာထားချက်ပြည့်မီစေရန် ငါးမျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ မျိုးစိုက်ထည့်ပေးခဲ့သော ငါးမျိုးများသည် ပြည်နယ်အတွင်းရှိ သဘာဝမြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ကန်ရေပြင်များအတွင်း ရှင်သန်ကြီးထွားပေါက်ပွားပြီး ပတ်ဝန်းကျင်ဒေသများတွင် နေထိုင်ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများ အလွယ်တကူဖမ်းယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒေသ၏ ငါးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ရေနေသယံဇာတများကို ထိန်းသိမ်း၍ ငါးရိက္ခာဖူလုံပြီး စဉ်ဆက်မပြတ် စားသုံးနိုင်စေရန် နှစ်စဉ်ငါးမျိုးများ စိုက်ထည့်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ပိုစတာစိုက်ထူပေးခြင်း၊ တားမြစ်စာများပေးအပ်ခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေအရ အရေးယူခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လက်ရှိ ကရင်ပြည်နယ် ငါးလုပ်ငန်းစခန်းများတွင် ရွှေနီ၊ ရေချို ငါးမုတ်၊ ငါးခုံးမကြီး၊ တောင်ပေါ် ငါးသလောက်၊ ငါးသိုင်းခေါင်းပွ၊ တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ရောင်စုံငါးကြင်း၊ ငါးတန်၊ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ စသည့် ရေချိုငါးမျိုးများ မွေးမြူဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် ငါးလုပ်ငန်းစခန်းများတွင် ငါးအမျိုးအစားနှင့် အရွယ်အစားလိုက် သင့်တင့်သောဈေးနှုန်းများဖြင့် ငါးမွေးမြူရေးလုပ်ငန်းရှင်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(၃၃၆)

# ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

**ဇီးကုန်း ဇွန် ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရင်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့် ကျေးရွာကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက ကရင်ကုန်းကျေးရွာရှိ ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏တာဝန်နှင့် ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးရွာကော်မတီဝင်များရွေးချယ်ရာတွင် သတ်မှတ်ထားသည့်အရည်အချင်းများ၊ တာဝန်ဝတ္တရားများ၊ ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများဆန္ဒနှင့်အညီ ကျေးရွာကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် ကရင်ကုန်းကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ခွင့်ရရှိမည့် လမ်း၊ တံတားလုပ်ငန်းများ၊ ရေပေးဝေရေးလုပ်ငန်းများနှင့် အခြားလုပ်ငန်းများကို ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှု၊ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးမှုတို့ဖြင့် ကျေးရွာပြည်သူများကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောပြ၍ သိရသည်။

ကိုညို

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီး

**ကျောက်မြောင်း ဇွန် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ ၁၅၂၂ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ကြံ ၁၅၂၂ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိမှာတော့ ဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက ကြံကို ပုံမှန်စိုက်ပျိုးပါတယ်။ကြံကို မိုးရာသီမှာ ပိုမိုစိုက်ပျိုးကြပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝင်းက ပြောပြသည်။



ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တွင် ကြံစိုက်ပျိုးမှုအများဆုံးဖြစ်ကြောင်း သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှင့် ခုနစ်သိန်း ကြားကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး၌ ကြံစိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းမျိုးဖြစ်သည့် K-95/84၊ နဝဒေး-၄၊ ဖော်မိုဇာ၊ ဆင်းရွှေလီမျိုးများကိုလည်း စိုက်ပျိုးကာ မိုးစိုက်နှင့် ရေတင်စိုက်များကို ဦးစားပေးစိုက်ပျိုးကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မင်းဘူး ဇွန် ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်နေမှုမြေပြင်အခြေအနေများကို ဇွန် ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက သမထီးကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

မင်းဘူးမြို့နယ် သမထီးကျေးရွာ၌ အရှည် ၁ မိုင် ၀ ဒသမ ၆၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၉၅ ဒသမ ၁၁၈ သန်းဖြင့် ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက အဆိုပါ သမထီးကျေးရွာနှင့် အနီးရှိ ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများမှ ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ အချိန်မီ ပို့ဆောင်နိုင်မည်ဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

ဇင်မာ

# ဒက္ခိဏသီရိမြို့နယ် မကျည်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း စစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျည်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လယ်ဝေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးတင့်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် မကျည်းကုန်းကျေးရွာတွင် အကျယ်လေးလက်မ၊ အနက် ပေ ၃၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ရေပေးဝေရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၁၀၄ သန်းဖြင့် ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဇွန်လ ပထမပတ်က စတင်ကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဒက္ခိဏသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရှိသန်းညွန့်

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# စိန်နဲ့စိမ့် စာပေမောင်နှံ

အောင်ကြည်ညွန့်(တက္ကသိုလ်)




စာရေးဆရာတက္ကသိုလ်စိန်တင်နှင့် ဆရာမစိမ့်(ပညာရေး)။

စိန်မှာ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ဖြစ်သည်။ စိမ့်မှာ ဆရာကြီး၏ဇနီး ဒေါ်တင်စိန်၊ စိမ့်(ပညာရေး)ဖြစ်သည်။ ၎င်းတို့သည် စာရေးဆရာဇနီးမောင်နှံဖြစ်သည်။ ဆရာမဒေါ်တင်စိန်၊ စိမ့်(ပညာရေး)အကြောင်းကို စာရေးသူ ပြည့်ပြည့်စုံစုံ ရေးသားခဲ့ပြီးဖြစ်ရာ ယခုဆောင်းပါးတွင် ဆရာကြီးတက္ကသိုလ်စိန်တင်အကြောင်း ရေးသားဖော်ပြမည်ဖြစ်ပါသည်။

ဆရာတက္ကသိုလ်စိန်တင်နှင့် ဆရာမစိမ့်(ပညာရေး)တို့သည် "ရွှေနဲ့မြ" "နေနဲ့လ"ဆိုသကဲ့သို့ အလွန်လိုက်ဖက်ညီသောစုံတွဲဖြစ်သည်။ ဝါသနာတူ၊ စရိုက်တူ၊ အကြိုက်တူသော မောင်နှံဟုဆိုရမည်။ အထူးသဖြင့် ပုဂံချစ်သူစုံတွဲဟုပင် ဆိုလောက်သည်။ ဆရာရော ဆရာမပါ ပုဂံကိုချစ်မြတ်နိုးကြသည်။ ပုဂံကိုချစ်သောရင်တွင်းဝေဒနာကို စာပေပုံစံများဖြင့် ဖော်ပြကြသည်။ ပုဂံမော်ကွန်းတင်စာအုပ်များမှာ သမိုင်းတွင် သမိုင်းဝင်ရုံမျှမက နောင်လာနောက်သားလူငယ်များအတွက် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် အမျိုးသားယဉ်ကျေးမှု၏တန်ဖိုးအနဂ္ဃကို သိရှိနားလည်စေရန် တစ်နည်းအားဖြင့် ကူညီပံ့ပိုးပေးနေသော စေတနာစာကောင်းပေကောင်းများဖြစ်သည်။

ဆရာတက္ကသိုလ်စိန်တင်က "အိုဘယ့်နော်ရထာ" ပုဂံမှာ ကျန်စစ်သား၊ ပုဂံရှာပုံတော်(၁)တို့ကို ပြုစုပြီး စိမ့်(ပညာရေး)က ပုဂံရွှေရုပ်လွှာ(၁)၊ ပုဂံရွှေရုပ်လွှာ(၂)တို့ကို ပြုစုရေးဖွဲ့ခဲ့သည်။

ဆရာတက္ကသိုလ်စိန်တင်ကို ၁၉၃၅ ခုနှစ် ဩဂုတ် ၂၇ ရက် တောင်ငူခရိုင် ဖြူးမြို့၌ ကျောင်းဆရာဦးညွန့်နှင့် ဆရာမဒေါ်စုစုတို့က ဖွားမြင်ပြီး မွေးချင်းငါးဦးတွင် ဒုတိယသားဖြစ်သည်။

၁၉၄၀ ပြည့်နှစ်တွင် ဖြူးမြို့ ဦးဖိုးထိုက် မူလတန်းကျောင်း၊ ၁၉၄၁ ခုနှစ်တွင် ညောင်ဦးမြို့ အစိုးရအလယ်တန်းကျောင်း၊ ၁၉၄၅ ခုနှစ်တွင် မြစ်ကြည့်တိုက် ဆရာတော်ဦးပဏ္ဍိတကျောင်းတွင် နေခဲ့ပြီး ၁၉၆၀ ပြည့်နှစ်တွင် အလွတ်ပညာသင်ဘုန်းတော်ကြီးကျောင်းတွင် နေခဲ့၏။ ၁၉၅၄ ခုနှစ်တွင် မင်းဘူးအစိုးရအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်သည်။ ၁၉၄၇ ခုနှစ် မတ်လ မန်းစက်တော်ဘုရားဖူး အတွေ့အကြုံကို "ကြည်ညိုဖွယ်ကောင်းလို့၊ ခညောင်းတဲ့ပူဇော်၊ မန်းရွှေစက်တော်" ဆောင်းပါးကို သတင်းစုံဂျာနယ်တွင်ရေးသည်။ ရေးသူ မောင်စိန်တင် တတိယတန်း မင်းဘူးအထက်တန်းကျောင်းဟု ဖော်ပြခံရသည်။ ထိုအချိန်တွင် ဆရာ၏အသက်မှာ ၁၂ နှစ်သာရှိသေးသည်။

ဆရာတက္ကသိုလ်စိန်တင်၏ ပထမဦးဆုံး ပုံနှိပ်စာမူမှာ ၁၉၅၄ ခုနှစ်မှစတင်၍ မြဝတီမဂ္ဂဇင်းတက္ကသိုလ်ကဏ္ဍတွင် "လူပျိုကြီးပေမို့" ဝတ္ထုဖြစ်ပြီး အချစ်သင်ခန်းစာ၊ ခြားနားချက် မျှော်လင့်ခြင်းသံသရာ၊ ဖြစ်စေချင်သည်ဝတ္ထုများ ဆက်တိုက်ဖော်ပြခံရသည်။ စိတ္တဇခရီးသည်ဝတ္ထုဖြင့် နာမည်ရလာသည်။ ရန်ကုန်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်းတွင် "စိတ္တဇနှင့်ညဉ့်မှာအိပ်သူ"ကဗျာကို ရေးသည်။ ထိုကဗျာရေးပြီးနောက် အထက်တန်းပြဆရာမ တင်ဝဇီ(ရွှေမြိုင်)၊ စိမ့်(ပညာရေး)နှင့် မိတ်ဆွေဖြစ်ကြသည်။ ထို့နောက် ၁၉၆၅ ခုနှစ် ဧပြီလတွင် ဆရာမ ဒေါ်တင်စိန်၊ စိမ့်(ပညာရေး)နှင့် လက်ထပ်သည်။ ၁၉၆၀ ပြည့်နှစ်တွင် အိုးဝေသတင်းစာအယ်ဒီတာ၊ ၁၉၆၈ ခုနှစ်တွင် အိုးဝေဂျာနယ်အယ်ဒီတာ၊ ၁၉၈၃ ခုနှစ်တွင် ရုပ်ရှင်ကြေးမုံ၊ ဒေါင်းမြန်မာဂျာနယ်ထုတ်သည်။

ဆရာတက္ကသိုလ်စိန်တင်က ရယ်စရာအလွန်ပြောတတ်သည်။ တက္ကသိုလ်ကို ၁၉၅၄ ခုနှစ်မှာရောက်ပြီး ၁၉၆၅ ခုနှစ်မှ BA အောင်တော့ "ကျွန်တော်လက်ထပ်တဲ့နှစ် One Stroke နဲ့အောင်သွားတာ"ဟု ရယ်ကာမောကာ ပြောပြသည်။ တက္ကသိုလ်တွင် ပျော်၍ တစ်တန်း နှစ်နှစ်နေသည်ဆိုသည်။ မိန်းမရတော့ BA ဘွဲ့လေး နောက်အမြီးတပ်ချင်၍ အလွန်တရာ ကြိုးစားလိုက်သည်ဟု ပြောပြသည်။

ဆရာသည် မည်သည့်နိုင်ငံရေးပါတီတွင်မှ မပါဝင်၊ မလုပ်ဆောင်ဘဲ လွတ်လပ်သော စာရေးဆရာဘဝတွင် ရပ်တည်ပြီး ပျော်မွေ့သည်။ ငါးနှစ်သားအရွယ်ကပင် ခြေလေးချောင်းသားမစား၊ ရေသတ္တဝါငါး၊ ပုစွန်သာစားသည် သို့သော် သားကြီး၊ ငါးကြီးများလည်း မစားတော့ ရာသက်ပန် သက်သတ်လွတ်စားမည်စိတ်ကူးသော်လည်း ဆရာက မုန့်ဟင်းခါး အလွန်ကြိုက်သောကြောင့် မဖြတ်နိုင်ကြောင်း ပြောသည်။

ဆရာတက္ကသိုလ်စိန်တင်၏ မွေးသက္ကရာဇ်မှာ ၁၉၃၅ ခုနှစ် မေ ၂၇ ရက်ဖြစ်ပြီး ဖခင်မှာ အငြိမ်းစားကျောင်းဆရာ၊ ကြေးမုံသတင်းထောက် ဦးညွန့်ဖြစ်သည်။ မွေးချင်းငါးဦးအနက် ဒုတိယသားဖြစ်ကာ ငယ်နာမည် **"ဆတ်ထူး"**ဖြစ်ပြီး အမည်ရင်း ဦးစိန်တင်ဟူ၍ မလိခပြုစုသော မြန်မာစာပေအဘိဓာန်(၂)တွင် ဖော်ပြထားသည်။

တက္ကသိုလ်ရောက်သည့်အချိန်မှစ၍ တက္ကသိုလ်စိန်တင်ကလောင်အမည်ကို ယူခဲ့ကြောင်း သိရသည်။ သို့သော် တက္ကသိုလ် မောင်လှမျိုး အမည်ဖြင့်လည်း ရေးခဲ့ဖူးကြောင်း ပြောပြသည်။ ရွှေတူဂျာနယ်တွင်မူ ဘုန်းကြီးကျောင်းသား သာဝိအမည်ကိုသုံး၍ ဆောင်းပါးများ ရေးခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ပညာရှင်တို့ ပျော်စရာမြေ ဘာသာပြန်စာအုပ်တွင် ကလောင်အမည် "စိမ့်မောင်"ဟု အသုံးပြုခဲ့သည်။

ဆရာတက္ကသိုလ်စိန်တင်သည် စာအုပ်များစွာ ရေးခဲ့သည်။ ဆရာရေးခဲ့သည့် စာအုပ်များမှာ-

- နှင်းမှုန်ကြားမှ တပ်နီတော် (၁၉၆၆)
- ဟစ်တလာ၏သစ္စာကေရီ (၁၉၆၇)
- အန္တရာယ်တောင်ကြား (၁၉၇၂)
- ငွေဓားဗိုလ် (၁၉၆၉)
- နွေမင်းသားနှင့်ဆောင်းကေရီ (၁၉၇၃)

❖ ဆရာတက္ကသိုလ်စိန်တင်၏ ပထမဦးဆုံးပုံနှိပ်စာမူမှာ ၁၉၅၄ ခုနှစ်မှစတင်၍ မြဝတီမဂ္ဂဇင်းတက္ကသိုလ်ကဏ္ဍတွင် "လူပျိုကြီးပေမို့" ဝတ္ထုဖြစ်ပြီး အချစ်သင်ခန်းစာ၊ ခြားနားချက်မျှော်လင့်ခြင်းသံသရာ၊ ဖြစ်စေချင်သည်ဝတ္ထုများ ဆက်တိုက်ဖော်ပြခံရသည်။ စိတ္တဇခရီးသည်ဝတ္ထုဖြင့် နာမည်ရလာသည်။ ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းတွင် "စိတ္တဇနှင့် ညဉ့်မှာအိပ်သူ"ကဗျာကိုရေးသည်။ ထိုကဗျာရေးပြီးနောက် အထက်တန်းပြဆရာမတင်ဝဇီ(ရွှေမြိုင်)၊ စိမ့်(ပညာရေး)နှင့် မိတ်ဆွေဖြစ်ကြသည်။ ထို့နောက် ၁၉၆၅ ခုနှစ် ဧပြီလတွင် ဆရာမဒေါ်တင်စိန်၊ စိမ့်(ပညာရေး)နှင့်လက်ထပ်သည်။ ❖

ဆရာသည် လုံးချင်းစာအုပ် ၂၉ အုပ် ရေးခဲ့သည်။ စာအုပ်စာရင်းကို အိုဘယ့်နော်ရထာစာအုပ်တွင် ဖော်ပြထားသည်။ ဆရာတက္ကသိုလ် စိန်တင်သည် သမိုင်းအခြေပြုစာပေဝတ္ထုတို့ကို ရေးဖွဲ့သည်။

- နန်းကျဘုရင်သီပေါ
- အကျဉ်းခံသီပေါ
- ၁၉၄၅ ခုနှစ် မြန်မာနိုင်ငံ ဖက်ဆစ်တော်လှန်ရေးသမိုင်း
- ရဲဘော်သုံးကျိပ်မော်ကွန်းတို့ဖြစ်သည်။

ထို့ပြင် မြန်မာ့သမိုင်းတွင် ထင်ရှားသောပုဂ္ဂိုလ်တို့၏အကြောင်းကိုလည်း စာဖွဲ့လေ့ရှိသည်။

- ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာဦးသန့်
- မြန်မာနိုင်ငံရေးဇာတ်ခုံမှ စောစံဖိုးသင်
- ဗိုလ်ကြီးအောင်ဆန်းသူရိယတိုက်ချွန်း
- ကေရီစုဖုရား
- မုန်တိုင်းဗိုလ်ရဲဒင်
- ဗိုလ်မှူးအောင်ဆန်းသူရိယအေးချို
- မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့် သခင်ဗစိန်
- မြန်မာ့တော်လှန်ရေးအာဇာနည်ပုဂံဗိုလ်ချို

စသောစာအုပ်များသည် ကောင်းမွန်သော အတ္ထုပ္ပတ္တိစာပေများဖြစ်သည်။ သမိုင်းအထောက်အထားနှင့် တိတိကျကျ မှန်မှန်ကန်ကန် ရေးဖွဲ့ရသော နိုင်ငံရေးစာပေမျိုးဖြစ်သည်။

ဆရာ၏လက်တွဲဖော်၊ ဆရာ့ဇနီး ဆရာမစိမ့်(ပညာရေး)ကလည်း အားကျမခံ၊ ဒိုင်းခင်ခင်၊ ရာဇဓာတုကလျာ၊ ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်၊ မြန်မာ့နန်းစဉ် ရတနာပတ္တမြားငမောက်နှင့် ရတနာပုံနန်းတွင်းလျှို့ဝှက်ဇာတ်လမ်းများကို ရေးခဲ့သည်။

ဆရာတက္ကသိုလ်စိန်တင်နှင့် ဆရာမစိမ့်(ပညာရေး)သည် စာရေးဆရာပညာမောင်နှံပီပီ တာဝန်ကျေပွန်ကြသည်။ သမိုင်းကြောင်း အဖြစ်အပျက်များကို နှစ်သက်ဖွယ်ဖြစ်အောင် သုတ၊ ရသနှော၍ ရေးဖွဲ့သီကုံးသောအခါ စာဖတ်သူတို့မြတ်နိုးစွာဖတ်ရှု ရသော ရသစာပေများဖြစ်လာရသည်။

ဆရာတက္ကသိုလ်စိန်တင်နှင့် စာရေးသူတို့သည် အလွန်ရင်းနှီးခင်မင်ကြသည်။ ပညာရေးတက္ကသိုလ်တွင် အလုပ်လုပ်သော ဆရာမကို ကျောင်းတက်၊ ကျောင်းဆင်း ဆရာက ကြိုပို့လုပ်သည်။ ကားကို ကိုယ်တိုင်မောင်းသည်။

မှတ်မှတ်ရရ ဆရာနှင့်ကျွန်တော်သည် နေပြည်တော် တပ်ကုန်းမြို့ စာပေဟောပြောပွဲတွင် အတူတကွ ဟောပြောခဲ့ဖူးသည်။ လွန်ခဲ့သောရှစ်နှစ်ခန့် ၂၀၁၆ ခုနှစ်က ဖြစ်သည်။ ကျွန်တော်က မိမိ၏မိဘအရင်းသဖွယ် ပြုစုစောင့်ရှောက်၍ ခေါ်ဆောင်သည်။

မိမိထက်အသက်အရွယ်၊ အတွေ့အကြုံ၊ စာပေ၊ ဝါ၊ သမ္ဘာအလွန်ကြီးသောဆရာ၏ဟောပုံပြောပုံ၊ ပရိသတ်ကို ဖမ်းစားပုံ၊ ပရိသတ်ကို ပစ်မှတ်အဖြစ်ထားရပုံများ လက်တွေ့ တွေ့မြင်သင်ယူနိုင်ခဲ့သည်။

ဆရာသည် စန္ဒရားဆရာတစ်ဦး၏အကူအညီကိုယူကာ မိမိတို့ဟောသော ကာလဒေသအညီ လွတ်လပ်ရေးတေးသီချင်းများကို မမောမပန်း၊ ပြောရင်း၊ ဟောရင်း သီဆိုသည်။ ပရိသတ်များကပါ ဆရာ့ဟောပြောမှုကို စီးမျောသွားကာ သီချင်းများ သံပြိုင်လိုက်ဆိုကြသည်။ အတွေ့အကြုံများနေသော ဆရာကြီးတို့၏ ဟောပြောနည်းကို အတုယူရသည်။

ဆရာနှင့်ဆရာမသည် မွေးနေ့ပွဲများ၊ အခါကြီးရက်ကြီးများတွင် နေအိမ်၌ ညှိခံကျွေးမွေးကာ အဆို၊ အတီးဝိုင်းလေးပါ ပါသဖြင့် အလှူပွဲတိုင်း မြိုင်မြိုင်ဆိုင်ဆိုင်၊ စိုစိုပြည်ပြည်ရှိလှသည်။

စိတ်သဘောထားအလွန်ကောင်းသော စာပေဇနီးမောင်နှံတွင် မိတ်ကောင်းဆွေကောင်းများ များစွာရှိသည်။ ပရိသတ်စုံသည်။ ဆရာသူရဇော်၊ ဆရာရေနံ့သာဝင်းမောင်၊ ဆရာမကြီး မင်းလဲရည်တို့မိသားစု၊ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ဂီတဆရာများ စုံစုံလင်လင် တက်ရောက်ကြသည်။

ဆရာရေးသောစာအုပ်များကို အများအပြား ထုတ်ဝေပေးသူမှာ အားမာန်သစ်စာပေမှ ဆရာခွန်ဂျာမှိုင်းဖြစ်သည်။ ဆရာ့ရုံးခန်းက မြန်မာ့ဂုဏ်ရည်လမ်းတွင်ရှိသည်။ ဆရာတက္ကသိုလ်စိန်တင်က တနင်္လာနေ့တိုင်းသွားသည်။ ရဲဘော်ဘခက် စသောစာရေးဆရာကြီးများလည်း လာသည်။ ကျွန်တော့်ကိုလည်း ဆရာတက္ကသိုလ်စိန်တင်က လာရန်မှာသည်။ ကျွန်တော်တတ်အားသရွေ့သွားပါသည်။ ဆရာခွန်ဂျာမှိုင်းက ဒိုင်ခံ ညှိဝတ်ပြုသည်။

သူ့ရုံးခန်းတွင် ပန်းချီပြပွဲများလည်း မကြာမကြာကျင်းပသည်။ ကျွန်တော်နှင့် ဆရာတက္ကသိုလ်စိန်တင်တို့ အမြဲရောက်သည်။

မြန်မာစာပေလောကတွင် စာအရေးနိုင်ဆုံးစာရေးဆရာ စာရင်းတွင် တက္ကသိုလ်စိန်တင်မှာ ထိပ်ဆုံးကများဖြစ်လေမလားဟုပင် စဉ်းစားမိသည်။ ဂျာနယ်ခေတ်တွင်လည်း ဂျာနယ်မျိုးစုံတွင် စာမျိုးစုံရေးသားနိုင်သောပုဂ္ဂိုလ်ဖြစ်သည်။ သူ့စာပေသည် တစ်ပုဒ်ဖတ်၊ တစ်ပုဒ်မှတ်သားစရာပါသည်။ ဆရာတက္ကသိုလ်စိန်တင်မှာ နာမည်တစ်ခုနှင့် ကျော်ကြားသော စာရေးဆရာကြီးဖြစ်သည်။ ဆရာသည် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁၃ ရက်တွင် ကွယ်လွန်ခဲ့သည်။

သူရေးဖွဲ့သောအတ္ထုပ္ပတ္တိစာပေတို့မှာ လူငယ်များအတွက် ဇာတိမာန်တက်ဖွယ်ဖြစ်ရာ လူငယ်များ ဖတ်ရှုလေ့လာသင့်ကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

- **မြန်မာစာပေအဘိဓာန်(၂) မလိခ**
- **သက်ကြီးစာပေပညာရှင်များ ကန်တော့ခံစာအုပ်**

# ဒုက္ခသည်များကို စာနာထောက်ထားကြစေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

ကမ္ဘာ့နိုင်ငံများကို ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများဟူ၍ ယေဘုယျအားဖြင့် ခွဲခြားသတ်မှတ်ထားလေ့ရှိသည်။ ဖွံ့ဖြိုးမှုနောက်ကျသည့်နိုင်ငံများကို လေ့လာကြည့်မည်ဆိုလျှင် နိုင်ငံရေးတည်ငြိမ်မှုမရှိခြင်း၊ သဘာဝအရင်းအမြစ်ရှားပါးခြင်း၊ ရာသီဥတုဖောက်ပြန်မှုဒဏ်ခံနေရခြင်းနှင့် ပြည်တွင်းပဋိပက္ခများဖြစ်ပွားနေခြင်း စသည့် အကြောင်းအရင်းတစ်မျိုးမျိုးကို တွေ့ရတတ်ပေသည်။ အထူးသဖြင့် နိုင်ငံရေးမတည်ငြိမ်မှုနှင့် ပြည်တွင်းပဋိပက္ခများသည် အိမ်ခြေရာမဲ့များနှင့် ဒုက္ခသည်ဦးရေများ ပိုမိုမြင့်တက်လာစေလျက်ရှိသည်။

**ဒုက္ခသည်များ**

စင်စစ်အားဖြင့် ဒုက္ခသည်များသည်လည်း အခြားလူသားများကဲ့သို့ပင် ဂုဏ်သိက္ခာရှိကြသည့် သက်ရှိလူသားများပင်ဖြစ်ကြသည်။ ထိုဒုက္ခသည်များသည် အိမ်ခြေရာမဲ့မဖြစ်ခင်က ဘဝကို ပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းရှင်သန်ခဲ့ကြပြီး ၎င်းတို့၏အန္တိမရည်မှန်းချက်သည် အခြားလူသားများကဲ့သို့ ပုံမှန်ဘဝကို ပြန်လည်ရောက်ရှိရေးပင်ဖြစ်သည်။ နေရင်းဒေသများတွင် မိသားစုများနှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာဖြတ်သန်းလိုကြသည်။ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့်သာ ဒုက္ခသည်ဘဝရောက်ရှိနေကြရခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ လူဦးရေသန်း ၁၂၀ ခန့်သည် အိမ်ခြေရာမဲ့ဖြစ်နေကြရသည်။ ၎င်းတို့အနက် ၄၃ ဒသမ ၄ သန်းခန့်သည် ဒုက္ခသည်များဖြစ်နေပြီး ၄၇ သန်းခန့်သည် အသက် ၁၈ နှစ်အောက်အရွယ်များဖြစ်ကြသည်။ ထို့ကြောင့် ကမ္ဘာတစ်ဝန်း၌ လူ ၆၉ ဦးတွင် တစ်ဦးသည် ဒုက္ခသည် ဖြစ်နေသည်။ လွန်ခဲ့သောဆယ်စုနှစ်အတွင်း ဒုက္ခသည်ဦးရေ သုံးဆခန့် မြင့်တက်လာခဲ့သည်။ ထို့ပြင် နိုင်ငံမဲ့ ၁၀ သန်းခန့်သည် လွတ်လပ်စွာသွားလာခွင့်၊ ပညာသင်ယူခွင့်၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် အလုပ်လုပ်ကိုင်ခွင့်များ မရရှိကြသေးပေ။ အထူးသဖြင့် ကမ္ဘာတစ်ဝန်းတွင် ပဋိပက္ခများ၊ ညှဉ်းပန်းနှိပ်စက်မှုများကြောင့် မိနစ်တိုင်း မိနစ်တိုင်း၌ လူဦးရေ ၂၀ ခန့်သည် အိမ်ခြေရာမဲ့ဖြစ်ပေါ်လျက်ရှိကြသည်မှာ စိတ်မချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။

**ကမ္ဘာ့ဒုက္ခသည်များနေ့**

ထို့ကြောင့် ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (UNHCR)နှင့် အရပ်ဘက်အဖွဲ့အစည်းများသည် စစ်ပွဲများ၊ ပဋိပက္ခများနှင့် ဖိစီးနှိပ်စက်မှုများကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရသည့် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များနှင့် အိမ်ခြေရာမဲ့သန်းပေါင်းများစွာ၏ အခြေအနေကို ပြည်သူများသိရှိပြီး ကိုယ်ချင်းစာနာနားလည်နိုင်စေရန်အတွက် ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်ဇွန် ၂၀ ရက်နေ့တွင်"ကမ္ဘာ့ဒုက္ခသည်များနေ့" ကျင်းပပေးလျက်ရှိသည်။ ကုလသမဂ္ဂအထွေထွေညီလာခံသည် ၂၀၀၀ ပြည့်နှစ် ဒီဇင်ဘာ ၄ ရက်နေ့တွင် ဆုံးဖြတ်ချက်အမှတ် ၅၅/၇၆ ချမှတ်ခဲ့ပြီးနောက် ၂၀၀၁ ခုနှစ်မှစ၍ ကမ္ဘာ့ဒုက္ခသည်များနေ့ကို စတင်ကျင်းပသွားရန် ဆုံးဖြတ်ခဲ့သည်။ ယခုနှစ်သည် ၂၃ နှစ်မြောက်နှစ်ပတ်လည်နေ့ပင်ဖြစ်သည်။

**အကြောင်းတရားများ**

စစ်ပွဲများ၊ ပဋိပက္ခများ၊ ညှဉ်းပန်းနှိပ်စက်မှုများနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ကမ္ဘာတစ်ဝန်းတွင် ပြည်သူသန်းပေါင်းများစွာသည် အိမ်ခြေရာမဲ့ဒုက္ခသည်များဖြစ်နေကြရသည်။ အာဖဂန်နစ္စတန်နှင့် ဆီးရီးယားနိုင်ငံတို့တွင် ၆ ဒသမ ၄ သန်းကျော်စီ၊ ဗင်နီဇွဲလားနိုင်ငံတွင် ၆ ဒသမ ၁ သန်း၊ ယူကရိန်းနိုင်ငံတွင် ၆ သန်းနှင့် တောင်ဆူဒန်တွင် ၂ ဒသမ ၃ သန်းခန့်သည် အိမ်ခြေရာမဲ့ဒုက္ခသည်များဖြစ်နေကြသည်။ ထို့ပြင် အီရန်နိုင်ငံတွင် ဒုက္ခသည် ၃ ဒသမ ၈ သန်း၊ တူကီယဲနိုင်ငံတွင် ၃ ဒသမ ၃ သန်း၊ ကိုလံဘီယာတွင် ၂ ဒသမ ၉ သန်း၊ ဂျာမနီတွင် ၂ ဒသမ ၆ သန်းနှင့် ပါကစ္စတန်တွင် ၂ သန်းကိုလည်း အသီးသီးခိုလှုံခွင့်ပေးထားရသည်။ ထို့ပြင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နှစ်စဉ် ကလေးငယ် ၃၃၉၀၀၀ ဦးခန့်သည် ဒုက္ခသည်များအဖြစ် မွေးဖွားခဲ့ရသည်။

ထို့ပြင် အာဖရိက၊ ဗဟိုအာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့ရှိ ပဋိပက္ခများမှလည်း ပြည်သူသန်းပေါင်းများစွာသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေကြရသည်။ ထိုဒုက္ခသည်များအနက်မှ အနည်းငယ်သာလျှင် တတိယနိုင်ငံ၌ အခြေချနေထိုင်ရန်အတွက် အခွင့်အလမ်းရရှိကြသည်။ ကျန်ပြည်သူများသည် ဒုက္ခသည်စခန်းများ၌သာ အတိဒုက္ခရောက်နေကြရသည်။ အားလုံးဝိုင်းဝန်းညှိနှိုင်းအဖြေရှာကြမှသာလျှင် ထိုဒုက္ခသည်များအရေးသည် အတိုင်းတာတစ်ခုထိ ဖြေလျှော့နိုင်မည်ဖြစ်သည်။




ဆိုရလျှင် ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ပြည်သူထောင်ပေါင်းများစွာသည် အကြမ်းဖက်မှုအန္တရာယ်များမှ လွတ်မြောက်ရေးအတွက် ၎င်းတို့၏အိုးအိမ်များကို စွန့်ခွာပြီး ပြည်တွင်း၊ ပြည်ပတွင် ဒုက္ခသည်များအဖြစ် နေ့စဉ် ထွက်ပြေးခိုလှုံနေကြရသည်။အများစုသည် ၎င်းတို့၏မိသားစုများကို မည်သည့်အချိန်တွင် ပြန်လည်တွေ့ဆုံရမည်ကို မသိနိုင်ကြသလို ထပ်မံပြန်လည်တွေ့ဆုံခွင့် ရှိ၊ မရှိကိုလည်း အတိအကျမသိရှိဘဲ ထားခဲ့ကြရပြီး ထွက်ပြေးခိုလှုံနေကြရခြင်းဖြစ်သည်။ ထို့ပြင် ဒုက္ခသည်များသည် ပညာဆက်လက်သင်ယူခွင့်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း စွန့်လွှတ်ခဲ့ကြရသည်။ ပညာရေးသည် ဘဝတိုးတက်ပြောင်းလဲရေးအတွက် စွမ်းအားတစ်ရပ်ပင်ဖြစ်သည်။

**UNHCR ၏အခန်းကဏ္ဍ**

ကုလသမဂ္ဂဒုက္ခသည်များအေဂျင်စီ (UNHCR) သည် ဒုက္ခသည်များ၊ နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ၊ အိမ်ခြေရာမဲ့များ၊ နိုင်ငံမဲ့များ၊ နေရင်းနိုင်ငံပြန်များကို အကာအကွယ်ပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ UNHCR သည် လွန်ခဲ့သောဆယ်စုနှစ်ခြောက်ခုကျော်ကာလအတွင်း ဒုက္ခသည်သန်းပေါင်းများစွာကို စောင့်ရှောက်ကာကွယ်ပေးခြင်း၊ အမိုးအကာ၊ အရေးပေါ်အကူအညီ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ တရားဥပဒေကြောင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်မှုနှင့် ပြိုကွဲနေသောမိသားစုများ ပြန်လည်ပေါင်းစည်းရေးအတွက် ရေရှည်အဖြေများ ရှာဖွေပေးခြင်းဖြင့် ပံ့ပိုးဖြည့်ဆည်းကူညီပေးခဲ့သည်။

ဒုက္ခသည်များတွင် မိမိသဘောဆန္ဒအလျောက် ရွှေ့ပြောင်းနေထိုင်သူ၊ နိုင်ငံရေး၊ စစ်ရေးနှင့် သဘာဝဘေးအန္တရာယ်တို့ကြောင့် ဒုက္ခရောက်နေသူ စသည်ဖြင့် အကြောင်းအရာမျိုးစုံပါဝင်သည်။ ဒုက္ခသည်တိုင်းသည် သဘာဝအားဖြင့် ပြောင်းရွှေ့နေထိုင်သူတစ်ဦးဖြစ်နိုင်သော်လည်း ပြောင်းရွှေ့နေထိုင်သူတိုင်းသည် ဒုက္ခသည် မဖြစ်နိုင်ချေ။ ဒုက္ခသည်တစ်ဦးသည် အသက်ရှင်ရပ်တည်ရေးအတွက် ကြိုးပမ်းရုန်းကန်စဉ် အမြဲတမ်းနေထိုင်နိုင်မည့် နေရာကို ရှာဖွေတွေ့ရှိခဲ့လျှင် နိုင်ငံသားသစ်အဖြစ် အသိအမှတ်ပြုခံရနိုင်ပေသည်။ ထိုသို့အသိအမှတ်ပြုခံရလျှင် ခိုလှုံခွင့်ရရှိသူသို့မဟုတ် ပြန်လည်နေရာချထားခြင်းခံရသူ သို့မဟုတ် ထိုအခွင့်အရေးနှစ်မျိုးစလုံးကို ရရှိသူဖြစ်သည်။

**ခေါင်းခြောက်နေရ**

ကမ္ဘာတစ်ဝန်းတွင် ပဋိပက္ခများဆက်လက်ဖြစ်ပွားနေမည်ဆိုလျှင် ဒုက္ခသည်အရေအတွက်လည်း ဆက်လက်မြင့်တက်နေဦးမည်ဖြစ်သည်။ ဒုက္ခသည်များ၏အခြေခံလိုအပ်ချက်များသည် အသိအမှတ်ပြုလက်မှတ်၊ တရားမျှတမှုရှိသောခိုလှုံခွင့်စနစ်၊ အခြေခံကျသောဝန်ဆောင်မှုများ၊ အမိုးအကာနှင့် အစားအသောက်များရရှိရေးတို့ဖြစ်သည်။ ဒုက္ခသည်အမျိုးသမီးများနှင့် မိန်းကလေးများ၏ လိုအပ်ချက်သည် အမျိုးသားများနှင့် ယောကျ်ားလေးများ၏ လိုအပ်ချက်များနှင့် ကွဲပြားခြားနားလျက်ရှိသည်။ အကူးအပြောင်းကာလတစ်ခုတွင် အမျိုးသမီးများအတွက် အဓိကစိန်ခေါ်မှုသည် မျိုးပွားမှုကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျား၊ မ ခွဲခြားဆက်ဆံအမြတ်ထုတ်ခံရမှုများဖြစ်သည်။

လက်ရှိအချိန်တွင် ယူကရိန်းအရေးနှင့် အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ရွှေ့ပြောင်းဒုက္ခသည်များစွာသည် ဥရောပနှင့် အမေရိကဒေသသို့ စီးဆင်းဝင်ရောက်လျက်ရှိကြသည်။ နိုင်ငံ့ခေါင်းဆောင်များသည် တစ်နေ့တခြားတိုးပွားလာသော ဒုက္ခသည်များအရေးကြောင့် ခေါင်းခြောက်လျက်ရှိသည်။ အဓိကပြဿနာသည် ဒုက္ခသည်များနှင့် အိမ်ရှင်နိုင်ငံသားများကြား ယဉ်ကျေးမှုဆိုင်ရာ ထိပ်တိုက်တွေ့ခြင်း(Culture Shock) ပင်ဖြစ်သည်။ မတူညီသောအလေ့အထများကို သဟဇာတဖြစ်အောင် ပေါင်းစည်းရန်သည် လွန်စွာနူးညံ့သိမ်မွေ့လှပေသည်။ ထိုထက် ဆိုးရွားသောပြဿနာသည် ဒုက္ခသည်များနှင့်အတူ အကြမ်းဖက်သမားများပါ ရောနှောစိမ့်ဝင်လာမှုဖြစ်သည်။ ထို့ကြောင့် ဥရောပနိုင်ငံများမှ ပြည်သူများသည် ဒုက္ခသည်များလက်ခံရေးနှင့် စပ်လျဉ်း၍ အပြင်းအထန်ဆန့်ကျင်ကန့်ကွက်နေခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ဒုက္ခသည်များသည်လည်း ဂုဏ်သိက္ခာရှိကြသည့် သက်ရှိလူသားများဖြစ်ကြသဖြင့် လျစ်လျူရှုမထားဘဲ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးသင့်ပေသည်။

**အခွင့်ရေးဆုံးရှုံးလျက်ရှိ**

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း တချို့သောတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ယာယီနေရပ်စွန့်ခွာသူများရှိသလို တချို့သောဒေသများတွင် သဘာဝဘေးအန္တရာယ်သင့်ပြည်သူများရှိနေကြသည်။ လက်ရှိအချိန်တွင် CRPH ၊ NUG ၊ PDF နှင့် EAO များ၏အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ယာယီနေရပ်စွန့်ခွာသူများသည် ယာယီစခန်းများတွင် ခိုလှုံနေကြရသည်။ ယာယီနေရပ်စွန့်ခွာသည့်စခန်းများတွင် ခိုလှုံနေကြရသောကလေးငယ်များသည် ပညာသင်ကြားခွင့်ဆုံးရှုံးလျက်ရှိသဖြင့် အနာဂတ်ပျောက်ဆုံးလျက်ရှိသည်။ ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း ပြည့်စုံနိုင်မည်မဟုတ်ချေ။

**ဒုက္ခသည်များကို စာနာထောက်ထားကြစေလို**

စာရေးသူအပါအဝင် ပြည်သူအားလုံးသည် မိသားစုများနှင့်အတူ အေးချမ်းပျော်ရွှင်စွာလုပ်ကိုင်စားသောက်နေထိုင်နိုင်ကြသော်လည်း ယာယီနေရပ်စွန့်ခွာသူများသည် မျှော်လင့်ချက်ကင်းမဲ့နေကြသည်။ အထူးသဖြင့် မျိုးဆက်သစ်လူငယ်များသည် အနာဂတ်ပျောက်နေကြသည်။ စားဝတ်နေရေးနှင့် ဆေးဝါးစောင့်ရှောက်မှု၊ ပညာသင်ကြားရေးတို့အတွက် ယာယီအကူအညီများပေးထားသော်လည်း ပြည့်စုံမှုရှိနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် အပြစ်မဲ့ပြည်သူအားလုံး အေးချမ်းပျော်ရွှင်စွာ အသက်မွေးဝမ်းကျောင်းပြုနိုင်ပြီး မျိုးဆက်သစ်လူငယ်များ အကြောက်အလန့်ကင်းစွာဖြင့် ပညာသင်ယူနိုင်ရေးအတွက် လက်နက်ကိုင်သောင်းကျန်းသူများကို အမြစ်ပြတ်ချေမှုန်းနိုင်ရေးအတွက် ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုအားများများစွာ လိုအပ်လျက်ရှိသည်။

ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ ဒုက္ခသည်များအခွင့်အရေးအပြည့်အဝရရှိရေးနှင့် ဒုက္ခသည်ဦးရေ လျှော့ချနိုင်ရေးအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံ့ခေါင်းဆောင်များ၏ စာနာထောက်ထားမှုများ၊ ဖြေရှင်းကူညီမှုများ များစွာလိုအပ်နေပြီဖြစ်သည်။ အထူးသဖြင့် ဒုက္ခသည်ဦးရေလျှော့ချနိုင်ရေးအတွက် ပဋိပက္ခများ လျှော့ချနိုင်ရေး၊ ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်နိုင်ရေးနှင့် ဘေးကင်းလုံခြုံသောနေရာများ ဖန်တီးပေးခြင်းတို့ကို စီမံဆောင်ရွက်ပေးသင့်သည်။

ဆိုရလျှင် ဒုက္ခသည်များသည်လည်း သက်ရှိလူသားများပင် ဖြစ်ကြသည်။ စစ်ပွဲများနှင့် ပဋိပက္ခများကြောင့် အိုးအိမ်စွန့်ခွာပြီး ဒုက္ခသည်စခန်းများတွင် ခိုလှုံနေကြရခြင်းဖြစ်သည်။ မတတ်သာ၍ ဒုက္ခသည်ဖြစ်နေကြရသည့်ပြည်သူများကို ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ ပံ့ပိုးကူညီဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးသွားသင့်သည်။ အထူးသဖြင့် ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသောကလေးငယ်များ ဆက်လက်ပညာသင်ယူခွင့်ရရှိရေးကို အလေးထားဖြည့်ဆည်းကူညီပေးသင့်သည်။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် အပြုသဘောဆောင်စွာ ဆွေးနွေးညှိနှိုင်းအဖြေရှာသွားမည်ဆိုလျှင် အနာဂတ်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်း၌ ဒုက္ခသည်ဦးရေ တဖြည်းဖြည်းလျော့ကြလာမည်မှာ အသေအချာပင်ဖြစ်သည်။ အထူးသဖြင့် လူသားအားလုံးအနေဖြင့် ဒုက္ခသည်များအပေါ် စာနာထောက်ထားစိတ်ရှိကြစေချင်သည်။

**ကိုးကား**

–popstats.unhcr.org /refugee- statis tics/

–Global Trends | UNHCR

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၉-၆-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၁၃၄။ | ဇေတဝန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာနန္ဒကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၁၃၅။ | ဆရာတော် ဦးနန္ဒဝံသကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၁၃၆။ | ဦးဝင်းသိန်းနှင့်ဇနီး ဒေါ်ခင်မာချိုမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၁၃၇။ | ဦးဗိုလ်ဗိုလ်ကျော်နှင့်ဇနီး ဒေါ်ကဠနာအေး မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၁၃၈။ | ဒေါက်တာအောင်မြတ်စိုးနှင့်ဇနီး ဒေါ်သဇင်မြင့်အောင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၅၀၀၀၀ |
| ၉၁၃၉။ | ဒေါက်တာဇော်မင်းထွန်း၊ ကိုသိန်းဇော်၊ ကိုစစ်အောင် နှင့်ဇနီး မစောမွန်၊(သား)မောင်ကောင်းသိန္ဒ၊ မထက်ထက်အေး၊ မောင်ထွန်းထိပ်ဝင်း ညီအစ်ကိုမောင်နှမတစ်စု ကောင်းမှု | ၁၁၀၀၀၀ |
| ၉၁၄၀။ | ကွယ်လွန်သူ ဦးအေးမောင်ကြီးနှင့် ဒေါ်စီစီတို့အားရည်စူး၍ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၁၄၁။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးဆန်နီအောင်အားရည်စူး၍ ဇနီး ဒေါ်ကြူကြူရှိန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၂။ | ဦးပန်နှင့်ဇနီး ဒေါ်တင်လှ၊ (သမီး)မခိုင်စန္ဒာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၃။ | ဦးအေးဇော်နှင့်ဇနီး ဒေါ်ဝါဝါ၊ (သမီး)မရွှေရည်၊ (သား) မောင်စည်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၄။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်လှငြိမ်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၅။ | ဦးစိန်ငွေးနှင့်ဇနီး ဒေါ်ဆွေဆွေဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၆။ | ဒေါ်ခင်ခင်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၇။ | ဦးရဲထွဋ်နှင့်ဇနီး ဒေါ်တင်လေး၊ မမြတ်လေးငုံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၈။ | ဦးသန်းမောင်နှင့်ဇနီး ဒေါ်နှင်းနှင်းအေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၄၉။ | ကွယ်လွန်သူ ဦးချစ်ထွန်းအားရည်စူး၍ ဒေါ်ငွေခင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၀။ | ဦးအောင်ကိုဇင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၁။ | ကွယ်လွန်သူ မောင်အောင်အောင်(ခ)မျိုးမြင့်အောင်အား ရည်စူး၍ ဦးလှမြင့်နှင့်ဇနီး ဒေါ်မြသန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၂။ | တပ်ကြပ်ကြီးသန်းထွန်းနှင့် တပည့်များကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၁၅၃။ | ဆရာတော် ဦးကေသရိန္ဒကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၄။ | ဝိသုဒ္ဓါရာမကမ္မဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တခေမိန္ဒ ကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၅။ | ဗိုလ်မှူးခင်မောင်ထွန်းနှင့်ဇနီး ဒေါ်မီမီမွန်၊ (သား)မောင်သော်စစ်ပိုင်ထွန်း၊ မောင်သျှစ်ဝေသျှန်ထွန်း၊ မောင်ဇေကထွန်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၆။ | ဒေါ်သူဇာအောင်၊ (သား)မောင်ရှင်းသန့်အောင်၊ (သမီး)မခင်စိမ့်စိမ့်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၇။ | မောင်ဟိန်းစည်သူစံ (၁၀)နှစ်ပြည့်မွေးနေ့ကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၈။ | ဦးဇေယျာမင်းအောင်နှင့် ဦးအောင်နိုင်လင်း မိသားစု ကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၅၉။ | ကွယ်လွန်သူ ဦးကျော်ကျော်အားရည်စူး၍ ဒေါ်ခင်စီဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၆၀။ | မစုရတနာဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၁၆၁။ | ကိုဇော်မင်းနိုင်နှင့်ဇနီး မအေးအေးသွယ်၊ (သမီး)မနွေးထက်သဇင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၁၆၂။ | ဦးမြင့်စိုးနှင့်ဇနီး ဒေါ်စန်းယဉ်မိသားစုကောင်းမှု | ၆၃၀၀၀ |
| ၉၁၆၃။ | ဦးအောင်ဘိုဘိုသန့်မိသားစုကောင်းမှု | ၅၉၀၀၀ |
| ၉၁၆၄။ | ခင်ပွန်းကြီး(၁၀)ပါးနှင့် မိဘနှစ်ပါးအားအမှူးထား၍ ကိုလှိုင်ကိုမိသားစုကောင်းမှု | ၅၅၀၀၀ |
| ၉၁၆၅။ | ဦးငွေစိုးနှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၄၀၀၀ |
| ၉၁၆၆။ | ကွယ်လွန်သူ ဦးရဲနိုင်နှင့် ဒေါ်မြင့်မြင့်မှုံ(ခ)ဒေါ်ခင်မှုံတို့အား ရည်စူး၍ (သား)မောင်မင်းသူအောင်ကောင်းမှု | ၅၁၀၀၀ |
| ၉၁၆၇။ | ဒေါ်အမာကြူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၆၈။ | ကွယ်လွန်သူ ဒေါ်စန်းအားရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၁၆၉။ | ဒေါ်ခင်အေးညွန့်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၀။ | ကိုရဲသူရနှင့်ဇနီး မဇင်မာမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၁။ | ဒေါက်တာရန်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၂။ | ဦးအောင်နိုင်လင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၁၇၃။ | မနိုင်အေးဝင်းမွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၄။ | ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်အေးလင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၅။ | ကွယ်လွန်သူ ဦးဝင်းဗိုလ်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၆။ | ကွယ်လွန်သူ ဦးအောင်ထွေးမြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၇။ | ဦးဝင်းမြတ်နှင့်ဇနီး ဒေါ်ခင်မိမိလှိုင်၊(သမီး)မမြတ်ဟေမာန်ခင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၈။ | ဦးထွန်းမင်းလတ်နှင့်ဇနီး ဒေါ်အေးအေးသက်၊ (သား)မောင်ကောင်းလတ်မင်း၊ မောင်စိုးမင်းဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၇၉။ | ကွယ်လွန်သူမိခင်ကြီး ဒေါ်ခင်ကြည်အားရည်စူး၍ သား၊ သမီး၊ မြေး တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၀။ | ဦးကျော်နှင့်ဇနီး ဒေါ်စန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၁။ | ကိုညီညီနှင့်ဇနီး မဥမ္မာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးခင်မောင်ညွန့် နှင့်ဇနီး ဒေါ်ဝင်းဝင်းငွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၃။ | ဦးသောင်းမြိုင်နှင့်ဇနီး ဒေါ်သန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၄။ | ကိုအောင်ဟိန်းခန့်မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၅။ | ဦးစိုးဝင်းအောင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၆။ | ဦးဝမ်းထိုက်နှင့်ဇနီး ဒေါ်သက်မာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၇။ | ဦးမျိုးဝင်းလတ်နှင့်ဇနီး ဒေါ်သဥ္စာနွယ်၊ (သား)မောင်မျိုးသီဟ၊ မောင်လပြည့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၈။ | ဦးကျော်မင်းဆွေနှင့်ဇနီး ဒေါ်ခင်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၈၉။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ကိုမျိုးမျိုးအောင် နှင့်ဇနီး မရွှန်းလဲ့ရည်မွန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၉၀။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်သိန်းသိန်းနု မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၉၁။ | ဦးဇော်နိုင်ဦးနှင့်ဇနီး ဒေါ်စုမြတ်မင်း၊ (သား)မောင်ဘုန်းမင်းခန့်၊ မောင်ကောင်းခန့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၁၉၂။ | ဦးမော်သင်းမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆

## ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားပြီး အတိုး၊ အရင်း ပေးဆပ်ရန်ကျန်ရှိနေသော လုပ်ငန်းများအနေဖြင့် ချေးငွေများ အမြန်ဆုံးပေးဆပ်ရန် အသိပေးကြေညာ

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သောစီးပွားရေးလုပ်ငန်းများကို ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း၁%)ဖြင့် ၂၀၂၀ပြည့်နှစ်ဧပြီလမှစတင်၍ချေးငွေများထုတ်ချေးခဲ့ပါသည်။ချေးငွေသက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီးနောက် ပထမအကြိမ်ခြောက်လ၊ ဒုတိယအကြိမ်ခြောက်လနှင့် တတိယအကြိမ်တစ်နှစ်နှင့် စုစုပေါင်းသုံးနှစ်ထိ ချေးငွေသက်တမ်းများတိုးမြှင့်ဆောင်ရွက်ပေးခဲ့သည်။

ယခုအခါတွင် ချေးငွေသက်တမ်းသုံးနှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေပြန်လည်ပေးဆပ်ရန်တာဝန်ကျန်ရှိနေသည့် ကုမ္ပဏီ၊ လုပ်ငန်းများအနေဖြင့် ချေးငွေအတိုး၊ အရင်းများကို ၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက် မတိုင်မီ အမြန်ဆုံးအပြေအကျေပြန်လည်ပေးဆပ်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**







## စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

| | | | |
|---|---|---|---|
| ၁။ | Computer စာရင်းကိုင် | မ | (၃) ဦး |
| ၂။ | Driver | ကျား | (၁) ဦး |
| ၃။ | အထွေထွေ | ကျား | (၃) ဦး |

CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အဆောင်-၂၂၊ အခန်း (၂,၃)၊ မြဝတီမင်းကြီး ၂လမ်း၊ 75/ C× D ကြား၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လျှောက်ထားချိန်- 11:00 AM to 5:00 PM

09-789940696

## COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



COVID-19 ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

## အမည်ပြောင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ မဟာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-1 (နှင်းဆီခန်း)တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်မျိုးမင်း ၏သား မောင်သန့်ထွဋ်ဇေက် အား မောင်ဇွဲထွဋ်ဇေက် ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဇွဲထွဋ်ဇေက်**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊နေ မောင်သန်းဇော်မြင့် (ဘ) ဦးအေးအောင် (၅/ကနန(နိုင်)၁၀၇၉၈၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MDY-19-017846) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၆၃၉၇၉၇၀၈

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အကွက်(၂၄၀)နေ ဦးကြည်ရှင်း-ဒေါ်သန်းသန်းဦး တို့၏သား **မောင်ရဲလင်းကျော် (၉/ခအဇ(နိုင်)၀၂၈၉၆၆)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၂၀-၅-၂၀၂၄ ရက်နေ့မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးကြည်ရှင်း (၈/နမန(နိုင်)၀၀၈၃၉၇)**

**ဒေါ်သန်းသန်းဦး (၉/မနတ(နိုင်)၀၃၂၇၄၃)**

## COVID-19 ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

## COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## COVID-19 ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



## ပြည်သူများကျန်းမာစေဖို့ ဆီစားသုံးမှုလျှော့ချစို့

ဆီကို စားသုံးသင့်သည့်ပမာဏထက် ကျော်လွန်စားသုံးခြင်းနှင့် အရည်အသွေး မပြည့်မီသည့်ဆီများစားသုံးခြင်းတို့ကြောင့်-

- နှလုံးရောဂါ၊ နှလုံးသွေးကြောပိတ်ရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ လေဖြတ်ခြင်း စသည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများစွာ ခံစားရစေပါသည်။
- ထိုသို့ ဆိုးကျိုးများစွာခံစားလာရသည်နှင့်အမျှ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုများကိုပါ တွေ့ကြုံစေနိုင်သောကြောင့် ဆီစားသုံးမှုကို လျှော့ချစားသုံးသင့်ပါသည်။

- မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လို...
- ထိုသို့ ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...
- Border Trade ကို အားပေးဆောင်ရွက်သကဲ့သို့ Normal Trade များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၇/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)ကို ဝင်ရောက်လုယက်ဓားပြတိုက်သည့်အဖွဲ့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်စီးနင်းဖမ်းဆီးရာ အကြမ်းဖက်သမားတစ်ဦးကို ငွေကျပ် ၃၀၃၁ သိန်းနှင့်အတူ အသေဖမ်းဆီးရမိ




နေပြည်တော် ဇွန် ၁၉

ဇွန် ၁၉ ရက် ညနေ ၄ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)အား အကြမ်းဖက်အမျိုးသား လေးဦး(စိစစ်ဆဲ)က ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး လုယက်ဓားပြတိုက်နေကြောင်း သတင်းအရ မြို့ပေါ်ရပ်ကွက်များအတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် ပူးပေါင်းလှည့်ကင်းအဖွဲ့များဖြင့် တရားခံများဖမ်းဆီးရမိရေး အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် ပူးပေါင်းလှည့်ကင်းအဖွဲ့သည် ကမ္ဘောဇဘဏ်(၁)သို့ရောက်ရှိပြီး ဝင်ရောက်စီးနင်းဖမ်းဆီးရာ လုယက်ဓားပြတိုက်သူအကြမ်းဖက်သမား အမျိုးသားတစ်ဦးကို အသေဖမ်းဆီးရမိသည့်အပြင်

စာမျက်နှာ ၂၁ ကော်လံ ၁☆

**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်ရှိ ကမ္ဘောဇဘဏ်(၁)အား ဝင်ရောက်လုယက်ဓားပြတိုက်ခဲ့သည့်အဖွဲ့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းဖမ်းဆီးခဲ့ရာမှ သက်သေခံပစ္စည်းများ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။**

PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဝင်းနိမ္မိတာရုံကျောင်းဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ မဟာန(ငြိမ်း)ပျံလွန်တော်မူခဲ့ရပြီး ကန်သုံးဆင့်ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဂုဏိကာဘိဝံသ မဟာန(ငြိမ်း)နှင့် ယာဉ်မောင်းတို့ ထိခိုက်ဒဏ်ရာရရှိခဲ့

စာမျက်နှာ - ၂၀

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'

